# ရင်းနှီး/စီးပွားသတင်းလွှာ

# "MIFER BULLETIN"

5TH YEARS ANNIVERSARY OF MIFER

3/2023

(AUG, SEP, OCT)

# ရင်းနှီး/စီးပွားသတင်းလွှာ

## နာယကများ

| | |
|---|---|
| ဒေါက်တာကံဇော် | ပြည်ထောင်စုဝန်ကြီး |
| ဒေါက်တာဝါဝါမောင် | ဒုတိယဝန်ကြီး |

## အယ်ဒီတာချုပ်

| | |
|---|---|
| ဦးမင်းဇော်အေး | လက်ထောက်အတွင်းဝန် |

## စာတည်းအဖွဲ့

| | |
|---|---|
| ဦးစိုင်းတင်အောင်သိန်း | လက်ထောက်အတွင်းဝန် |
| ဒေါ်ခင်ထွေးသက် | ဒုတိယညွှန်ကြားရေးမှူး |
| ဦးအောင်ထက်ပိုင် | ဦးစီးအရာရှိ |
| ဒေါ်မေဝတ်ရည်ဖြိုး | ဒုတိယဦးစီးမှူး |
| ဦးအောင်ကျော်ကျော် | အငယ်တန်းစာရေး |

## မျက်နှာဖုံးနှင့် ဒီဇိုင်းအပြင်အဆင်

ဒေါ်မေဝတ်ရည်ဖြိုး

e-Government ဌာနခွဲ

လက်ထောက်အတွင်းဝန်၊ e-Government ဌာနခွဲ၊ ပြည်ထောင်စုဝန်ကြီးရုံး (၀၃၀၄၈) မှ စီစဉ်ထုတ်ဝေသည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

◊ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

◊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

◊ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

◊ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

◊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

◊ နိုင်ငံရေး

- စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
- တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
- ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

### ◊ စီးပွားရေး

- တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
- ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

### ◊ လူမှုရေး

- တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
- တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့်ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
- နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | **ကဗျာကဏ္ဍ** | |
| ၁။ | ချင်းတောင်တန်းအလှ - ရည်မွန် | ၁ |
| | **ဆောင်းပါးကဏ္ဍ** | |
| ၁။ | စိုက်မွေးမှုသည် ဖွံ့ဖြိုးဆီသို့ - သန်းဇော် (DICA) | ၂ |
| ၂။ | ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ ကုန်ထုတ်စွမ်းအား မြင့်မားရေးအတွက် ဖော်ဆောင်မှု - ဦးမျိုး (ရန်ကုန်) | ၄ |
| ၃။ | အင်ဒို-ပစိဖိတ် ဒေသတွင်း အားပြိုင်မှုများကြောင့် မြန်မာနိုင်ငံအပေါ် စီးပွားရေး အရ သက်ရောက်မှုများ - ဒေါက်တာပင်လုံအေး | ၆ |
| ၄။ | အွန်လိုင်းစနစ်ဖြင့် ရောင်းချသူများအနေဖြင့် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့မှ စတင်ပြီး (Online Sales) မှတ်ပုံတင်လျှောက်ထားနိုင် - DOCA (ရန်ကုန်) | ၉ |
| ၅။ | မော်လမြိုင်မှ ထုတ်လုပ်သည့် အထည်ချုပ် (ခေါ်) အောင်မြင်နေသည့် အသေးစား လုပ်ငန်း - ခင်ကြည် (မွန်ပြည်နယ်) | ၁၀ |
| ၆။ | စားသုံးဆီထုတ်လုပ်ငန်းများအတွက် အသုံးချသင့်သော HACCP စနစ် - အိအိချော (CTQM) | ၁၂ |
| ၇။ | ဘက်စုံဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကုန်သွယ်မှု လျင်မြန်ချောမွေ့ခြင်း ဆီသို့ - ငြိမ်းဝေနှင်း (စားသုံး) | ၁၄ |
| ၈။ | “မြန်မာ့ဒီဂျစ်တယ် စီးပွားရေးတိုးတက်ဖို့ E-ComReg တွင် မှတ်ပုံတင်၍ အွန်လိုင်း လုပ်ငန်းများ ဆောင်ရွက် ကြပါစို့”-ဝင်းပပသူ(ကုန်သွယ်/ဦးစီး၊နည်းပညာ) | ၁၆ |
| ၉။ | ယှဉ်ပြိုင်မှုဥပဒေအကြောင်း သိကောင်းစရာများ - သုတအောင် | ၂၀ |
| ၁၀။ | ကမ္ဘာ့စားနပ်ရိက္ခာအတွက်မြန်မာ့လယ်ယာထွက်ကုန်များတင်ပို့မှု - မျိုးသူ(ကုန်သွယ်မြှင့်) | ၂၄ |

| MIFER သတင်းကဏ္ဍ | | |
|---|---|---|
| ၁။ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး သည် ရုရှားဖက်ဒရေးရှင်း နိုင်ငံ၊ ဗလာဒီဗော့စတော့ခ်မြို့၌ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့မှ ၁၃ ရက်နေ့အထိ ကျင်းပသည့် အရှေ့မအကြိမ်မြောက်အရှေ့ဖျား စီးပွားရေး ဖိုရမ်သို့ တက်ရောက်ခြင်း | ၂၈ |
| ၂။ | ပြည်ထောင်စုဝန်ကြီးသည် 2023 GMS Economic Corridor Governors Forum ဒုတိယနေ့ GMS Project Roadshow အစီအစဉ်များ၊ Lancang – Mekong Fruit Festival၊ Lancang Border Economic Cooperation Zone နှင့် Dehong Pilot Free Trade Zone တို့၏ရင်းနှီးမြှုပ်နှံမှုမြင့်တင်ရေး ဖိတ်ခေါ်ရှင်းလင်းမှု အခမ်းအနားများသို့ တက်ရောက်ခြင်း | ၂၉ |
| ၃။ | (၇) ကြိမ်မြောက် တရုတ်- တောင်အာရှကုန်စည်ပြပွဲနှင့် (၂၇) ကြိမ်မြောက် တရုတ် (ကူမင်း)ပို့ကုန်/သွင်းကုန် ကုန်စည်ပြပွဲနှင့် ဆက်စပ်အခမ်းအနားများသို့ တက်ရောက်၊ ဝွမ်ဒူးလွတ်လပ်သောရှေ့ပြေးဇုန် (Free Trade Pilot Zone) သို့ ပြည်ထောင်စုဝန်ကြီး နှင့် အဖွဲ့ဝင်များ သွားရောက်လေ့လာခြင်း | ၃၁ |
| ၄။ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား “မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေမည့် စီမံချက်များ(Quick Impact Projects QIP)” အကောင်အထည်ဖော်ဆောင်ရွက်ရန်နားလည်မှု စာချွန်လွှာများ (MoU) လက်မှတ် ရေးထိုးပွဲ အခမ်းအနား ကျင်းပခြင်း | ၃၂ |
| ၅။ | (၂၃) ကြိမ်မြောက် တရုတ်အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်စည်ပြပွဲသို့ ပါဝင်တက်ရောက်နိုင်ရေးနှင့်စပ်လျဉ်းသည့် အစည်းအဝေးကျင်းပခြင်း | ၃၃ |
| ၆။ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး သည်ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အသင်းဥက္ကဋ္ဌ ဦးဆောင် သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံခြင်း | ၃၃ |
| ၇။ | မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၃/ ၂၀၂၃) ကြိမ်မြောက် အစည်းအဝေးက ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အမျိုးအစား လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်း အပါ အဝင်လုပ်ငန်းသစ် ၆ ခုကိုခွင့်ပြုပေးခြင်း | ၃၄ |
| ၈။ | ပြည်ထောင်စုဝန်ကြီးသည်ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ အခြေစိုက်ကုလသမဂ္ဂစီမံကိန်း ဝန်ဆောင်မှုရုံး (UNOPS) ၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး (Regional Director) ဖြစ်သူနှင့်အဖွဲ့အား လက်ခံတွေ့ဆုံခြင်း | ၃၅ |

| | | |
|---|---|---|
| ၉။ | ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး သည် ရုရှားဖက်ဒရေးရှင်း နိုင်ငံ၊ မော်စကိုမြို့အခြေစိုက် Universa Global ကုမ္ပဏီ တည်ထောင်သူနှင့် စီမံခန့်ခွဲရေးမိတ်ဖက်ဖြစ်သူ ဦးဆောင်သည့် ကိုယ်စားလှယ် အဖွဲ့အား လက်ခံတွေ့ဆုံခြင်း | ၃၅ |
| ၁၀။ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခြင်း | ၃၆ |
| ၁၁။ | အဌမအကြိမ်မြောက်အရှေ့ဖျား စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် မြန်မာကိုယ်စား လှယ်အဖွဲ့ ရုရှား ဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာခြင်း | ၃၆ |
| ၁၂။ | ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပခြင်း | ၃၇ |
| ၁၃။ | လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk) အမှတ်စဉ် (၂၄) "အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာကိစ္စရပ်များ" နိုင်ငံခြား စီးပွားဆက်သွယ်ရေးဦးစီး ဌာန၏ အခန်းကဏ္ဍ ကျင်းပခြင်း | ၃၈ |
| ၁၄။ | လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk ) အမှတ်စဉ် (၂၅) "ကော်ပိုရိတ်စီမံအုပ်ချုပ်မှု (Corporate Governance) နှင့် သီးခြား လွတ်လပ်သည့် ဒါရိုက်တာများ(Independent Directors)၏ အရည်အသွေးမြှင့်တင်ခြင်း " ခေါင်းစဉ် ဖြင့် ဆွေးနွေးပွဲ ကျင်းပခြင်း | ၃၉ |
| ၁၅။ | လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk) အမှတ်စဉ် (၂၇) "အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့၌ ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများအတွက် ကျင်းပပြုလုပ် သည့် ပထမအကြိမ် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ပေးရေး အစီအစဉ်သို့ တက်ရောက်ခဲ့သည့် အတွေ့အကြုံများ မျှဝေခြင်း" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ ကျင်းပခြင်း | ၄၀ |
| ၁၆။ | ဝန်ကြီးဌာနတွင်းဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းအမှတ်စဉ် (၃/၂၀၂၃) သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပခြင်း | ၄၁ |

| | | |
|---|---|---|
| ၁၇။ | လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk) အမှတ်စဉ် (၂၈) “တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုင်ရာ ဆောင်ရွက်ချက်များအားအသိပညာ မျှဝေဆွေးနွေးခြင်း ” ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ ကျင်းပခြင်း | ၄၂ |
| ၁၈။ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ဝန်ကြီးဌာနတွင်း သတင်းရေးသားနည်းနှင့် ဓာတ်ပုံရိုက်ကူးရေး သင်တန်းဖွင့်လှစ်ခြင်း အခမ်းအနား ကျင်းပခြင်း | ၄၃ |
| ၁၉။ | လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme(KSP) သောကြာနေ့စကားဝိုင်း(Friday Talk ) အမှတ်စဉ်(၃၀) “နှစ်နိုင်ငံနှင့်အပြည်ပြည်ဆိုင်ရာ စီးပွားရေးပူးပေါင်း ဆောင်ရွက်ရေး သဘောတူ ညီချက်များအတွက် ညှိနှိုင်းရေးဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ရေးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့မှုကို ပြန်လည် မျှဝေခြင်း” ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ ကျင်းပခြင်း | ၄၄ |
| ၂၀။ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ဝန်ကြီးဌာနတွင်း သတင်းရေးသားနည်းနှင့် ဓာတ်ပုံရိုက်ကူးရေး သင်တန်းဆင်းပွဲ အခမ်းအနား ကျင်းပခြင်း | ၄၅ |
| ၂၁။ | လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk) အမှတ်စဉ် (၃၂) “ကိုးရီးယားသမ္မတနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို လေ့လာခြင်း” ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ ကျင်းပခြင်း | ၄၆ |
| ၂၂။ | လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk) အမှတ်စဉ် (၃၄) “အခြေခံအဆောက်အအုံကဏ္ဍရင်းနှီးမြှုပ်နှံမှု” ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ ကျင်းပခြင်း | ၄၇ |
| ၂၃။ | လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့စကားဝိုင်း (Friday Talk) အမှတ်စဉ် (၃၅) “ အသိပညာမျှဝေခြင်း၏ အရေးပါပုံနှင့် အသိပညာမျှဝေသည့် အလေ့အထအပေါ် လွှမ်းမိုးသည့်အချက်များအား လေ့လာဆန်းစစ်ခြင်း” ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ ကျင်းပခြင်း | ၄၈ |
| ၂၄။ | အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာအဆင့်မြင့် လုပ်ငန်းအဖွဲ့၏ (၁၁) ကြိမ်မြောက်အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခြင်း | ၄၉ |

| | | |
|---|---|---|
| ၂၅။ | အာဆီယံစီးပွားရေး အသိုက်အဝန်းအနေဖြင့် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် - ၂၀၄၅ မဟာဗျူဟာ စီမံကိန်း (Strategic Plan) ရေးဆွဲရေးတွင် ထည့်သွင်းမည့် ဦးစားပေးလုပ်ငန်းများနှင့် မြန်မာနိုင်ငံ၏ ဆောင်ရွက်မှုများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပခြင်း | ၅၀ |
| ၂၆။ | အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသ (ACFTA) သဘောတူညီချက်၏ ပင်ရင်းဒေသစည်းမျဉ်းများ အကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်းသည့်စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာဆွေးနွေးပွဲ ကျင်းပခြင်း | ၅၁ |
| ၂၇။ | လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk) အမှတ်စဉ် (၂၆) “Employee Engagement ၏ အခန်းကဏ္ဍနှင့် ၎င်းအပေါ် အကျိုးသက်ရောက်စေသည့် အချက်များ ” ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ ကျင်းပခြင်း | ၅၂ |
| ၂၈။ | လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk) အမှတ်စဉ် (၂၉) “စွန့်ဦးတီထွင်သူများ (Entrepreneurs) ကို လေ့လာခြင်း” ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ ကျင်းပခြင်း | ၅၃ |
| **DICA သတင်းကဏ္ဍ** | | |
| ၁။ | လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP)သောကြာနေ့ စကားဝိုင်း (Friday Talk) အမှတ်စဉ်(၃၁) “လျှပ်စစ်သုံး မော်တော်ယာဉ် (Electric Vehicle-EV) အကြောင်း လေ့လာခြင်း” ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ ကျင်းပခြင်း | ၅၅ |
| ၂။ | ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၏ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ဆွေးနွေးပွဲ အခမ်းအနား ကျင်းပခြင်း | ၅၆ |
| ၃။ | (၂၃) ကြိမ်မြောက် အာဆီယံ စီးပွားရေးအသိုက်အဝန်း ကောင်စီဝန်ကြီးများ အစည်းအဝေး ကြိုတင်ပြင်ဆင်သည့် အဆင့်မြင့်အရာရှိများ အစည်းအဝေး၊ အာဆီယံ ရင်းနှီးမြှုပ်နှံမှုဖိုရမ်၊ ၂၀၂၃ ခုနှစ် အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီး အစည်းအဝေးများသို့ တက်ရောက်ခြင်း | ၅၇ |
| ၄။ | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်၊ ကော့သောင်းနှင့် မြိတ်ခရိုင်တို့ရှိ လုပ်ငန်းရှင်များအားတွေ့ဆုံ၍ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီရေးရာ ကိစ္စရပ်များကိုအားပေးခြင်း | ၅၈ |

| | | |
|---|---|---|
| ၅။ | (၂၀) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲ၊ ယင်း၏ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲနှင့် အခြားဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခြင်း | ၅၉ |
| ၆။ | နေပြည်တော်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ဆန်စပါးကြိတ်ခွဲထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းသို့ ကွင်းဆင်းဝန်ဆောင်မှုပေးခြင်း | ၆၀ |
| ၇။ | နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အဆင်ပြေမွေ့စေရေးသွားရောက်ကြည့်ရှုအားပေးကာလိုအပ်သည်များ ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ပေးခြင်း | ၆၁ |
| ၈။ | နေပြည်တော်ကောင်စီရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၃/၂၀၂၃) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း | ၆၁ |
| ၉။ | နေပြည်တော်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က တွေ့ဆုံဝန်ဆောင်မှုပေးခြင်း | ၆၁ |
| ၁၀။ | ကချင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၃/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း | ၆၂ |
| ၁၁။ | ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၃/၂၀၂၃)ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း | ၆၂ |
| ၁၂။ | ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေး အဖွဲ့က တွေ့ဆုံဝန်ဆောင်မှုပေးခြင်း | ၆၂ |
| ၁၃။ | ကရင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၃/၂၀၂၃) ကြိမ်မြောက်အစည်းအဝေးကျင်းပခြင်း | ၆၃ |
| ၁၄။ | ကရင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၃) ကြိမ်မြောက်အစည်းအဝေးကျင်းပခြင်း | ၆၃ |
| ၁၅။ | တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၅/၂၀၂၃) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း | ၆၃ |
| ၁၆။ | မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွန်ကရစ်ကျောက်တိုင် ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းသို့ ကွင်းဆင်းစစ်ဆေးခြင်း | ၆၄ |

| | | |
|---|---|---|
| ၁၇။ | မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၈/၂၀၂၃) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း | ၆၄ |
| ၁၈။ | မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းသို့ ကွင်းဆင်း စစ်ဆေးခြင်း | ၆၄ |
| ၁၉။ | မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၉/၂၀၂၃) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း | ၆၄ |
| ၂၀။ | မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းသို့ ကွင်းဆင်း စစ်ဆေးခြင်း | ၆၅ |
| ၂၁။ | မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁၀/၂၀၂၃) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း | ၆၅ |
| ၂၂။ | မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်မှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်း စစ်ဆေးခြင်း | ၆၅ |
| ၂၃။ | မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်မှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့မှ ကွင်းဆင်း စစ်ဆေးခြင်း | ၆၅ |
| ၂၄။ | ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်မှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်းသို့ ကွင်းဆင်းစစ်ဆေးခြင်း | ၆၆ |
| ၂၅။ | ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၂/၂၀၂၃) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း | ၆၆ |
| ၂၆။ | ရခိုင်ပြည်နယ် စီးပွားရေးဖိုရမ် ၂၀၂၃ ကျင်းပခြင်း | ၆၇ |
| ၂၇။ | ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ငါး၊ ပုစွန်ပြုပြင် ထုတ်လုပ်ခြင်း လုပ်ငန်းသို့ ကွင်းဆင်းဝန်ဆောင်မှုပေးခြင်း | ၆၈ |
| ၂၈။ | ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့၏ အဝတ်အထည် အမျိုးမျိုးချုပ်လုပ်ခြင်း လုပ်ငန်းသို့ ကွင်းဆင်း ကြည့်ရှုအားပေးခြင်း | ၆၈ |
| ၂၉။ | ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ စက်ရုံများသို့ ကွင်းဆင်းကြည့်ရှု အားပေးခြင်း | ၆၈ |
| ၃၀။ | ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၈/၂၀၂၃) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း | ၆၉ |

| | | |
|---|---|---|
| ၃၁။ | ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ အိတ်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်းသို့ ကွင်းဆင်းကြည့်ရှုအားပေးခြင်း | ၆၉ |
| ၃၂။ | ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ စက်ရုံများသို့ ကွင်းဆင်း ကြည့်ရှု အားပေးခြင်း | ၇၀ |
| ၃၃။ | ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ Virgin Remy Double Drawn Hair & Wigs ထုတ်လုပ်ခြင်း လုပ်ငန်းသို့ ကွင်းဆင်းကြည့်ရှု အားပေးခြင်း | ၇၀ |
| ၃၄။ | ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ အဝတ်အထည် အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်းသို့ ကွင်းဆင်း ကြည့်ရှု အားပေးခြင်း | ၇၀ |
| ၃၅။ | ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၉/၂၀၂၃) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း | ၇၀ |
| ၃၆။ | ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ လျှပ်စစ် ဝါယာကြိုးအမျိုးမျိုးထုတ်လုပ်ခြင်း လုပ်ငန်းသို့ ကွင်းဆင်း စစ်ဆေးခြင်း | ၇၁ |
| ၃၇။ | ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ အဝတ်အထည် အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်းသို့ ကွင်းဆင်း ကြည့်ရှု အားပေးခြင်း | ၇၁ |
| ၃၈။ | ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၁၀/၂၀၂၃) ကြိမ်မြောက် အစည်း အဝေးကျင်းပခြင်း | ၇၁ |
| ၃၉။ | ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ဆန်ကြာဆံ အမျိုးမျိုးနှင့် ဆန်မှုန့်ကဲ့သို့ ဆန်ထွက်ပစ္စည်းများ ထုတ်လုပ်ခြင်း လုပ်ငန်းသို့ ကွင်းဆင်း စစ်ဆေးခြင်း | ၇၂ |
| ၄၀။ | ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၃) ကြိမ်မြောက် အစည်း အဝေး ပြုလုပ်ခြင်း | ၇၂ |
| ၄၁။ | ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ၏ ဆန်၊ ပြောင်း၊ ပဲအမျိုးမျိုး ကြိတ်ခွဲထုတ်လုပ်တင်ပို့ ရောင်းချခြင်းလုပ်ငန်းသို့ ကွင်းဆင်း စစ်ဆေးခြင်း | ၇၂ |
| ၄၂။ | ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ခဲသတ္တု ထုတ်လုပ် သန့်စင်ခြင်း လုပ်ငန်းသို့ ကွင်းဆင်းစစ်ဆေးခြင်း | ၇၃ |

| | | |
|---|---|---|
| ၄၃။ | ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကြီးကြပ်ရေးအဖွဲ့၏ ပဲကြိုတ်ခွဲခြင်းလုပ်ငန်းသို့ ကွင်းဆင်းစစ်ဆေးခြင်း | ၇၃ |
| ၄၄။ | ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကြီးကြပ်ရေးအဖွဲ့၏ စက်အုတ်ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းသို့ ကွင်းဆင်းစစ်ဆေးခြင်း | ၇၃ |
| ၄၅။ | ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၇/၂၀၂၃) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း | ၇၃ |
| ၄၆။ | ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကြီးကြပ်ရေးအဖွဲ့၏ ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်းများသို့ ကွင်းဆင်း စစ်ဆေးခြင်း | ၇၄ |
| | **FERD သတင်းကဏ္ဍ** | |
| ၁။ | အမေက်အရှေ့အနောက်စီးပွားရေးစင်္ကြန်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအဖွဲ့၏ ၂၀၂၃ ခုနှစ် အတွက် ပထမအကြိမ် အစည်းအဝေးနှင့် မဲခေါင်-ဂျပန် စီးပွားရေးဆွေးနွေးပွဲ ကျင်းပခြင်း | ၇၅ |
| ၂။ | အာဆီယံကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ်အဆင့်မြှင့်တင်ခြင်းဆိုင်ရာညှိနှိုင်း အစည်းအဝေးကျင်းပခြင်း | ၇၆ |
| ၃။ | အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှု သဘောတူ စာချုပ် (၃.၀) အဆင့်မြှင့်တင်ခြင်းဆိုင်ရာ အထူးပူးတွဲ ကော်မတီ၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း | ၇၆ |
| ၄။ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ယူစီမြို့၌ (၂၁) ကြိမ်မြောက် အရှေ့အာရှဖိုရမ်ကျင်းပခြင်း | ၇၇ |
| ၅။ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ရန်ကုန်မြို့ရှိ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံရုံး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးသံမှူး ဦးဆောင်သည့် ကိုယ်စားလှယ် အဖွဲ့တွေ့ဆုံဆွေးနွေးခြင်း | ၇၈ |
| ၆။ | ပဥ္စမအကြိမ်မြောက် အာဆီယံ-ကနေဒါ လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ် ကုန်သွယ်မှုညှိနှိုင်းရေး ကော်မတီအစည်းအဝေးကျင်းပခြင်း | ၇၈ |

| | | |
|---|---|---|
| ၇။ | ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဗဟိုဌာနကွန်ရက် (Global Development Promotion Center Network) ၏ ဒုတိယအကြိမ် ညွှန်ကြားရေးမှူးချုပ်အဆင့် စကားဝိုင်းဆွေးနွေးပွဲ ကျင်းပခြင်း | ၇၉ |
| ၈။ | (၂၃) ကြိမ်မြောက် တရုတ်အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်စည်ပြပွဲသို့ တက်ရောက်ခြင်း | ၇၉ |
| ၉။ | အာဆီယံပေါင်းစပ်ဆက်သွယ်မှု မဟာစီမံကိန်း ၂၀၂၅ ဒုတိယအကြိမ်အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း | ၈၀ |
| ၁၀။ | (၆) ကြိမ်မြောက် အာဆီယံ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် အဆင့်မြှင့်တင်ခြင်းဆိုင်ရာ ကုန်သွယ်မှု ညှိနှိုင်းရေးကော်မတီ အစည်းအဝေး ကျင်းပခြင်း | ၈၀ |
| ၁၁။ | ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ကုန်စည်ကုန်သွယ်ရေး ကော်မတီ ၏ ပထမအကြိမ် အစည်း အဝေးကျင်းပ | ၈၁ |
| | **ပြည်တွင်း/ပြည်ပစီးပွားရေးသတင်းကဏ္ဍ** | |
| ၁။ | ဒီဂျစ်တယ်နည်းပညာဖြင့် အသွင်ကူးပြောင်းဆောင်ရွက်နိုင်ရေး အာဆီယံနိုင်ငံများရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကိုပံ့ပိုးပေးရန်အရေးပါမှု | ၈၂ |

# ကဗျာ

# ချင်းတောင်တန်းအလှ



ချင်းတို့ဌာနေ၊ အမိမြေဝယ်
စိမ်းလန်းတောတောင်၊ ထင်းရှူးပင်နှင့်
ကွေ့ကောက်လမ်းတို့၊ စီခြယ်သ၏။
ချင်းတို့ဌာနေ၊ အမိမြေဝယ်
မိုးတွင်းဝသန်၊ချိန်ခါတွင်မူ
တောင်တန်းတစ်ခွင်၊ မိုးစက်ဖြူတို့
မြင်ရသူဖို့၊ စိတ်ကိုလန်းဆန်း
အတွေးနယ်ဝယ်၊ ငယ်ဘဝဆီသို့
ခေါ်ဆောင်သွားလျက်၊ ပျော်ရွှင်ပီတိ
ထပ်ဆောင်းခံစားကြည်နူးစေ၏။

ချင်းတို့ဌာနေ၊အမိမြေဝယ်
မိုးရွာသွန်းချိန်၊ ကြိမ်ဖန်များစွာ
ထိုအခြေအနေကို၊မသိသူဖို့
မိုးနှင့်ဆောင်းသာ၊ရှိသလောဟု
ထင်မှတ်နိုင်ပေ၊ယူဆနိုင်၏။

ချင်းတို့ဌာနေ၊အမိမြေဝယ်
မိုးကသွန်းဖြိုး၊အေးလည်းအေးစက်
သို့ပေမယ့်လည်း
လမ်းမထက်ဝယ်၊လူကမပြတ်
စည်ကားစွာပင်၊တွေ့မြင်နိုင်၏။
ချင်းတို့ဌာနေ၊အမိမြေဝယ်
ထူးဆန်းထွေလာ၊ ပေါ်များကြွယ်ဝ
ထိုမျှအပြင်၊ ကျေးငှက်ပန်းမန်
ပေါင်းကာစုံလျက် အလှသြောင်း၏။

တိမ်ပြိုပြီးလျှင်၊ မြို့တစ်ခွင်လုံး
မြူတွေဆိုင်းလို့၊လမ်းမမြင်နိုင်
ဖြစ်တတ်သည်မှာ
ဇလပ်မြေ၏ ထူးခြားချက်ပင်။
အလုပ်ခွင်မှ၊စိတ်ဖိစီးမှုတို့
တောင်တန်းထက်က၊ ဖြူလွလွနှင့်
အေးမြတဲ့လေက
ကူညီလျှော့ချကုသပေး၏။

ချင်းတို့ဌာနေ၊အမိမြေဝယ်
အောက်တိုလလယ်၊ထိုချိန်ခါတွင်
ဆောင်းရသကို ခံစားပြုနိုင်ပါ၏။
ချင်းတို့ဌာနေ၊အမိမြေဝယ်
ချမ်းအေးတဲ့ရာသီ
နွေးထွေးတဲ့နှလုံးသား
ထိုအရာတို့၊ကာရံညီစွာ
တွေ့မြင်နိုင်၏။

ချင်းတို့ဌာနေ၊အမိမြေဝယ်
ဇလပ်ပန်းတို့၊ ဖူးပွင့်ချိန်ခါ
လှမ်းခဲ့အမှီ၊ ခေါင်ရည်တစ်ကျိုက်နှင့်
ဆီးကာကြိုလို့
တောင်ဝိတိုရိယ၊ရိဒ်ရေကန်နှင့်
ဘုံတလန်တို့က၊ စောင့်လို့နေ၏။

ရည်မွန်

# ဆောင်းပါးကဏ္ဍ

# စိုက်မွေးမှသည် ဖွံ့ဖြိုးဆီသို့

၁။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍသည် မြန်မာနိုင်ငံ၏ အဓိက အသက်သွေးကြောကဏ္ဍအဖြစ် နှစ်ပေါင်းများစွာ ရပ်တည်ခဲ့ပါသည်။ သို့ရာတွင်ကမ္ဘာ့ဘဏ်၏စာရင်းများအရ မြန်မာနိုင်ငံ၏ စုစုပေါင်း GDP (ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး) တွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ၏ပါဝင်မှုမှ ၂၀၁၂ ခုနှစ်တွင် ၃၅%၊ ၂၀၁၄ ခုနှစ်တွင် ၃၀%၊ ၂၀၁၈ ခုနှစ်တွင် ၂၃% စသည်ဖြင့် တဖြည်းဖြည်းကျဆင်းလာခဲ့ရာ ၂၀၂၃ ခုနှစ်တွင် ၂၀.၃% သာ ပါဝင်သည်ကိုတွေ့ရှိပါသည်။ ထို့အတူကမ္ဘာ့ဘဏ်၏ စာရင်းများအရ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင် လုပ်ကိုင်နေသော လုပ်သားရာခိုင်နှုန်းသည်လုပ်သားစွမ်းအားစုစုပေါင်း၏ ၂၀၁၀ ခုနှစ်တွင် ၅၃ % ရှိခဲ့ရာမှ၊ ၂၀၁၆ ခုနှစ်တွင် ၅၁%၊ ၂၀၁၈ ခုနှစ်တွင် ၄၉%၊ ၂၀၂၀ ခုနှစ် တွင် ၄၆% သို့ တဖြည်းဖြည်း ကျဆင်းလာခဲ့ကြောင်း တွေ့ရှိရပါသည်။

၂။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတက်/ အကျသည် GDP နှင့် လုပ်သားစွမ်းအားတွင် ပါဝင်မှုနှုန်း ကျဆင်းမှုဖြစ်စေကာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော အောက်ဖော်ပြပါ အချက်များကို ကြီးမားစွာ သက်ရောက်မှုဖြစ်စေပါသည်-

- (က) စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊
- (ခ) စားနပ်ရိက္ခာလုံလောက်မှု၊
- (ဂ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှု၊
- (ဃ) ကျေးလက်မှ မြို့ပြသို့ ပြောင်းရွှေ့နေထိုင်မှု၊
- (င) ပြည်ပသို့ လယ်ယာသားငါး အခြေခံပစ္စည်း တင်ပို့နိုင်မှု၊
- (စ) ဆင်းရဲမွဲတေမှုလျှော့ချနိုင်မှု၊
- (ဆ) သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့နိုင်မှု၊
- (ဇ) ရာသီဥတုပြောင်းလဲမှုကို ခံနိုင်ရည်ရှိမှု၊
- (ဈ) ရင်းနှီးမြှုပ်နှံမှု။

၃။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံအနေဖြင့်အောက်ဖော်ပြပါ ယေဘုယျအားသာချက်များ ပိုင်ဆိုင်သည်ကို တွေ့ရှိရပါသည်-

- (က) စိုက်ပျိုးရခြင်း မရှိသည့် မြေလွတ် မြေရိုင်းများများစွာကျန်ရှိနေသေးခြင်း၊
- (ခ) ရေအရင်းမြစ်ကောင်းမွန်ခြင်း၊
- (ဂ) ရာသီဥတု မျှတခြင်း၊
- (ဃ) ရာသီစုံ နေရာစုံတွင် အမျိုးစုံလင်သောသစ်သီးဝလံများ စိုက်ပျိုးနိုင်ခြင်းနှင့် သားငါးမျိုးစိတ်ပေါင်း များစွာကိုလည်း မွေးမြူနိုင်ခြင်း၊
- (င) ပြည်ပသို့ တင်ပို့နိုင်သည့် အခွင့်အလမ်းများစွာရှိခြင်း၊
- (စ) စိုက်ပျိုး မွေးမြူရေးနှင့်ဆက်စပ်၍ သိုလှောင်ရုံ၊ သယ်ယူ ပို့ဆောင်ရေး၊ ဝန်ဆောင်မှုအမျိုးမျိုး၊ ရေပေးဝေခြင်း ကဲ့သို့သော အခြေခံ အဆောက်အအုံပိုင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်ခြင်း၊
- (ဆ) စိုက်ပျိုး မွေးမြူရေး နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်နိုင်ခြင်း၊
- (ဇ) အစိုးရကအားပေးမြှင့်တင်သည့်ကဏ္ဍဖြစ်ခြင်း။


၄။ ထို့ကြောင့် အထက်ဖော်ပြပါ ယေဘုယျအားသာချက်များကို အခြေခံအသုံးချကာ မြန်မာနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အစီအမံများ၊ မူဝါဒများ ချမှတ်ဆောင်ရွက်နိုင်ပါက စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍမှတစ်ဆင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူဖြစ်စေမည်ဖြစ်ပါသည်။

၅။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရဦးစားပေးမြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍသတ်မှတ်ခြင်းကို ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် အမိန့် ကြော်ငြာစာအမှတ် (၁၃/၂၀၁၇) ဖြင့် ထုတ်ပြန်ကြေညာခဲ့ရာ စိုက်ပျိုးရေးနှင့်မွေးမြူရေး ကဏ္ဍများသည်လည်း အဆိုပါဦးစားပေးမြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် ပါဝင်ခဲ့ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက်တွင်လည်း စီးပွားရေးဦးတည်ချက်များ ထုတ်ပြန်ခဲ့ရာတွင် **“တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီးအခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး”** ဟူသည့် အချက်တစ်ချက်အနေဖြင့် ထည့်သွင်း၍ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍများကို ဦးစားပေးမြှင့်တင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

၆။ မြန်မာနိုင်ငံတွင် စုစုပေါင်းမြေဧက ၁၆၇ သန်းရှိရာ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်၌လက်ရှိစိုက်ပျိုးမွေးမြူရေးမြေဧက ၃၀.၉၅ သန်း အနက် အသားတင် စိုက်ပျိုးမွေးမြူထားသည့်မြေသည် ဧကပေါင်း ၂၉.၇ သန်းသာရှိပါသည်။ မြေဧက ၃၆.၆၄ သန်း သည် စိုက်ပျိုးမွေးမြူခြင်း မပြုနိုင်သောမြေဖြစ်ပြီး လှပ်ထားသည့်မြေဧက ၁.၂၃ သန်းနှင့် ကြိုးဝိုင်း/ ကြိုးပင်ကာကွယ်တော၊ တောရိုင်း၊ မြေရိုင်းတို့မှာ စုစုပေါင်း ဧက ၉၉.၅၉ သန်း ရှိပါသည်။ ထို့ကြောင့် နိုင်ငံ၏ စုစုပေါင်းမြေဧကတွင် လက်ရှိ စိုက်ပျိုးမွေးမြူရေး မြေဧက

သည် ၁၇.၈ % သာကိုယ်စားပြုသည်ကိုတွေ့ရှိရပါသည်။ အခြားမြေအသုံးပြုမှုများ၏ ရာခိုင်နှုန်းကိုယ်စားပြုမှုကို ပုံ (၁) ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ (၁) မြန်မာနိုင်ငံရှိ စိုက်ပျိုးမွေးမြူရေးမြေများနှင့် မြေအသုံးပြုမှုအခြေအနေ





အရင်းအမြစ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

၇။ မြန်မာနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် တစ်ပိုင်တစ်နိုင်စိုက်ပျိုးထုတ်လုပ်သူများ၊ မိရိုးဖလာ စိုက်ပျိုး ထုတ်လုပ်သူများသာ များပြားပါသည်။ လုပ်ငန်းအားဖြင့် ကျယ်ပြန့်၍ မတည်ငွေရင်းကြီးမားသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဆောင်ရွက်သူများရှိသော်လည်း ကုမ္ပဏီ တည်ထောင်၍ ကော်ပိုရိတ်စီမံခန့်ခွဲမှုဖြင့် ဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ အတည်ပြုမိန့်/ ခွင့်ပြုမိန့်ရယူ၍ ဆောင်ရွက်ခြင်းများနည်းပါးသေးသည်ကို တွေ့ရှိရပါသည်။

၈။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က စိုက်ပျိုးရေးကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အနေဖြင့် (၂၀၂၃ ခုနှစ်၊ စက်တင်ဘာလအထိ) နိုင်ငံနှင့် ဒေသပေါင်း ၁၃ ခုမှ လုပ်ငန်းပေါင်း ၄၄ ခုကို ခွင့်ပြုထားပါသည်။ ရင်းနှီးမြှုပ်နှံမှု ပမာဏစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၄၄၇.၉၁၆ သန်းရှိပါသည်။


ပုံ (၂) စိုက်ပျိုးရေးကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုခွင့်ပြုထားမှု




၉။ စိုက်ပျိုးရေးကဏ္ဍတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က (၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ အထိ) မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းပေါင်း ၂၄ ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ်သန်းပေါင်း ၁၀၂၁၀၄.၆၄၁ ကို ခွင့်ပြုထားပါသည်။


၁၀။ မွေးမြူရေးကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် ၁၉၉၄ ခုနှစ်မှ ယနေ့အထိနိုင်ငံနှင့် ဒေသပေါင်း ၁၃ ခုမှ လုပ်ငန်းပေါင်း ၈၀ ခုလာရောက်ရင်းနှီးမြှုပ်နှံထားပြီးရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ ၉၆၉.၀၈၁ သန်းရှိပါသည်။

ပုံ (၃) မွေးမြူရေးကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုခွင့်ပြုထားမှု




၁၁။ မွေးမြူရေးကဏ္ဍတွင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု အနေဖြင့် ၁၉၉၆ ခုနှစ်မှ ယနေ့အထိ လုပ်ငန်းပေါင်း ၁၀၃ ခု ရင်းနှီးမြှုပ်နှံထားပြီး ရင်းနှီးမြှုပ်နှံမှု ပမာဏ ကျပ်သန်း ၅၃၈,၁၇၇.၄၅၉ ရှိပါသည်။

ပုံ (၄) မွေးမြူရေးကဏ္ဍတွင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုခွင့်ပြုထားမှု




၁၂။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုသည် အောက်ဖော်ပြပါ အခြေခံအချက်များအပေါ်တွင် အဓိကမှီခိုနေပါသည်-

(က) **လုပ်ကိုင်ဆောင်ရွက်သူ။** စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အမှန်တကယ် ဆောင်ရွက်နေသည့် တောင်သူ သို့မဟုတ် မွေးမြူရေးသမားများ၏ အသိပညာမြင့်မားမှု၊ အတွေ့အကြုံကောင်းများရှိမှု၊

(ခ) **ငွေကြေးအရင်းအနှီး။** စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းတွင် တောင်သူများ၊ မွေးမြူရေးသမားကိုယ်တိုင်ဖြစ်စေ၊ အခြားအကျိုးတူ လယ်ယာစနစ်၊ အငှားချစိုက်ပျိုးခြင်းစနစ်၊ မွေးဘက်ပေးခြင်းစနစ် စသည့်နည်းလမ်းများဖြင့် ပူးပေါင်းဆောင်ရွက်လိုသူကဖြစ်စေရင်းနှီးမြှုပ်နှံရန် ငွေကြေးအရင်းအနှီးရှိမှုနှင့်ရင်းနှီးမြှုပ်နှံရန်ဆန္ဒရှိမှု၊

(ဂ) **ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အထောက်အပံ့။** ချေးငွေ၊ စိုက်ပျိုးရေး စရိတ်ကဲ့သို့ ရင်းနှီးမြှုပ်နှံမှုကို အထောက်အပံ့ဖြစ်စေမည့် ငွေပင်ငွေရင်းရရှိမှု၊

(ဃ) **မြေ။** မြေရရှိမှုနှင့် အသုံးချရန် ခိုင်မာမှု၊

(င) **စီမံခန့်ခွဲမှုနည်းပညာ။** သွင်းအားစုဆိုင်ရာစီမံခန့်ခွဲမှု၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှု၊

(စ) **ပြင်ပသက်ရောက်မှုများ။** အစိုးရ၏မူဝါဒ၊ ဥပဒေ လုပ်ထုံးလုပ်နည်းနှင့် စည်းမျဉ်း စည်းကမ်းများ၊ သွင်းအားစုနှင့် အခြားကုန်ကျစရိတ် ဈေးနှုန်း၊ ရောင်းဈေးနှုန်း၊ ဝယ်လိုအား၊ ပိုးမွှားအန္တရာယ်၊ မိုးလေဝသ အခြေအနေ။

၁၃။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍသည် မြန်မာနိုင်ငံ၏ အဓိက စီးပွားရေးကဏ္ဍကြီး တစ်ခုဖြစ်သကဲ့သို့ နိုင်ငံ၏ ၂၅ ရာခိုင်နှုန်းခန့်သော ဂျီဒီပီ (GDP) သည် စိုက်ပျိုးမွေးမြူရေး တွင်မှီတည်လျက်ရှိပြီး အလုပ်သမား အင်အား၏ ၆၅ ရာခိုင်နှုန်းခန့်သည် အဆိုပါကဏ္ဍများတွင်လုပ်ကိုင်နေကြပါသည်။

၁၄။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေဖြင့်လည်း ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၉) ရပ် ချမှတ်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိရာတွင် ရှေ့လုပ်ငန်းစဉ် (၅) ရပ်၏ ဒုတိယအချက် အဖြစ် **"တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်"**နှင့်ဦးတည်ချက် (၉) ရပ်၏ စီးပွားရေးဦးတည် ချက်တွင်ပထမအချက် အဖြစ်**"တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီးအခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး"** ဟူ၍ ချမှတ်ထားသည့်အတွက် နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတို့ကို အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိပါသည်။ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာခြင်းဖြင့် နိုင်ငံတော်၏စီးပွားရေး ဦးတည်ချက်များကိုများစွာ အထောက်အကူ ပြုစေမည်ဖြစ်သည့်အပြင် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် ကြီးမားသော အထောက်အပံ့ကောင်းအဖြစ် တွေ့မြင်လာရမည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရ ပါသည်။

သန်းဇော် (DICA)

## ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ကုန်ထုတ်စွမ်းအားမြင့်မားရေးအတွက် ဖော်ဆောင်မှု

ရန်ကုန်တိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဗဟိုချက်ဖြစ်ပြီး ကျေးလက်နှင့်မြို့ပြအင်္ဂါရပ်နှစ်ခုလုံး ပေါင်းစည်းဖြစ်ထွန်းလျက်ရှိပါသည်။ နိုင်ငံတကာနှင့် နိုင်ငံတွင်းရှိ တိုင်းဒေသကြီး/ပြည်နယ်များ၏ ကုန်သွယ်မှု ကို ထောက်ကူပေးနိုင်ခြင်း၊ ထုတ်လုပ်မှုကဏ္ဍ မြင့်မားစွာ ဆောင်ရွက်နိုင်ခြင်း၊ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများ စွာစီးဝင်နိုင်ခြင်းစသော စီးပွားရေး အခြေခံကောင်းများ ပေါင်းစည်း ဖြစ်ထွန်းလျက်ရှိပါသည်။ ထို အခြေခံကောင်းများကြောင့် တိုင်းဒေသကြီး၏ လူမှုစီးပွားဘဝမြင့်မားလာစေပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရန်လည်း ဦးတည် ဆောင်ရွက်လျက်ရှိပါသည်။ ရန်ကုန်တိုင်းဒေသကြီး၏ဖွံ့ဖြိုးတိုးတက်မှုတွင် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုများမှာအလွန်အရေးပါခဲ့ပြီး နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများထံမှ ငွေကြေး၊ နည်းပညာနှင့် ကုန်သွယ် မှုများ တိုးပွားရရှိစေခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီးသည် (၃,၉၆၇.၈၆၈) စတုရန်းမိုင် ကျယ်ဝန်းပြီး ခရိုင် ၁၄ ခု၊ မြို့ နယ် ၄၅ ခု၊ မြို့ ၃ ခု၊ ရပ်ကွက် ၇၄၃ ခု၊ ကျေးရွာအုပ်စု ၆၂၁ ခုနှင့် ကျေးရွာပေါင်း ၂,၁၄၃ ခုတို့ဖြင့် ဖွဲ့စည်းထားပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၈ ခု၊ ခရိုင်အားဖြင့် ၁၄ ခုတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုထားသောရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အများဆုံးစီးဝင်ခဲ့သောခရိုင်များမှာ ကျောက်တံတားခရိုင် (ရင်းနှီးမြှုပ်နှံမှု တန်ဖိုးစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၇,၂၆၉.၈၀၆ သန်း) သဃ်န်းကျွန်းခရိုင် (ရင်းနှီးမြှုပ်နှံမှု တန်ဖိုးစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၃,၉၅၆.၄၆၂ သန်း)၊ မင်္ဂလာဒုံခရိုင် (ရင်းနှီးမြှုပ်နှံမှု တန်ဖိုး စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၂,၉၁၂.၇၀၆ သန်း) တို့ ဖြစ်ကြပါသည်။ ကျောက်တံတားခရိုင်တွင် မြို့နယ် ၅ ခုရှိပြီးဒဂုံမြို့နယ်တွင် ရင်းနှီးမြှုပ်နှံမှု တန်ဖိုးစုစုပေါင်း အမေရိကန်ဒေါ်လာ ၇,၂၆၉.၈၀၆ သန်းဖြင့် အများဆုံးစီးဝင်ခဲ့ပြီး လသာမြို့နယ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးဝင်ခြင်းမရှိသည်ကို တွေ့ရှိရပါသည်။ ကျောက်တံတားခရိုင် တွင်ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း၊ အိမ်ရာ

အဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှုလုပ်ငန်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများသာ ဝင်ရောက်ပါသည်။ သဃ်န်းကျွန်းခရိုင်တွင် မြို့နယ် ၄ ခုရှိပြီး ရန်ကင်းမြို့နယ်တွင် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး စုစုပေါင်း အမေရိကန်ဒေါ်လာ ၃,၂၃၁.၁၄၃ သန်းဖြင့် အများဆုံးစီးဝင်ခဲ့ပြီး သဃ်န်းကျွန်းမြို့နယ်တွင် ရင်းနှီးမြှုပ်နှံမှုတန်ဖိုးစုစုပေါင်းအမေရိကန်ဒေါ်လာ ၁၂.၁၂၄ သန်းဖြင့် အနည်းဆုံး စီးဝင်ခဲ့ပါသည်။ သဃ်န်းကျွန်းခရိုင်တွင် တောင်ဥက္ကလာပစက်မှုဇုန်တည်ရှိပြီး စက်မှုလုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း၊ အိမ်ရာအဆောက်အအုံတည်ဆောက် ဖွံ့ဖြိုးမှုလုပ်ငန်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဝင်ရောက်ကြပါသည်။ မင်္ဂလာဒုံခရိုင်တွင် မြို့နယ် ၂ ခုရှိပြီး မင်္ဂလာဒုံမြို့နယ်တွင် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး စုစုပေါင်း အမေရိကန်ဒေါ်လာ ၁,၈၇၆.၇၄၂ သန်းဖြင့် အများဆုံးစီးဝင်ခဲ့ပါသည်။ မင်္ဂလာဒုံခရိုင်တွင် စက်မှုဇုန် ၈ ခုရှိပြီး စက်မှုလုပ်ငန်း၊ စက်မှုဇုန် တည်ဆောက်ရေးလုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းတို့ ဝင်ရောက်ကြပါသည်။



မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုအများဆုံး ဆောင်ရွက်ခဲ့ကြသောခရိုင်များမှာ မင်္ဂလာဒုံခရိုင် (ရင်းနှီးမြှုပ်နှံမှုတန်ဖိုး စုစုပေါင်းမှာ ကျပ် ၁,၆၀၁,၇၈၃.၄၃၇ သန်း)၊ ဗိုလ်တစ်ထောင်ခရိုင် (ရင်းနှီးမြှုပ်နှံမှုတန်ဖိုးစုစုပေါင်းမှာ ကျပ် ၁,၂၁၁,၁၉၂.၄၉၂ သန်း)၊ မရမ်းကုန်းခရိုင် (ရင်းနှီးမြှုပ်နှံမှုတန်ဖိုးစုစုပေါင်းမှာ ကျပ် ၁,၁၂၂,၈၄၇.၃၆၂ သန်း) တို့ဖြစ်ကြပါသည်။ မင်္ဂလာဒုံခရိုင်တွင် မြို့နယ် ၂ ခုရှိပြီး မင်္ဂလာဒုံမြို့နယ်တွင် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး စုစုပေါင်း ကျပ် ၁,၁၄၆,၃၀၅.၇၀၄ သန်းဖြင့် အများဆုံးစီးဝင်ခဲ့ပါသည်။ မင်္ဂလာဒုံခရိုင်တွင် စက်မှုဇုန် ၈ ခုရှိပြီး စက်မှုလုပ်ငန်း၊ ဆောက်လုပ်ရေး လုပ်ငန်း၊ လျှပ်စစ်ထုတ်လုပ်မှုလုပ်ငန်း၊ အိမ်ရာဆောက်လုပ်မှုလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းနှင့်ဝန်ဆောင်မှုလုပ်ငန်းတို့ဝင်ရောက်ကြပါသည်။ ဗိုလ်တစ်ထောင်ခရိုင်တွင် မြို့နယ် ၅ ခု ရှိပြီး ဗိုလ်တစ်ထောင်မြို့နယ်တွင် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး စုစုပေါင်း ကျပ် ၁,၀၃၂,၆၇၅.၀၉ သန်းဖြင့် အများဆုံး စီးဝင်ခဲ့ပါသည်။သာကေတစက်မှုဇုန် ၁ခု ရှိပြီး စက်မှုလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ အိမ်ရာဆောက်လုပ်မှုလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းတို့ဝင်ရောက်ကြပါသည်။ မရမ်းကုန်းခရိုင်တွင် မြို့နယ် ၃ ခုရှိပြီး မရမ်းကုန်း မြို့နယ်တွင် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး စုစုပေါင်း ကျပ် ၆၄၆,၉၉၂.၄၂၉ သန်းဖြင့် အများဆုံး စီးဝင်ခဲ့ပါသည်။ မြောက်ဥက္ကလာပ စက်မှုဇုန်၊ ရွှေပေါက်ကံ စက်မှုဇုန်တို့တည်ရှိပြီး စက်မှုလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ အိမ်ရာဆောက်လုပ်မှုလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းတို့ဝင်ရောက်ကြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ကုန်ထုတ်စွမ်းအား မြှင့်မားတိုးတက်ရေးအတွက်တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် အကောင်အထည်ဖော်ရန်မကြာခဏလမ်းညွှန်မှာကြားလေ့ရှိပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုနှင့်အညီ ရန်ကုန်တိုင်းဒေသကြီးတွင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် တက်ညီလက်ညီကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။ ရန်ကုန်တိုင်းဒေသကြီးတွင် အခြေခံရှိပြီးသားဖြစ်သည့် ရေ၊ မြေ၊ သဘာဝအခြေခံများနှင့်လူ့စွမ်းအားအရင်းအမြစ်များအား ထိရောက်စွာအသုံးချ၍ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ပြီး စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ဦးမျိုး(ရန်ကုန်)

# အင်ဒို- ပစိဖိတ်ဒေသတွင်း အားပြိုင်မှုများကြောင့် မြန်မာနိုင်ငံအပေါ် စီးပွားရေးအရ သက်ရောက်မှုများ

## အင်ဒို- ပစိဖိတ်ဒေသဆိုသည်မှာ

အင်ဒို-ပစိဖိတ်ဒေသသည် အရှေ့အာရှနှင့် အရှေ့တောင်အာရှကမ်းရိုးတန်းဒေသများနှင့်တစ်ဆက်တည်း ကမ်းလွန်ပင်လယ်ပြင် အပါအဝင် အိန္ဒိယသမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာနှစ်ခုနှင့် ဆက်နွယ်သော ဒေသဖြစ်ပါသည်။ အဆိုပါဒေသတွင် ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ ကိုရီးယားဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ မော်ဒိုက်၊ မွန်ဂိုလီးယား၊ နီပေါ၊ နယူးဇီလန်၊ မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံ ၁၀ နိုင်ငံနှင့် ပစိဖိတ်ကျွန်းနိုင်ငံ ၁၄ နိုင်ငံအပါအဝင် နိုင်ငံ ၄၀ ပါဝင်ပါသည်။




ထို့ကြောင့် အင်ဒို- ပစိဖိတ်ဒေသသည် ပထဝီနိုင်ငံရေးနှင့်ပထဝီစီးပွားရေးအရ များစွာ အရေးပါသည့် ကမ္ဘာ့စီးပွားရေး ဗဟိုချက်တစ်ခုဖြစ်သည့်အပြင် ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းသစ်၌ မဟာဗျူဟာမြောက်သည့် ဒေသတစ်ခုဖြစ်ပါသည်။ အင်ဒို-ပစိဖိတ် ဒေသသည် အိန္ဒိယသမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာကြီးနှစ်ခုကို ပထဝီနိုင်ငံရေးဒေသကြီးတစ်ခုအဖြစ် ဆက်စပ်ပေါင်းစည်းခဲ့ပြီး အာရှ-ပစိဖိတ်ဒေသတွင်း စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတွင် ဖွံ့ဖြိုးတိုးတက်ခြင်းသာမက ကာကွယ်ရေးစွမ်းရည် အဆင့်အတန်းမြင့်မားသော တရုတ်နိုင်ငံကိုထိန်းချုပ်လိုခြင်းနှင့် ရုရှားဖက်ဒရေးရှင်း၏ လုံခြုံရေးခြိမ်းခြောက်မှုကိုတုန့်ပြန်လို၍ အမေရိကန်အနေဖြင့် ၎င်းတို့၏ မဟာမိတ်များ ပေါင်းစည်းရန် အင်ဒို- ပစိဖိတ်မဟာဗျူဟာကို ဖော်ဆောင်ခဲ့ခြင်းဖြစ်ပါသည်။

ထို့ပြင် အိန္ဒိယသမုဒ္ဒရာရှိ အိန္ဒိယနိုင်ငံကို စီးပွားရေးနှင့် ကာကွယ်ရေးတွင် အင်အားကြီးမားစေရန်နှင့် တရုတ်နိုင်ငံနှင့်ပါဝါထိန်းညှိရန် ထည့်သွင်းပေါင်းစည်းခြင်းဖြစ်သောကြောင့်ဒေသတွင်းအား ပြိုင်မှုများဖြစ်ပေါ်လျက်ရှိပါသည်။ အင်ဒို-ပစိဖိတ်ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအနေဖြင့် အရှေ့အာရှထိပ်သီးဆွေးနွေးပွဲ East Asian Summit (EAS) ကို ၂၀၀၅ ခုနှစ်တွင် တည်ထောင်ခဲ့ပါသည်။ အင်ဒို- ပစိဖိတ်ဒေသတွင်းရှိ နိုင်ငံများအကြား စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုရရှိရေး မျှော်မှန်းချက်ကို အကောင်အထည်ဖော်ရာတွင်ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့်အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးများတွင် နိုင်ငံကြီးအချို့၏ ဩဇာလွှမ်းမိုးမှုကို ရင်ဆိုင်ရလျက်ရှိပါသည်။ EAS တွင် အိန္ဒိယသမုဒ္ဒရာဘက်ခြမ်းရှိ အဖွဲ့ဝင်နိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံသာ ပါဝင်သော်လည်း အိန္ဒိယနိုင်ငံသည် အိန္ဒိယသမုဒ္ဒရာကမ်းစပ်နိုင်ငံများ အသင်းကြီး Indian Ocean Rim Association (IORA) ၏ အဖွဲ့ဝင်နိုင်ငံဖြစ်ပါသည်။

သို့သော် IORA အဖွဲ့သည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုများကို ပစိဖိတ်သမုဒ္ဒရာဘက်ခြမ်းရှိ အရှေ့အာရှ ထိပ်သီးဆွေးနွေးပွဲ EAS အဖွဲ့ဝင်နိုင်ငံများထက်ပိုမိုအရှိန် မြှင့်တင်ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် အင်ဒို- ပစိဖိတ်သမုဒ္ဒရာတွင်းနိုင်ငံများအကြား စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုအလားအလာမှာ မျှော်လင့်ချက်မေးမိန်ဆဲဖြစ်ပါသည်။ ထို့ကြောင့် အင်ဒို-ပစိဖိတ် မဟာဗျူဟာတွင် အကျုံးဝင်သည့်နိုင်ငံများအနေဖြင့် ဒေသတွင်းပူးပေါင်း ဆောင်ရွက်ရေးထက် နှစ်နိုင်ငံအကြား လွတ်လပ်သောကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုစာချုပ်များချုပ်ဆို ဆောင်ရွက်သည်က ပိုမို အကျိုးကျေးဇူးရရှိမည်ဖြစ်ပါသည်။




အင်ဒို- ပစိဖိတ်ဒေသသည် နိုင်ငံရေး၊ စစ်ရေး သာမက ကမ္ဘာ့စီးပွားရေး ဈေးကွက်၏ သုံးပုံတစ်ပုံနှင့် ဝေစုပိုင်ဆိုင်ထားပြီးအဓိကအရေးပါသည့် ပင်လယ်ရေလမ်းကြောင်းများတည်ရှိရာ ဒေသတစ်ခုလည်းဖြစ်ပါသည်။ အိန္ဒိယ သမုဒ္ဒရာအတွင်း နှစ်စဉ်ရေယာဉ်အစင်းပေါင်း တစ်သိန်းကျော် ဖြတ်သန်းသွားလာလျက်ရှိပြီး မလက္ကာရေလက်ကြား၌ နှစ်စဉ်ရေယာဉ်ပေါင်းခုနှစ်သောင်းကျော် ဖြတ်သန်းသွားလာလျက်ရှိရာနှစ်စဉ်အမေရိကန်ဒေါ်လာ တစ်ထရီလီယံခန့်ကုန်စည်များစီးဆင်းလျက်ရှိပါသည်။ ကမ္ဘာ့ရေနံထွက်ကုန်၏ ၈၀ ရာခိုင်နှုန်းခန့်မှာ အိန္ဒိယသမုဒ္ဒရာမှတစ်ဆင့် သယ်ယူ

ပို့ဆောင်လျက်ရှိပြီး ကမ္ဘာ့ကုန်သွယ်မှု၏ ၄၀ ရာခိုင်နှုန်း ခန့်သည် မလက္ကာရေလက်ကြားကို ဖြတ်သန်းလျက်ရှိသည်။ အင်ဒို-ပစိဖိတ်ဒေသတွင်း မဟာဗျူဟာသည် တရုတ်နိုင်ငံနှင့် အမေရိကန် အကြားအားပြိုင်မှုဖြစ်ပြီး နိုင်ငံရေး၊ စစ်ရေး၊ ကာကွယ်ရေးနှင့် စီးပွားရေးအရ ဒေသတွင်းနိုင်ငံများသို့အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေပါသည်။

### အမေရိကန် ဦးဆောင်သော IPEF

အမေရိကန် သမ္မတဦးဆောင်၍ ၂၀၂၂ ခုနှစ်၊ မေလ ၂၃ ရက်နေ့တွင် အင်ဒို- ပစိဖိတ်ဒေသ စီးပွားရေး မူဘောင် Indo- Pacific Economic Framework for Prosperity (IPEF) ကို စတင်ခဲ့ပြီး အာဆီယံ နိုင်ငံများအနက် လာအို၊ ကမ္ဘောဒီးယား၊ မြန်မာနိုင်ငံမှလွဲ၍ ၇ နိုင်ငံပါဝင်၍ အမေရိကန်၊ ဩစတြေးလျ၊ ဖီဂျီ၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယားနှင့် နယူး ဇီလန်တို့ပါဝင်၍ အဖွဲ့ဝင် ၁၄ နိုင်ငံ ဖြင့်ဖွဲ့စည်းထားပါသည်။ IPEF သည် တရားမျှတပြီး ခိုင်မာသော ကုန်သွယ်မှု၊ ခံနိုင်ရည်ရှိသည့် ထောက်ပံ့




ရေးကွင်းဆက်၊ အခြေခံအဆောက်အအုံများ၊ သန့်ရှင်းသောစွမ်းအင်နှင့် ကာဗွန်ဒိုင်အောက်ဆိုဒ်များ ထုတ်လွှတ်ရေးလျှော့ချမှု၊ အခွန်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးတို့ကို အဓိကဆောင်ရွက်ပါသည်။

### တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့် ပိုးလမ်းမ အစီအစဉ်

တရုတ်နိုင်ငံအနေဖြင့်ရပ်ဝန်းနှင့် ပိုးလမ်းမ အစီအစဉ်နှင့်ချိတ်ဆက်၍ အင်ဒို- ပစိဖိတ်ဒေသတွင်း သာမက ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ် Global Development Initiative (GDI) ကို အကောင်အထည် ဖော်လျက်ရှိပြီး အဆိုပါ GDI သည် တည်ငြိမ်ရေး၊ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးအတွက် အခြေခံအုတ်မြစ်အဖြစ် စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးစေရန် ဆောင်ရွက်လျက်ရှိပါသည်။ GDI သည် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ ကူးစက်ရောဂါတုန့်ပြန်ရေးနှင့် ကာကွယ်ဆေးများ၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် စိမ်းလန်းသောဖွံ့ဖြိုး တိုးတက်မှု၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့်ဒစ်ဂျစ်တယ်စီးပွားရေးစသည့် ဦးစားပေး နယ်ပယ်ရှစ်ခုတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။




### အင်ဒို- ပစိဖိတ်ဒေသတွင် မြန်မာနိုင်ငံ၏ အရေးပါမှု

မြန်မာနိုင်ငံသည် အင်ဒို- ပစိဖိတ် ဒေသ၏ ဗဟိုအချက်အချာတွင် တည်ရှိပြီး ကမ္ဘာ့ပထဝီနိုင်ငံရေးတွင် အလွန်အရေးပါသည့် မဟာဗျူဟာမြောက်ဒေသတစ်ခုဖြစ်ပါသည်။ ထို့ပြင်အိန္ဒိယနှင့်ကုန်းတွင်းပိတ် တရုတ်နိုင်ငံအကြားစီးပွားရေးအရ ဆက်သွယ်နိုင်သော ပင်လယ်ထွက်ပေါက်၊ ကုန်းတွင်းတံတားခင်းနိုင်သည့် ပထဝီအနေအထားကို ပိုင်ဆိုင်လျက်ရှိပါသည်။ အာရှတိုက်၏ အဓိကအင်အားကြီး ၃ ခု ဆုံရာဖြစ်သောတရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် အရှေ့တောင်အာရှ နိုင်ငံစု၏ အလယ်ဗဟိုတွင်တည်ရှိပြီး အာရှတိုက်၏ မဟာဗျူဟာ ဟန်ချက် Strategic Centre of Gravity အဖြစ်တည်ရှိပါသည်။ အဆိုပါ အနေအထားသည် ကမ္ဘာ့ လူဦးရေ၏ ၄၀%ကို လွှမ်းမိုးနိုင်ပြီး ကမ္ဘာ့အရှေ့နှင့် အနောက်ဘက်ခြမ်းသို့ ဆက်သွယ်သော ပင်လယ်ရေကြောင်းကို ထိန်းချုပ်နိုင်၍ စီးပွားရေးအရရေနက်ဆိပ်ကမ်းများတည်ဆောက်နိုင်ကာ လုံခြုံရေးနှင့် စီးပွားရေးအရ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာကျသော အနေအထားဖြစ်ပါသည်။




အင်ဒို-ပစိဖိတ်ဒေသတွင်း မဟာဗျူဟာသည် တရုတ်နိုင်ငံနှင့် အမေရိကန် အကြားအားပြိုင်မှုဖြစ်ပြီး နိုင်ငံရေး၊ စစ်ရေး၊ ကာကွယ်ရေးနှင့်စီးပွားရေးအရပိုမိုလွှမ်းမိုးချုပ်ကိုင်နိုင်သည့် နိုင်ငံ၏ မူဝါဒအပေါ်မူတည်၍ နိုင်ငံရေးနှင့်


စီးပွားရေး သက်ရောက်မှုများ ခံစားရမည်ဖြစ်ပါသည်။ ဒေသတွင်း၌ IPEF နှင့် GDI တို့ အားပြိုင်မှုများကြောင့် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံရေးနှင့်စီးပွားရေးတွင်သွယ်ဝိုက် သက်ရောက်မှုများ ကြုံတွေ့ရလျက်ရှိပါသည်။ စီးပွားရေး သက်ရောက်မှုအနေဖြင့် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံနှင့် ကုန်သွယ်ဖက် နိုင်ငံအဆင့် (၁) ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုတွင် အဆင့် (၂) ဖြစ်ပါသည်။ အမေရိကန်အနေဖြင့် မြန်မာနိုင်ငံ၌ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုသည်အခြား အာဆီယံနိုင်ငံတွင်း နိုင်ငံများနှင့် နှိုင်းယှဉ်ပါက နည်းပါးပါသည်။ ထို့ပြင်အမေရိကန်သည် မြန်မာနိုင်ငံအပေါ်နိုင်ငံရေးဖိအားများပေးလျက်ရှိပြီး ဒေသတွင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဝင်ရောက်မှု မရှိစေရန်နှင့် နိုင်ငံတွင်းမှပြန်လည်ထွက်ခွာရန် ဖိအားများပေးလျက်ရှိပါသည်။ ထို့ပြင် အမေရိကန်နိုင်ငံသည် ၎င်း၏ IPEF အဖွဲ့ဝင်နိုင်ငံများဖြစ်သော စင်ကာပူ၊ အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံများတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလုပ်ဆောင်လျက်ရှိပါသည်။

## မြန်မာနိုင်ငံ၏ ဒေသတွင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ

တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့အကူအညီနှင့် နည်းပညာအကူအညီ အများဆုံး ပေးအပ်လျက်ရှိပါသည်။ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ်ပိတ်ဆို့မှုများလုပ်ဆောင်ခြင်းမရှိသည့်အပြင်အကူအညီများ၊ နည်းပညာအကူအညီများနှင့် စီမံကိန်းများ ပေးအပ်လျက်ရှိပါသည်။ ထို့ပြင် မြန်မာနိုင်ငံနှင့် နယ်နိမိတ်ထိစပ်လျက်ရှိသော ဒေသများတွင်ကျပ်-ယွမ်တိုက်ရိုက်ပေးချေခြင်းကို နယ်စပ်ကုန်သွယ်မှုတွင် ဆောင်ရွက်လျက်ရှိပြီး ပုံမှန်ကုန်သွယ်မှုတွင် ပေးချေနိုင်ရေးဆောင်ရွက်လျက်ရှိပါသည်။



တရုတ်နိုင်ငံသည် မြန်မာနိုင်ငံကိုအာဆီယံ၏ဒေသတွင်း စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု Regional Comprehensive Economic Parnership (RCEP) တွင် ပါဝင်ရန် ပထမဦးဆုံး အတည် ပြုခဲ့သည့်နိုင်ငံဖြစ်ပါသည်။ RCEP အရ မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းလုပ်ငန်းများကို စာချုပ်ပါ စည်းမျဉ်းများနှင့်အညီ အခြားအဖွဲ့ဝင်နိုင်ငံများ နည်းတူ စီးပွားရေးဆိုင်ရာ အကျိုးကျေးဇူးများကို ခံစားရမည်ဖြစ်ပါသည်။ ထို့ပြင် တရုတ်- မြန်မာစီးပွားရေး စင်္ကြံ အကောင်အထည်ဖော်မှုကြောင့် နယ်စပ်မှ တစ်ဆင့် မန္တလေးကိုဖြတ်၍ ကျောက်ဖြူစီးပွားရေးဇုန်အထိ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုး တိုးတက်ရန်ဆောင်ရွက်လျက်ရှိရာ ဒေသဖွံ့ဖြိုးမှုနှင့်အတူ နိုင်ငံ့စီးပွားဖွံ့ဖြိုး တိုးတက်စေမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် အင်ဒို-ပစိဖိတ် ဒေသတွင် အမေရိကန်နှင့် မိတ်ဖက်နိုင်ငံများ၏ ဟန့်တားနှောက်ယှက်မှုများကြောင့် စီးပွားရေး သက်ရောက်မှုများ ကြုံတွေ့ရလျက်ရှိသဖြင့် တရုတ်နိုင်ငံနှင့် ပိုမို နီးကပ်၍ ပွင့်လင်းစွာ ပူးပေါင်းဆောင်ရွက်သင့်ပါသည်။




မြန်မာနိုင်ငံအနေဖြင့် အင်ဒို- ပစိဖိတ်ဒေသတွင်း၌ ဘင်္ဂလားပင်လယ်အော် နည်းပညာနှင့် စီးပွားရေး ကဏ္ဍစုံ ကနဦး ပူးပေါင်းဆောင်ရွက်ရေး BIMSTEC၊ အာဆီယံ၊ မဲခေါင်-ဂင်္ဂါ စီးပွားရေး ပူးပေါင်း ဆောင်ရွက်ရေး၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယနှင့် မြန်မာစီးပွားရေးဖိုရမ် BCIM၊ ဧရာဝတီ- ကျောက်ဖရား- မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ACMECS ၊ မဟာမဲခေါင်ဒေသခွဲ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ် Greater Mekong Subregion- GMS၊ တောင်အာရှ ဒေသတွင်း စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု South Asia Subregion Economic Cooperation- SA-SEC နှင့် တရုတ်နိုင်ငံမှ စတင်အကောင်အထည်ဖော်လျက်ရှိသော ရပ်ဝန်းနှင့် ပိုးလမ်းမ BRI နှင့် ဥရောပအာရှ စီးပွားရေးသမဂ္ဂ (EAEU) စသော ဒေသတွင်းပူးပေါင်း ဆောင်ရွက်မှုများအား အိမ်နီးချင်း နိုင်ငံများနှင့် တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် အင်ဒို- ပစ်ဖိတ် ဒေသတွင်း အမေရိကန်၏ ဖိအားပေးမှုများကို ကာကွယ်နိုင်ရန် အတွက် အခြားဒေသတွင်းနိုင်ငံများနှင့် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်ရေးများ ပိုမို ဆောင်ရွက်သင့်ပါသည်။ မဟာမဲခေါင်ဒေသတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အရှေ့- အနောက် စီးပွားရေးစင်္ကြံ EWEC

သည် ဗီယက်နမ်နိုင်ငံမှတစ်ဆင့် လာအိုနှင့် ထိုင်းနိုင်ငံကို ဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ ဖောက်လုပ်ထားသော လမ်းပိုင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ အရှေ့ဘက် ထိုင်းနိုင်ငံနှင့် ထိစပ်လျက်ရှိသော နယ်စပ်မှ မြန်မာနိုင်ငံအတွင်း အရှေ့နှင့်အနောက် ဘက်ရှိ မြို့ကြီးများ ဖွံ့ဖြိုးတိုးတက်စေမည့် လမ်းကြောင်းဖြစ်ပါသည်။ မြန်မာနိုင်ငံသည် မဟာမဲခေါင် ဒေသတွင်းအဖွဲ့ဝင်နိုင်ငံဖြစ်ရာ အဆိုပါ စီမံကိန်းအကောင် အထည်ဖော်ရာတွင် ဒေသတွင်းနိုင်ငံများနှင့် ပိုမိုပူးပေါင်း ဆောင်ရွက်သင့်ပါသည်။

အင်ဒို-ပစိဖိတ်ဒေသတွင်း မဟာဗျူဟာကို တုန့်ပြန်နိုင်ရေးအတွက် မြန်မာနိုင်ငံအနေဖြင့် ပိုမိုဆောင်ရွက်နိုင်ရေးအတွက် ဥရောပအာရှ စီးပွားရေးသမဂ္ဂတို့အကြား စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုများ မြင့်တင်နိုင်ရန် နှစ်ဖက်ပူးပေါင်း ဆောင်ရွက်မှု စာချွန်လွှာအား လက်မှတ်ရေးထိုးနိုင်ရေး ဆွေးနွေးဆောင်ရွက်လျက်ရှိရာ အဆိုပါ အဖွဲ့ဝင်နိုင်ငံများနှင့် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု ကဏ္ဍများတွင်လည်း မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းသင့်ပါသည်။ ထို့ပြင် အိမ်နီးချင်း နိုင်ငံများဖြစ်သည့် အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့် ဆောင်ရွက်သင့်ပြီး အိန္ဒိယသမုဒ္ဒရာတွင်း အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နိုင်ငံရေးတည်ငြိမ်စေရန်ပိုမိုကောင်းမွန်သည့်သံတမန်ဆက်ဆံရေး တည်ဆောက်သင့်ပါသည်။

**နိဂုံး**

အင်ဒို-ပစိဖိတ်ဒေသတွင်း မဟာဗျူဟာသည်အမေရိကန်နှင့်မိတ်ဖက်နိုင်ငံများ ပူးပေါင်း၍ တရုတ်နိုင်ငံ၏ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်မှု ကိုဟန့်တားရန်၊ ရုရှားဖက်ဒရေးရှင်း၏အနောက်နိုင်ငံများအပေါ် လုံခြုံရေး ခြိမ်းခြောက်မှုကို တားဆီးရန်အတွက် ပါဝါထိန်းညှိမှုအဖြစ် အိန္ဒိယသမုဒ္ဒရာရှိ အိန္ဒိယကို ထည့်သွင်းပုံဖော်သည့် မဟာဗျူဟာဖြစ်သောကြောင့်စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုအပြင် ဒေသတွင်းစစ်ရေး၊ လုံခြုံရေးနှင့် နိုင်ငံရေးအား ပြိုင်မှုများပေါ်ပေါက်လျက်ရှိပါသည်။ မြန်မာနိုင်ငံသည်လည်း အင်ဒို-ပစိဖိတ်ဒေသတွင်းမဟာဗျူဟာကြောင့်နိုင်ငံရေး၊ လုံခြုံရေးနှင့်စီးပွားရေးအရ သက်ရောက်မှုများ ကြုံတွေ့ရလျက်ရှိပါသည်။

သို့သော် မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်း၌ မဟာဗျူဟာမြောက် ပထဝီအနေအထားကို ပိုင်ဆိုင်လျက်ရှိသောကြောင့် အခွင့်အရေးကို ထိရောက်အကျိုးရှိရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထို့ပြင် နိုင်ငံရေး၊ လုံခြုံရေးနှင့်စီးပွားရေးအရ ဖိအားပေးမှုများအပေါ် အာဆီယံအပါအဝင် အင်ဒို-ပစိဖိတ်အဖွဲ့ဝင်နိုင်ငံများအကြား နှစ်နိုင်ငံချင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်သင့်ပြီး အမေရိကန်နှင့် ၎င်းတို့၏ မိတ်ဖက်နိုင်ငံများ၏ ဖိအားပေးမှုများကို ထိရောက်စွာ တုန့်ပြန်နိုင်ရန် ဘက်ပေါင်းစုံမှ ပြင်ဆင်၍ အင်ဒို- ပစိဖိတ် သမုဒ္ဒရာနှစ်စင်း၏ မဟာဗျူဟာကို မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကာကွယ်ရန် တိုးမြှင့်ဆောင်ရွက်သင့်ကြောင်း သုံးသပ်ရရှိပါသည်။

ဒေါက်တာပင်လုံအေး

## အွန်လိုင်းစနစ်ဖြင့် ရောင်းချသူများအနေဖြင့် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂ရက်နေ့မှ စတင်ပြီး ( Online Sales) မှတ်ပုံတင်လျှောက်ထားနိုင်

အွန်လိုင်းစနစ်ဖြင့် ရောင်းချသူများ (Online Sales) မှတ်ပုံတင်နိုင်ရေး အသိပညာပေးခြင်းနှင့် E-ComReg System စနစ်ဖွင့်လှစ်ခြင်း အခမ်းအနားကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂ရက်နေ့တွင်ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ပထမထပ် မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားမစတင်မီ တက်ရောက်လာသူများအား Register ပြုလုပ်ခြင်းနှင့် E-ComReg စနစ်တွင်ဆောင်ရွက်နိုင်သည့်လုပ်ငန်းများ၊ Register ပြုလုပ်ပုံ၊ မှတ်ပုံတင်မည့်သူများ သိရှိလိုက်နာရမည့် စည်းကမ်းချက်များနှင့် အွန်လိုင်းစနစ်ဖြင့်ရောင်းချခြင်း (Online Sales) လုပ်ငန်းမှတ်ပုံတင် (အသစ်) လျှောက်ထားရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်ပါဝင်သည့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းထွန်းဦးကအဖွင့်အမှာစကားပြောကြားခဲ့ရာ Online Sales များ မှတ်ပုံတင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရသည့်အကြောင်းရင်းမှာ Online Sales ဝယ်ယူမှုအရ စားသုံးသူနစ်နာမှုများလျော့နည်းစေရန်နှင့် ပိုမိုကောင်းမွန်သည့် ပတ်ဝန်းကျင်ကောင်းကို ဖော်ဆောင်နိုင်

ရန်ဖြစ်ကြောင်း၊ အွန်လိုင်းစနစ်ဖြင့်ရောင်းချမှု၊ ဝန်ဆောင်မှုပေးခြင်းကို ကဏ္ဍတိုင်းတွင် စနစ်တကျပိုမို တွင်ကျယ်စွာအသုံးပြုလာနိုင်ရန် အမိန့်ကြော်ငြာချက်များ ထုတ်ပြန်ပြီး အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်း (Online Sales) လုပ်ငန်းများဆောင်ရွက်နိုင်ရန်အလို့ငှာ Online မှအလွယ်တကူမှတ်ပုံတင်နိုင်ရန်အတွက် E-ComReg System ကို ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း၊ (Online Sales) လုပ်ငန်းမှတ်ပုံတင်ရာတွင် ကုန်ပစ္စည်းအုပ်စု၊ ဝန်ဆောင်မှုအုပ်စုများကို စနစ်တွင်ထည့်သွင်းထားပြီး လိုအပ်သည့် ထုတ်ပြန်ကြေညာမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မှတ်ပုံတင်လက်မှတ် ခွင့်ပြုထုတ်ပေးရာတွင် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ မှတ်ပုံတင်ကြေး ကင်းလွတ်ခွင့်ဖြင့် ထုတ်ပေးသွားမည်ဖြစ်ပြီး သက်တမ်း ၂ နှစ် ခွင့်ပြုထားကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူးဦးအောင်ဇေယျာလွင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံဒီဂျစ်တယ်စီးပွားရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက Online စနစ်ဖြင့်ရောင်းချသူ (Online Sales) များ မှတ်ပုံတင်နိုင်ရေးကူညီဆောင်ရွက်နိုင်မည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တာဝန်ရှိသူများက အမိန့်ကြော်ငြာစာအမှတ် (၅၁/ ၂၀၂၃) ထုတ်ပြန်ထားရှိမှု အခြေအနေနှင့် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များကိုလည်းကောင်း၊ အွန်လိုင်းစနစ်ဖြင့် ရောင်းချသူများ မှတ်ပုံတင်လက်မှတ်လျှောက်ထားရမည့် E-Commerce Registration (Online) System နှင့်စပ်လျဉ်း၍လည်းကောင်း၊ မှတ်ပုံတင်လက်မှတ် လျှောက်ထားရာတွင် လိုက်နာရမည့် ကိစ္စရပ်များကိုလည်းကောင်းရှင်းလင်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာသည့် စီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းခဲ့ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။ အခမ်းအနားသို့ စီးပွားရေးလုပ်ငန်းရှင် ၁၂၀၀ ဦး တက်ရောက်ခဲ့ကြပါသည်။

(Online Sales) မှတ်ပုံတင် လျှောက်ထားလိုသူများသည် ရုံးဌာနသို့ လူကိုယ်တိုင် လာရောက်ရန် မလိုဘဲ အင်တာနက်ရရှိသည့် မည်သည့်နေရာမှမဆို လျှောက်ထားရယူနိုင်သည့် E-ComReg System ကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့မှစတင်၍ အသုံးပြုနိုင်မည်ဖြစ်ကာ E-ComReg System ကို https://www.ecomreg.gov.mm website တွင် ဝင်ရောက်လျှောက်ထားနိုင်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**DOCA(ရန်ကုန်)**

## မော်လမြိုင်မှ ထုတ်လုပ်သည့် အထည်ချုပ် (ခေါ်) အောင်မြင်နေသည့် အသေးစားလုပ်ငန်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့အတွင်း စက်ချုပ်ပညာဖြင့် အသေးစားအထည်ချုပ်လုပ်ငန်းကို မိမိတို့အိမ်၌ အလုပ်ရုံသဖွယ်စီမံဆောင်ရွက်လျက် စီးပွားရေးလုပ်ငန်း အထည်ချုပ်လုပ်ငန်းများရှိသည်။ ထိုအထည်ချုပ် လုပ်ငန်းကို အမျိုးသမီးများက ဦးဆောင်၍ လုပ်သားများခန့်အပ်ပြီး လုပ်ကိုင်နေသူများဖြစ်ကြသည်။ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဇေယျာသီရိရပ်ကွက်၊ ရွှေမြိုင်သီရိရပ်ကွက်၊ လှိုင်ရပ်ကွက်တို့တွင် အထည်ချုပ်လုပ်ငန်း ၇ ခု ရှိသည်။

စက်ချုပ်ပညာသည် လူတို့အတွက် အလှအပဆင်မြန်းခြင်း၊ခေတ်နှင့်အညီဖန်တီးဆန်းသစ်ခြင်း၊ မြန်မာအမျိုးသမီးများဘဝ၏ အသက်မွေးဝမ်းကျောင်းအတွက် လွန်စွာကောင်းမွန်ခြင်းအတတ်ပညာရပ်တစ်ခုဖြစ်သည်။ ယခင်က စက်ချုပ်ပညာရပ်ကို ဝါသနာပါသူများ၊ အိမ်ထောင်ရှင်အမျိုးသမီးများ တစ်ဖက်တစ်လမ်းမှ အိမ်တွင်းကုန်ကျစရိတ် သက်သာစေလိုကြောင်း လေ့လာဆည်းပူးကြသည့် အတတ်ပညာရပ် တစ်ခုဖြစ်ပါသည်။ ယနေ့ခေတ်တွင် စက်ချုပ်ပညာဖြင့် စီးပွားရေးလုပ်ငန်းကို လုပ်ကိုင်လာသူပိုမိုများလာမှုတွေ့ရှိရပါသည်။ ထိုကဲ့သို့ မြန်မာအမျိုးသမီးများအနေဖြင့် မိမိတို့အိမ်တွင် မိသားစုနှင့်အတူတကွ တစ်ဖက်တစ်လမ်းမှ ဝင်ငွေတိုးပွားစေရေး၊ မိသားစုစားဝတ်နေရေး ဖူလုံရေးတို့အတွက်ရရှိရန် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သော အထည်ချုပ်လုပ်ငန်းကိုဦးစီး၍ အသေးစားစီးပွားရေးလုပ်ငန်းများကို တွင်ကျယ်စွာ လုပ်ကိုင်ခြင်းဖြစ်ပါသည်။

### ကုန်ကြမ်းပစ္စည်း ဝယ်ယူခြင်း

မော်လမြိုင်မြို့ အထည်ချုပ်အသေးစား လုပ်ငန်း၌ လိုအပ်သည့် ကုန်ကြမ်းပိတ်စကို ယိုးဒယား မဲဆောက်မြို့၊ မြဝတီမြို့နှင့် ရန်ကုန်မြို့ဘက်ခြမ်းမှ ဝင်ရောက်သော ပိတ်သား (စပန့်၊ ကော်တွန်၊ ပါထိုင်း)တို့ကို အသုံးပြုသည်။ ကီလိုဂရမ်ချိန် ဈေးနှုန်းဖြင့်လည်းကောင်း၊ ဈေးနှုန်းအား

ဖြင့် တစ်ထောင်စမှ သုံးထောင်စပိတ်ဖြတ် တစ်ကီလိုကို ၄,၅၀၀ ကျပ်မှ ၆,၅၀၀ ကျပ်အတွင်းရှိပြီး၊ တစ်ကိုက်စမှ ၄ ကိုက်စပိတ်ဖြတ် တစ်ကီလိုကို ၇,၀၀၀ ကျပ်မှ ၈,၅၀၀ ကျပ်အတွင်း၊ နှစ်ကိုက်စမှ ကိုက်ရှည် ၂၀ ပါပိတ်စ တစ်ကီလိုကို ၁၀,၀၀၀ ကျပ်မှ ၁၄,၀၀၀ ကျပ်အတွင်း အပွင့်အဆင်၊ ကာတွန်းရုပ်အဆင်များဖြင့် ဈေးနှုန်းကွာခြားမှုရှိသည်။ ကိုက်ဖြတ်ဝယ်ယူလျှင် ဈေးနှုန်းအားဖြင့် ပိတ်စအဆင်ကာလာစုံ၊ ဒီဇိုင်းစုံရွေးချယ်ဝယ်ယူ၍ရသည့် တစ်ကိုက်ကို ၂,၅၀၀ မှ ၃,၀၀၀ ကျပ်အတွင်းပိတ်စအမျိုးအစားပေါ်မူတည်၍ ဈေးနှုန်းကွာခြားချက်ရှိပါသည်။ ထိုပိတ်စများကိုဝယ်ယူ၍ အထည်ချုပ်လုပ်ငန်း၏ ကုန်ကြမ်းအဖြစ်အသုံးပြုခြင်းဖြစ်ပါသည်။

## လုပ်ငန်းလည်ပတ်မှုနှင့် လုပ်သားခရရှိငွေ

လုပ်သားများသည် မနက် ၇ နာရီမှ ညနေ ၅ နာရီအထိ အလုပ်ချိန်ကို သတ်မှတ်၍ လုပ်ကိုင်ကြသည်။ ချုပ်သည့်အထည်ပေါ် မူတည်၍ ချုပ်ထည် အမျိုးအမည်များမှာ အမျိုးသမီးဝတ် အင်္ကျီနှင့် ဘောင်းဘီရှည် (ဝမ်းဆက်)၊ အင်္ကျီနှင့်ဘောင်းဘီတို (ဝမ်းဆက်)၊ ဂါဝန်ရှည်၊ ခေါင်းစွပ်လက်တိုအင်္ကျီ၊ ခေါင်းစွပ်လက်ပြတ်အင်္ကျီ၊ ကလေး ကျား/မဝတ် ဝမ်းဆက်စုံ၊ အမျိုးသားဝတ် ဂျိုင်းပြတ် စွပ်ကျယ်၊ အမျိုးသားဝတ်ဘောင်းဘီတို (ပိုးကြိုးပါ) အထည်များ ချုပ်လုပ်သည်။ ဒီဇိုင်းဆွဲ ပိတ်ညှပ်သူများအနေဖြင့် ပိတ်စကို သေချာစနစ်တကျထားပြီးမှ ကသလောက် (အင်္ကျီပုံစံ) ကို ထပ်တူညှပ်ရသည်။ အထည်တစ်ခုလုံးတွင် ပါဝင်မည့် လိုအပ်ပစ္စည်းများကို သေချာစွာ ပြုလုပ်ပေးရသည်။ အထည်ချုပ်သည့် လုပ်ငန်းတွင် အထည်ညှပ်သူများသည် ဝင်ငွေအများဆုံးရသူဖြစ်သည်၊ အထည်အရေအတွက်ပေါ် မူတည်၍ ရရှိသဖြင့် တစ်နေ့ကို လုပ်သားခရငွေ ၆,၀၀၀ ကျပ်မှ ၁၀,၀၀၀ ကျပ် အထိရရှိသည်။ ၎င်းမှတစ်ဆင့် ချုပ်လုပ်သူထံသို့ရောက်ရှိပြီး ရိုးရိုးအပ်ချုပ်စက်ဖြင့်သော်လည်းကောင်း၊ မော်တာအပ်ချုပ်စက်ဖြင့်လည်းကောင်း အသုံးပြု၍အထည်ချုပ်ကြသည်။ ချုပ်ရိုးချုပ်သားခိုင်ခံ့မှု၊ သပ်ရပ်မှု၊ အပ်ချည်မကျော်စေရန် အထည်ချုပ်ရသည် အထည်အရေအတွက်ပေါ်မူတည်၍ အထည်ချုပ်သူ လုပ်အားခမှာ တစ်နေ့တာ လုပ်အားခရငွေ ၄,၀၀၀ ကျပ်မှ ၈,၀၀၀ ကျပ်အတွင်းရရှိသည်။ ထိုမှချုပ်ပြီး သားအထည်ကို မီးပူတိုက်၍အချောသတ်အိတ်သွပ်ရသည် ၎င်းပြုလုပ်သူ လုပ်အားခ တစ်နေ့တာရငွေ ၄,၀၀၀ ကျပ်နှင့် ၇,၀၀၀ ကျပ် အတွင်း ရရှိသည်။ အထည်ချုပ်လုပ်ငန်းတွင် အလုပ်လုပ်ကြသူ အားလုံးသည် အမျိုးသမီးများဖြစ်ကြသည်။ လုပ်သားများအနေဖြင့်လုပ်ကိုင်မှုကွဲပြား၍ ရရှိသည့်ဝင်ငွေလည်းကွဲပြားမှုရှိသည်။

## အထည်စုံနှင့်ဈေးနှုန်းအခြေအနေ

ချုပ်ထည်အမျိုးအမည်များနှင့် ဈေးနှုန်းအခြေအနေမှာ အမျိုးသမီးဝတ် စပန့်ပိတ်သား အင်္ကျီနှင့်ဘောင်းဘီရှည် (ဝမ်းဆက်) ဆိုဒ်စုံကို ကျပ် ၆,၀၀၀ ကျပ်မှ ၆,၅၀၀ ကျပ်ဆိုဒ်စုံ၊ စပန့်ပိတ်သား အင်္ကျီနှင့် ဘောင်းဘီတို (ဝမ်းဆက်) ဆိုဒ်စုံကို ၄,၅၀၀ ကျပ်မှ ၄,၈၀၀ ကျပ်အတွင်း၊ စပန့်ပိတ်သား ဂါဝန်ရှည် (ဆိုဒ်စုံ) တစ်ထည်ကို ၆,၀၀၀ ကျပ်မှ ၆,၅၀၀ ကျပ်၊ ခေါင်းစွပ်လက်တိုအင်္ကျီ ၃,၅၀၀ ကျပ်မှ ၄,၀၀၀ ကျပ်အတွင်း၊ စပန့်ပိတ်သား ခေါင်းစွပ်လက်ပြတ်အင်္ကျီ (ဆိုဒ်စုံ) ၃,၀၀၀ ကျပ်၊ စပန့်ပိတ်သားကလေး ကျား/မဝတ် ဝမ်းဆက်စုံ ၃,၅၀၀ကျပ်မှ ၄,၀၀၀ ကျပ်၊ စပန့်ပိတ်သား အမျိုးသားဝတ်ဂျိုင်းပြတ်စွပ်ကျယ် ၃,၀၀၀ ကျပ်၊ အမျိုးသားဝတ်ပါထိုင်း ဘောင်းဘီတို (ပိုးကြိုးပါ) အထည် ၃,၀၀၀ ကျပ်မှ ၄,၅၀၀ ကျပ်အတွင်းဆိုဒ် ကွာခြားမှုကြောင့် အနည်းငယ် ဈေးနှုန်းကွာဟမှုရှိသည်။

## ဈေးကွက်ဖြန့်ချိဆောင်ရွက်မှု

အထည်ချုပ်လုပ်ငန်းဦးစီးသူမှ အထည်အမျိုးအစားခွဲ၍ သတ်မှတ်ပုံဖော်ပြီး ပိတ်ဖြတ်သူ၊ မီးပူတိုက်သူ၊ အထည်ညှပ်သူ၊ အထည်ချုပ်သူ၊ အထည်ကိုအဆင့်ဆင့်ပြုလုပ်၍ ထုပ်ပိုးပြီးနောက်ဆုံးကုန်ချောဖြစ်သောကုန်စည်ကို ရောင်းချသူ၊ ဖောက်သည်တို့အားဖြန့်ဖြူးရောင်းချ၍ထိုမှတစ်ဆင့် ရပ်ကွက်မြို့နယ် ဈေးအသီးသီးတွင် ရောင်းချမှုတွေ့ရပါသည်။

ထိုပစ္စည်းများသည် မော်လမြိုင်မြို့ မြိုင်ရတနာ (၂) ထပ်ဈေး၊ အောက်ဈေး၊ မြိုင်ရတနာလေးထပ်ဈေး(အပေါ်ဈေး) ဒေါင်းမင်းရပ်ဈေး၊ ဈေးကြီးဈေး၊ သီရိမြိုင်ဈေး၊ ရွှေမြိုင်သီရိဈေး၊ အေးသာယာဈေးနှင့် ကရင်ပြည်နယ် ဘားအံမြို့ မြို့မဈေး၊ သီရိဈေး၊ အခွန်လွတ်ဈေး၊ လှိုင်းဘွဲ့မြို့၊ ကမမောင်းမြို့၊ ကြာအင်းဆိပ်ကြီးမြို့၊ ကော့ကရိတ်မြို့၊ ကမာမောင်းမြို့နယ် အသီးသီးသို့ ဖြန့်ဖြူးရောင်းချကြသည်။

## အထည်ချုပ်လုပ်ငန်း၏ အကျိုးအမြတ်ရရှိမှု

အထည်ချုပ်ရုံတစ်ခုတွင်လုပ်သား ၄ ဦးနှင့်သော်လည်းကောင်း လုပ်ကိုင်သူရှိသလို၊ လုပ်သား ၅ ဦးမှ ၁၅ ဦးဖြင့် လုပ်ငန်းကိုလုပ်ကိုင်သည်များရှိသည်။ စီးပွားရေးလုပ်ငန်း အထည်ချုပ် အလုပ်ရုံတစ်ခု၏ လုပ်သား ၁၀ ဦးနှင့် လုပ်

ဆောင်နေသည့် စီးပွားရေးလုပ်ငန်းအောင်မြင်သူ အထည်ချုပ်လုပ်ငန်း ကောင်းထက်တံဆိပ်ပိုင်ရှင် ဒေါ်သန်းစိန်အားတွေ့ဆုံ၍ မေးမြန်းခဲ့ပါသည်။ ၎င်းမှ ပြောကြားချက်မှာကျွန်မဒီလုပ်ငန်းကို မိသားစုတစ်နိုင်လေးစတင် ဆောင်ရွက်ခဲ့တာဖြစ်ပါကြောင်း၊ တဖြည်းဖြည်းနဲ့ တိုးမြှင့်ပြီး လုပ်သားများခန့်အပ်လာနိုင်ပြီး လုပ်ငန်းတိုးချဲ့ နိုင်ပါကြောင်း၊ လုပ်ငန်းဆောင်ရွက်သက်တမ်း နှစ် ၂၀ ရှိပြီဖြစ်ကြောင်း၊ ယခုဆိုလုပ်ငန်းအတွက် ရင်းနှီးငွေ၊ လုပ်သားခပေးရငွေတွေကို စီမံလာနိုင်ကြောင်း၊ အထည်ရောင်းရငွေနှင့်လုပ်ငန်းလည်ပတ်ဆောင်ရွက်မှု တစ်ခုလုံး၏ အသုံးစရိတ် တစ်လတွက်ချက်မှုများအပေါ် ပြန်လည်ရရှိသည့်အကျိုးအမြတ်မှာ တစ်လလျှင် ငွေကျပ် ၄၀၀၀၀၀ ကျပ်မှ ၇၀၀,၀၀၀ ကျပ်အတွင်း ရရှိကြောင်းနှင့် အထည်ချုပ်အရေအတွက်အပေါ် မူတည်၍ ဝင်ငွေကွာခြားမှုရှိပါကြောင်းသိရပါသည်။ ဆောင်းရာသီနှင့် နွေရာသီများ၌ အထည်ချုပ်ကောင်းသော လများဖြစ်သလို၊ မိုးရာသီတွင် အနည်းငယ်လျော့နည်းမှုလည်းရှိကြောင်း၊ စက်ချုပ်ပညာကို လေ့လာဆည်းပူးသူများလည်းရှိလာကြောင်း၊ စက်ချုပ်ပညာမတတ်သေးသည့် ပညာသင်များကိုလည်း အခမဲ့သင်ကြားပေးနေပါကြောင်း၊ စိတ်ဝင်တစားကြိုးစားလာကြသည့်အတတ်ပညာရှင်များ ရှိလာပါကြောင်း ပြောကြားမှုအရသိရှိရပါသည်။

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း လူကြီးလူငယ်ဝတ်ဆင်သူများကြသည့် ပြည်တွင်းချုပ် အထည်ဖြစ်၍ ဈေးကွက်အတွင်း ရောင်းချသည့် အထည်ဈေးနှုန်းသက်သာသော၊ ခိုင်ခံ့သော၊ သပ်ရပ်စွာဝတ်ဆင်နိုင်သော အထည်ဖြစ်သည်။ ထို့ကြောင့်ဒေသစီးပွားဖွံ့ဖြိုးမှု တစ်ခုဖြစ်သည်နှင့်အညီ ဒေသတွင်းပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများနှင့် ဝင်ငွေများရရှိနေသည့် အထည်ချုပ်အသေးစားလုပ်ငန်းအကြောင်း တင်ပြလိုက်ရပါသည်။

ခင်ကြည်(မွန်ပြည်နယ်)

## စားသုံးဆီထုတ်လုပ်ငန်းများအတွက် အသုံးချသင့်သော HACCP စနစ်

လူတို့ နေ့စဉ်လှုပ်ရှားသွားလာမှုအတွက် လိုအပ်သောစွမ်းအင်ကို အများဆုံးပေးနိုင်သော အစားအစာဖြစ်သည့် စသုံးဆီအား ဆီထွက်ပင်ရင်း သီးနှံနှင့် အစေ့အဆံများကို ကြိတ်ချေဖိညှစ်ခြင်းဖြင့်ဖြစ်စေ၊ ဓာတုဆေးရည်ဖြင့် ဖျော်ထုတ်ခြင်းဖြင့်ဖြစ်စေ ထုတ်လုပ်နိုင်ပါသည်။ ဆီထွက်ပင်ရင်း၏ စုစုပေါင်းဆီပါဝင်မှု ရာခိုင်နှုန်းပေါ်မူတည်ပြီး သင့်လျော်သောနည်းစဉ်ကိုအသုံးပြု၍ ထုတ်လုပ်ရရှိသော စားသုံးဆီသည် စားသုံးသူများကို ဘေးဥပါဒ်မဖြစ်စေဘဲ အစားအစာဘေးကင်းလုံခြုံမှု (food safety) ရှိရန် လိုအပ်ပါသည်။

စားသုံးဆီ ထုတ်လုပ်ခြင်းသည် စားသောက်ကုန် ထုတ်လုပ်သည့်လုပ်ငန်းတစ်ခုဖြစ်သည့် အားလျော်စွာထုတ်လုပ်ဖြန့်ဖြူးရောင်းချရာတွင် စားသုံးသူများ၏ ယုံကြည်စိတ်ချရမှုကိုဖြစ်စေသည့် ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးမြင့်မားသော စားသောက်ကုန်ဖြစ်ရန် လိုအပ်ပါသည်။ သို့ဖြစ်ရာ အရည်အသွေးမြင့်မားပြီး စားသုံးသူယုံကြည်မှုကိုဖြစ်စေမည့် စားသောက်ကုန်တစ်ခုထုတ်လုပ်နိုင်ရန်စားသုံးဆီထုတ်စက်ရုံများတွင် အရည်အသွေးစီမံခန့်ခွဲမှုစနစ်ဖြစ်သည့် ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်များ (Good Manufacturing Practices)ကို လိုက်နာကျင့်သုံးရပါမည်။ ထို့ပြင် စားသုံးဆီ၏ ပင်ကိုကောင်းမွန်သော အရည်အသွေးများပေါ် မူတည်၍ ဆီစိမ်းအတိုင်းလည်း အသုံးပြုကြသည်ဖြစ်ပေရာ စားသုံးဆီထုတ် လုပ်ငန်းစဉ်ကွင်းဆက် (Edible Oil Supply Chain) တစ်လျှောက်တွင် ပါဝင်ဆောင်ရွက်သူ တစ်ဦးတစ်ယောက်ချင်းဖြစ်စေ၊ အသုံးပြုရသော ပစ္စည်းကိရိယာ တစ်ခုချင်းအတွက်ဖြစ်စေ ကောင်းမွန်သောသန့်ရှင်းမှုကျင့်စဉ်များ (Good Hygiene Practices) ကိုလည်း အလေးထား ဆောင်ရွက်ထားရမည်ဖြစ်ပါသည်။

ဆီထွက်ပင်ရင်းမှသည် အရည်အသွေးမြင့် စားသုံးဆီဖြစ်လာရေး လုပ်ငန်းစဉ် ကွင်းဆက်တစ်လျှောက်တွင် အဓိကအရေးပါသောလုပ်ငန်းအစိတ်အပိုင်းများမှာဆီထွက် သီးနှံကုန်ကြမ်းရယူခြင်း၊ သိုလှောင်ခြင်း၊ ကြိတ်ခွဲခြင်း၊ နည်းပညာသုံး၍ ကုန်ချောထုတ်လုပ်ခြင်း၊ ထုတ်ပိုးခြင်းနှင့် သိုလှောင်ဖြန့်ဖြူးခြင်းတို့ဖြစ်ပါသည်။ လုပ်ငန်းအဆင့်တိုင်းတွင်အသုံးပြုရသည့် ပစ္စည်း၊ နည်းပညာနှင့် ဆောင်ရွက်ပုံအဆင့်ဆင့်တို့ ကွဲပြားခြားနားကြသောကြောင့် ကွင်းဆက်တစ်လျှောက် လွှမ်းခြုံမှုရှိသော အရည်အသွေးစီမံခန့်ခွဲမှုစနစ်ဖြစ်သည့် Hazard Analysis Critical Control Point (HACCP) ကိုဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

HACCP သည် ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်နှင့် ကောင်းမွန်သော သန့်ရှင်းမှုကျင့်စဉ်တို့၏ အရေးပါသော

အစိတ်အပိုင်း တစ်ခုဖြစ်ပြီး ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ဘေးအန္တရာယ် ရှိလာစေနိုင်မည့် အဓိကနေရာများကို ကြိုတင်စဉ်းစားရှာဖွေခြင်းဖြင့် သိပ္ပံနည်းကျကြိုတင်ပြင်ဆင် ဟန့်တားသည့် နည်းစနစ်တစ်ခုဖြစ်ပါသည်။ တစ်နည်းအားဖြင့်ထုတ်လုပ်မှုဖြစ်စဉ်ဆိုင်ရာအရည်အသွေး (Process Quality) ကို ထိန်းချုပ်သည့် နည်းစနစ်တစ်ခုလည်းဖြစ်ပါသည်။

HACCP စနစ်အရ ထုတ်လုပ်မှုဖြစ်စဉ် ကွင်းဆက်တစ်လျှောက်ရှိ အဓိကထိန်းချုပ်ရမည့် နေရာများကို စနစ်တကျ ထိန်းချုပ်ကွပ်ကဲနိုင်ရန် ကြိုတင်စီစဉ်ထားရပြီး မှားယွင်းမှုတစ်စုံတစ်ရာ ဖြစ်ပေါ်က ပြန်လည်ကုစားရမည့် ဆောင်ရွက်ချက်အစီအမံများ(Preventive and Corrective Measures) ကိုပါ ကြိုတင်ပြင်ဆင်ထားရပါမည်။ ထိုသို့ဆောင်ရွက်နိုင်ရန် မိမိတို့လုပ်ငန်းတွင် HACCP စနစ်မစတင်မီ HACCP စီမံချက်ကို ကြိုတင်ရေးဆွဲထားရပါမည်။

HACCP စီမံချက်တွင် ကနဦးကြိုတင် ဆောင်ရွက်ရန် လုပ်ငန်းစဉ် ၅ ခုနှင့်အတူ အခြေခံ စည်းမျဉ်း ၇ ခုပါဝင်နေပါသည်။ ကနဦးဆောင်ရွက်ရန် လုပ်ငန်းစဉ်များမှာ မိမိစက်ရုံရှိ လုပ်သားများဖြင့် HACCP အဖွဲ့ဖွဲ့စည်းခြင်း၊ ထုတ်ကုန်အမည်၊ ထုတ်လုပ်မှုနည်းစဉ်နှင့် ဖြန့်ဖြူးမှုနည်းလမ်းတို့ကို သတ်မှတ်ခြင်း၊ ထုတ်ကုန်ကို အသုံးပြုနိုင်မည့် နည်းလမ်းနှင့် ရည်ရွယ်ထားသော စားသုံးသူ အမျိုးအစား သတ်မှတ်ခြင်း၊ ထုတ်လုပ်မည့် ကုန်ပစ္စည်းအတွက် ထုတ်လုပ်ပုံအဆင့်ဆင့်ကို ဖော်ပြသော ပုံပြဇယား (Flow Diagram) ဖြင့် ဖော်ပြခြင်းနှင့် စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ စစ်ဆေး နိုင်စေရေး သင်တန်းပေးခြင်းတို့ဖြစ်ပါသည်။ ဆက်လက်ဆောင်ရွက်ရမည့် အခြေခံစည်းမျဉ်း ၇ ခုမှာ ထုတ်လုပ်မှု နည်းစဉ်တွင် ကျရောက်နိုင်သော ဘေးအန္တရာယ်အမျိုးအစားကို ကြိုတင်ဆန်းစစ်ခြင်း၊ လုပ်ငန်းစဉ်အတွင်း အဓိကထိန်းချုပ်ရမည့်နေရာများကို သတ်မှတ်ခြင်း၊ ခွင့်ပြုနိုင်သည့် ပါဝင်ဘက်ပစ္စည်းများ၏ ပမာဏကို အနည်းဆုံး၊ အများဆုံးသတ်မှတ်ပေးခြင်း၊ အထက်ပါ တန်ဖိုးသတ်မှတ် ချက်ဘောင်အတွင်း ရှိ/မရှိကို စောင့်ကြည့်စစ်ဆေး မှတ်တမ်းတင်ထားရခြင်း၊ ယင်းသတ်မှတ်ချက်ဘောင်မှ သွေဖယ်ခဲ့လျှင် ပြုလုပ်ရမည့် မှန်ကန်သော အရေးယူ ဆောင်ရွက်မှုကို တည်ဆောက်ထားရခြင်း၊ HACCP စနစ်ကို ကျင့်သုံးနေကြောင်း သေချာစေရန် လုပ်ထုံးလုပ်နည်းများ တည်ဆောက်ထားရမည်ဖြစ်ခြင်း၊ HACCP စီမံချက်ရေးသားထားမှုများ၊ လွှဲမှားစွာဆောင်ရွက်မှုများ၊ စစ်ဆေးချက် မှတ်တမ်းများနှင့် စာရွက်စာတမ်းအားလုံးကို မှတ်တမ်းများထားရှိခြင်း တို့ဖြစ်ကြပါသည်။

စားသုံးဆီထုတ်လုပ်သည့် လုပ်ငန်းကွင်းဆက်တစ်လျှောက်တွင်ပါဝင်သောအခန်းကဏ္ဍများအလိုက် မတူညီသောဘေးအန္တရာယ်အမျိုးအစား (Hazard) အမျိုးမျိုးရှိပါသည်။ ထို့ကြောင့် လုပ်ငန်းစဉ်တစ်လျှောက် အဓိကထိန်းချုပ်ရမည့်နေရာများနှင့် ထိန်းချုပ်ရန်ဆောင်ရွက်ရမည့် အချက်များကွဲပြားမည်ဖြစ်ပါသည်။

စားသုံးဆီ ထုတ်လုပ်သည့်စက်ရုံအတွင်း ကုန်ကြမ်းရယူသောနေရာတွင် ကြိုတင်ခန့်မှန်းထားရမည့် ဘေးအန္တရာယ်မှာသတ်မှတ်ချက်ထက်ပို၍များသောပိုးသတ်ဆေးကြွင်းနှင့် မှိုဆိပ်ပါဝင်နေခြင်းပင်ဖြစ်ပါသည်။ ထိန်းချုပ်ဆောင်ရွက်မှုအနေဖြင့်ကုန်ကြမ်းသွင်းသူများထံမှ မှိုနှင့် ပိုးသတ်ဆေးကြွင်းဆိုင်ရာ သက်သေခံလက်မှတ် တောင်းခံခြင်းနှင့် ကုန်ကြမ်းလက်ခံသည့် နေရာတွင် အရည်အသွေးစစ်ဆေးသောလုပ်ငန်းစဉ်ကို တည်ဆောက်ထားခြင်းစသည်တို့ကို ဆောင်ရွက်ထားသင့်သည်။

ကုန်ကြမ်းသိုလှောင်သည့် နေရာ၌ မှိုဆိပ်ပေါက်ပွားလာနိုင်ခြင်းသည် ကြိုတင်ခန့်မှန်းထားရမည့် ဘေးအန္တရာယ်ဖြစ်ပြီး ထိန်းချုပ်သည့်ဆောင်ရွက်မှုများမှာ သိုလှောင်ရုံသန့်ရှင်းခြင်းနှင့် သိုလှောင်ရုံဧရိယာတွင် လေဝင်လေထွက်ကောင်းစေခြင်းတို့ဖြစ်ပါသည်။ ကြိတ်ခွဲခြင်းအဆင့်တွင်ရေနှင့်အသုံးပြုသောကိရိယာများမှ ဓာတုဗေဒဆိုင်ရာ အညစ်အကြေးများနှင့်သတ္တုစများ ပါဝင်လာနိုင်မှုကြောင့် ကြိတ်ခွဲစဉ်တစ်လျှောက် စက်ရုံအတွင်း/အပြင်နှင့် စက်ကိရိယာများကို သန့်ရှင်းရေး ပုံမှန်ပြုလုပ်ခြင်း၊ ထုတ်လုပ်မှုဖြစ်စဉ်တစ်လျှောက်တွင် အသုံးပြုသောရေကို ဓာတ်ခွဲစစ်ဆေးခြင်းနှင့် ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးခြင်းစသည်တို့ဖြစ်ပါသည်။

စားသုံးဆီသိုလှောင်သည့် နေရာတွင် ကြိုတင်ခန့်မှန်းထားရမည့် ဘေးအန္တရာယ်မှာ ဆီသိုလှောင်ကန်မှ အညစ်အကြေးဖြစ်ပါသည်။ ယင်းအတွက် ထိန်းချုပ်မှုအနေဖြင့် စတီးအထူသား (Stainless Steel) ဖြင့်ပြုလုပ်ထားသော ဆလင်ဒါပုံသဏ္ဍာန်ရှိသည့် ဆီသိုလှောင်ကန်ကို အသုံးပြုခြင်း၊ ၎င်းကန်၏ မူလသိုလှောင်ပစ္စည်း အညစ်အကြေး၊ အကြွင်းအကျန်များကို သေချာစွာဆေးကြော သန့်စင်ထားပြီးအခြောက်ခံထားခြင်းစသည်တို့ကို ကြိုတင်ဆောင်ရွက်ထားရပါမည်။

စားသုံးဆီသယ်ယူပို့ဆောင်ခြင်းအဆင့်အတွက် ကြိုတင်ခန့်မှန်းထားရမည့် ဘေးအန္တရာယ်မှာ ဆီထည့်မည့် ပုံးခွံမှ အညစ်အကြေးဖြစ်ပါသည်။ အဆိုပါ ဘေးအန္တရာယ်မှ ရှောင်ရှားနိုင်ရန် သန့်ရှင်းခြောက်သွေ့သော ပုံးခွံနှင့် အဖုံးများကိုအသုံးပြုခြင်း၊ ပုံးခွံထဲသို့ဆီမဖြည့်မီ ပုံးနှင့်အဖုံးကို စစ်ဆေးစေ ခြင်း၊ ဆီဖြည့်ပြီးပါကလည်း ပုံးပေါ်တွင် plastic packing တစ်ထပ်ပြန်လည် ထုပ်ပိုးစေခြင်းနှင့် စက်ပစ္စည်းကိရိယာ လုံလောက်စွာဖြင့် ဝန်ထမ်းများအား လေ့ကျင့် သင်ကြားပေးခြင်းတို့ကို ကြိုတင်အစီစဉ်ချမှတ်၍ဆောင်ရွက်ရပါမည်။

ထိုကဲ့သို့ ထုတ်လုပ်မှုအဆင့်တိုင်းအတွက် ကြိုတင်ပြင်ရုံမျှမက စက်ရုံနှင့် ပတ်သတ်သော အသေးစိတ်အချက်အလက်များ၊ ထုတ်လုပ်မှုလုပ်ငန်းဆောင်ရွက်သည့်ဧရိယာနှင့်သက်ဆိုင်သော အထွေထွေလိုအပ်ချက်များ၊ လုပ်ငန်းသုံးကိရိယာတန်ဆာပလာများ၏ သန့်ရှင်းရေးဆောင်ရွက်မည့်အစီအစဉ်များနှင့် ဝန်ထမ်းပိုင်းဆိုင်ရာ စီမံခန့်ခွဲခြင်းအစီအစဉ်များကိုပါ ကြိုတင်ခန့်မှန်း၍ အပိုင်းလိုက်ဆောင်ရွက်ရမည့်အစီအမံများကိုပါ ရေးဆွဲပြင်ဆင်ထားရမည်ဖြစ်ပါသည်။

HACCP စနစ်တွင် အဓိက ထိန်းချုပ်ရမည့်နေရာနှင့် ဖြစ်ပေါ်လာတတ်သည့် ဘေးအန္တရာယ်တို့ကို တိတိကျကျ သတ်မှတ်ထိန်းချုပ်နိုင်ရေးသည် အရေးအကြီးဆုံး အချက်ဖြစ်ပါသည်။ ထုတ်ကုန်တွင် အားနည်းချက်များရှိခြင်း၊ စံချိန်စံညွှန်းနှင့် ကိုက်ညီမှုမရှိခြင်းများ ဖြစ်ပေါ်လာပါက အဓိကထိန်းချုပ်ထားသည့်နေရာများကို ပြန်လည်စစ်ဆေးခြင်းအပြင် မိမိရေးဆွဲထားသော HACCP စနစ်တစ်ခုလုံးကိုလည်း ပြန်လည်ဆန်းစစ်ရမည်ဖြစ်ပါသည်။

အချုပ်အားဖြင့် ဆိုရလျှင် HACCP စနစ်သည် ထုတ်ကုန်အရည်အသွေးကို သိပ္ပံနည်းကျ စောင့်ကြည့်ထိန်းကွပ်ပေးနိုင်သော စနစ်ကောင်းတစ်ခုဖြစ်သောကြောင့် စားသုံးဆီထုတ်လုပ်သော စက်ရုံများတွင် အဆိုပါစနစ်ကို လိုက်နာကျင့်သုံးသင့်ပါသည်။ HACCP စနစ်ကို လိုက်နာကျင့်သုံးခြင်းအားဖြင့် မိမိတို့၏ ထုတ်ကုန်အရည်အသွေးစံနှုန်းကို တိုးတက်လာစေပြီး အစားအစာထုတ်လုပ်မှုဆိုင်ရာ လိုအပ်ချက်များနှင့် ကိုက်ညီစေခြင်း၊ မိမိကုန်စည်ထုတ်လုပ်ရာတွင်အထက်ဖော်ပြပါ ကျင့်စဉ်ကောင်းများကို အသုံးပြုထုတ်လုပ်ထားခြင်းကြောင့် ထုတ်ကုန်၏ အရည်အသွေးဆိုင်ရာ ပြဿနာများ လျော့ပါးစေခြင်းအပြင် ရေရှည်တွင် စားသုံးသူ၏ယုံကြည်မှုတိုးတက်လာခြင်းဖြင့် မိမိထုတ်ကုန်၏ဈေးကွက်ကျယ်ပြန့်လာပြီး ဝင်ငွေတိုးတက်လာနိုင်ခြင်းစသည့်အကျိုးကျေးဇူးများ ရရှိလာနိုင်မည်ဖြစ်ပါ၍ HACCP စနစ်ကျင့်သုံးသော စားသုံးဆီစက်ရုံများ ပေါ်ထွက်လာနိုင်ရေး ရည်သန်၍ တိုက်တွန်းရေးသား တင်ပြလိုက်ရပါသည်။

**အိအိချော(CTQM)**

## ဘက်စုံဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့ခြင်းဆီသို့

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် သက်ဆိုင်ရာ ကုန်သွယ်မှုကဏ္ဍများဖြင့် ဆောင်ရွက်လျက်ရှိရာတွင် ကုန်သွယ်မှုလုပ်ငန်းသည် အလွန်အရေးပါသည့် အခန်းကဏ္ဍက ပါဝင်လျက်ရှိရာ နိုင်ငံတော်အနေဖြင့် ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရန် နည်းလမ်းပေါင်းစုံနှင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံသားအားလုံး ပူးပေါင်းပါဝင်နိုင်ပြီး တီထွင်ဆန်းသစ်မှုနှင့်ကြိုးပမ်းအားထုတ်မှုများဖြင့် တိုးတက်မှု ရလဒ်ကောင်းများကို အစဉ်အဆက် ရယူထိန်းသိမ်းနိုင်မည့် စီးပွားရေးစနစ်တစ်ခုအဖြစ် ထူထောင်ရန်နိုင်ငံတော်မှရည်မှန်းချက်ထားပြီးလုပ်ဆောင်လျက်ရှိသည်။

နိုင်ငံတော်၏ စီးပွားရေးမူဝါဒသည် ပြည်သူကို ဗဟိုပြုပြီးအားလုံးပါဝင်နိုင်သော စဉ်ဆက်မပြတ်တိုးတက်မှုရရှိစေနိုင်သော မူဝါဒတစ်ရပ်အဖြစ် အကောင်အထည်ဖော်ရာ၌ အမျိုးသားပြန် လည်သင့်မြတ်ရေးကို အထောက်အကူရရှိစေရန်ဦးတည်၍ သဘာဝသယံဇာတ အရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းကာ ပြည်နယ်နှင့် တိုင်းဒေသကြီးများအကြား မျှတမှန်ကန်စွာ ခွဲဝေအသုံးချနိုင်မည့် စီးပွားရေးမူဘောင်များရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေး ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရှင်များ လုပ်သာကိုင်သာ ရှိစေရေးအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်ကို ပြဋ္ဌာန်းပေးခဲ့သလို စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေနှင့် ယှဉ်ပြိုင်မှုဥပဒေများကိုလည်း ရေးဆွဲအတည်ပြု ပြဋ္ဌာန်းခဲ့ပါသည်။ ထို့အပြင် ပင်လယ်ရေကြောင်း ကုန်သွယ်မှု၊

နယ်စပ်ကုန်သွယ်မှုတို့တွင် ကုန်သွယ်မှု လုပ်ငန်းများ နှောင့်နှေးမှုမရှိစေဘဲ လျင်မြန်ချောမွေ့စွာ ကုန်သွယ်မှု ပြုနိုင်စေရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ ပို့ကုန် တင်ပို့မှုတွင် နိုင်ငံတော်ဘဏ္ဍာပိုမိုရရှိစေရန် ပို့ကုန်တင်ပို့မှု ကိုအားပေးလျက်ရှိသည်။ ပို့ကုန်လုပ်ငန်းရှင်များအားပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေးအတွက်လည်း ကုန်ထုတ်လုပ်ငန်းရှင် များကြုံတွေ့နေရသည့် အခက်အခဲ၊ အတားအဆီးနှင့် အဟန့်အတားများကို ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိ သည်။ ပို့ကုန်တင်ပို့မှုအနေဖြင့်လယ်ယာထွက်ကုန်ပစ္စည်း၊ ရေထွက် ကုန်ပစ္စည်း၊ သတ္တုတွင်းထွက် ကုန်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ စက်မှုကုန်ချောအုပ်စုတို့ တင်ပို့ပြီး လယ်ယာထွက်ကုန် ပစ္စည်းအနေနှင့် အဓိကထားတင်ပို့ သည့် ဆန်၊ ကောက်ညှင်းဆန်၊ နာနတ်သီး၊ ပြောင်း၊ ရော်ဘာ၊ဖရဲသီးတို့ကိုလည်းတင်ပို့လျက်ရှိသည်။ သွင်းကုန် တင်သွင်းမှုအနေဖြင့် စက်နှင့် စက်ပစ္စည်းများ၊ သံနှင့် သံမဏိ ဆောက်လုပ်ရေး ပစ္စည်းများ၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးနှင့်တပ်ဆင်ပစ္စည်းများစသဖြင့် တင်သွင်းလျက် ရှိသည်။

မြန်မာနိုင်ငံ၏ ပို့ကုန်သွင်းကုန်ကဏ္ဍသည် တရားမဝင် တင်သွင်းတင်ပို့မှုများကြောင့် တစ်နေ့တခြားလျော့ကျလာ လျက်ရှိရာတရားမဝင်ပို့ကုန်သွင်းကုန်များ လျော့ကျစေရန် အတွက် ကုန်ပစ္စည်းစစ်ဆေးရေးဌာနများ၊ ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာဌာန အသီးသီးမှ တာဝန်ရှိ သူဝန်ထမ်းများက ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက် လျက်ရှိသည်။ ပို့ကုန်/သွင်းကုန်များ တိုးတက်မှသာ နိုင်ငံတော်အခွန်ဘဏ္ဍာများ တိုးတက်ရရှိနိုင်မည်ဖြစ်သည်။ ပို့ကုန်သွင်းကုန်များ တိုးတက်စေရန်အတွက် ကုန်သွယ်မှု လျာထားချက်များကို နှစ်စဉ်ရေးဆွဲပြီး လုပ်ဆောင်ကြ လျက်ရှိသည်။

ထိုသို့လုပ်ဆောင်ကြရာတွင် မြေပြင်မှာဖြစ်ပေါ်နေသည့် ကိန်းဂဏန်းတန်ဖိုးကို အခြေခံပြီးရေးဆွဲပြီး မှန်ကန်တိကျ သည့်ကုန်သွယ်မှု လျာထားချက်ကို ရရှိမည်ဖြစ်သည်။ တရားမဝင်တင်ပို့တင်သွင်းမှုများ လျော့နည်းပပျောက်ရန် ပြည်နယ်/တိုင်းဒေသကြီး အသီးသီးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိသူများ ပူးပေါင်းပြီး တားဆီးဆောင်ရွက်လျက်ရှိသည်။ တရားမဝင်ကုန်သွယ်မှု ကြောင့်နိုင်ငံတော် သယံဇာတ အရင်းအမြစ်များဆုံးရှုံး လျက်ရှိရာ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာရရှိမှုလည်း ဆုံးရှုံးရသည့်အတွက်တရားမဝင်ကုန်သွယ်မှု ပပျောက်ရေး ကိုထိထိရောက်ရောက် ဆောင်ရွက်လျက်ရှိသည်။ ဖွံ့ဖြိုး တိုးတက်ရန် ကုန်သွယ်ရေးစခန်းများနှင့် ကုန်သွယ်ရေးဇုန် များကုန်သွယ်မှု လျင်မြန်တိုးတက်စေရန်အတွက် မြန်မာ နိုင်ငံအတွင်း၌ရှိသောကုန်သွယ်ရေးစခန်းများနှင့် ကုန်သွယ် ရေးဇုန်များကို ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်လည်း လုပ်ဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ကုန်သွယ်ရေးစခန်းနှင့် ကုန်သွယ်ရေးဇုန် များတွင် အိမ်နီးချင်းနိုင်ငံများကို ပြည်တွင်းက ကုန်ပစ္စည်း များတင်ပို့နိုင်ရန် စခန်းနှင့်ဇုန်တစ်ခုအသွင်သာ ရှိနေခဲ့ပြီး တစ်ဖက်နိုင်ငံက ကုန်သွယ်ရေးစခန်းများမှာ မြန်မာနိုင်ငံက ကုန်ပစ္စည်းတွေကို စနစ်တကျသိုလှောင်ပြီး တစ်ဆင့် ပြန်လည်ရောင်းချနိုင်သည့် ကုန်ရောင်းဝယ်ရေးစခန်းကြီး တစ်ခုအသွင်အဖြစ်တည်ရှိလျက်ရှိသည်။

မြန်မာနိုင်ငံ၌ရှိသော ကုန်သွယ်ရေးစခန်းနှင့် ကုန်သွယ် ရေးဇုန်များကို အဆင့်မြှင့်တင်နိုင်ရန် ကုန်သွယ်ရေးဇုန်နှင့် ကုန်သွယ်ရေးစခန်းများ၌ အဆင့်မြင့်သိုလှောင်ရုံများ၊ ကုန် ပစ္စည်း တင်ချလုပ်နိုင်သည့် နေရာများ၊ အအေးခန်းစက်ရုံ၊ အအေးခန်းကုန် သေတ္တာများ ထားရှိနိုင်ရန်ကုန်ပစ္စည်းများ လေလွင့်ဆုံးရှုံးမှု မဖြစ်စေရန်၊ သိုလှောင်နည်းစနစ်မှန်ကန် စေရန်၊ သိုလှောင်ထိန်းသိမ်းနည်းစနစ်ကို ကျွမ်းကျင်စေရန် စသော မှန်ကန်သည့်လုပ်ငန်းရပ်များကို လုပ်ဆောင်လျက် ရှိကြသည်။ ပြည်ပက ကုန်သည်များ လာရောက်ဝယ်ယူနိုင် သည့်ကုန်သွယ်ရေးဇုန်၊ စခန်းများဖြစ်အောင် အဘက်ဘက် က လိုအပ်ချက်များကိုပြုပြင်လျက်ရှိသည်။

ကျွန်မတို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနအနေဖြင့် ကုန်သွယ်မှုလွယ်ကူလျင်မြန်ချောမွေ့စေရေး အတွက် ဖြေလျော့ပေးမှုများကို ဆောင်ရွက်ပေးလျက်ရှိရာ လိုင်စင်လျှောက်ထားရာမှာ ကြန့်ကြာမှုမရှိစေရေးအတွက် အွန်လိုင်းမှတစ်ဆင့် လျှောက်ထားနိုင်ရန် အတွက်လည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ပို့ကုန်သွင်းကုန်များ တိုးတက်စေရေး၊ နိုင်ငံတော်အခွန် ဘဏ္ဍာ တိုးတက်ရရှိစေရေးအတွက် ဘက်ပေါင်းစုံမှဖြေ လျော့ပေးမှုများကိုပြုလုပ်ပေးလျက်ရှိသည်။ အရည်အသွေး ရှိပို့ကုန်များနှင့်အရည်အသွေးမြင့်ပို့ကုန်များတိုးတက်တင်ပို့ နိုင်ရေးသည် ပို့ကုန်မြှင့်တင်ရေးကို အထောက်အကူပြုနိုင် မည်ဖြစ်သည်။

နိုင်ငံတိုင်းသည် ခေတ်မီတိုးတက်လာသည့်အလျောက် အရည်အသွေးကို အဓိကထားသည့် စားသုံးမှုပုံစံကို တဖြည်းဖြည်းနှင့် ပြောင်းလဲလာခဲ့ပြီဖြစ်သည်။ အရည်

အသွေးကို အဓိကထားသည့် ဈေးကွက်ခေတ်ကို ရောက်ရှိလာသည့်အတွက် မြန်မာနိုင်ငံမှ ပို့ကုန် လုပ်ငန်းရှင်များ၊ စိုက်ပျိုးထုတ် လုပ်သူလုပ်ငန်းရှင်များ အနေနှင့်လည်း အရည်အသွေးကောင်းသည့် ကုန်ပစ္စည်းများ၊ အသီးအနှံများကို စိုက်ပျိုးထုတ်လုပ်ကြခြင်းဖြင့် ကုန်သွယ်မှုအမြတ်ဝင်ငွေများလည်းပိုမိုရရှိနိုင်မည်ဖြစ်သည်။

အရည်အသွေးကောင်းမှဈေးကောင်းရမှာဖြစ်ပြီး အရည်အသွေးသည် အဓိကဆိုသလို အရည်အသွေးကောင်းသည့် ပို့ကုန်ပစ္စည်းများ တိုးတက်တင်ပို့နိုင်ရန်အတွက် ခေတ်မီနည်းပညာများကို အသုံးပြုကြရမှာဖြစ်သည်။ အရည်အသွေးကောင်းသည့် ကုန်ပစ္စည်းများ တိုးတက်တင်ပို့နိုင်ပါက ပို့ကုန်ပိုမိုတင်ပို့လာနိုင်မှာဖြစ်ပြီး ကုန်သွယ်မှုပိုမိုလွယ်ကူလျင်မြန်ချောမွေ့လာမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ငြိမ်းဝေနှင်း(စားသုံး)

## “မြန်မာ့ဒီဂျစ်တယ်စီးပွားရေးတိုးတက်ဖို့ E-ComReg တွင် မှတ်ပုံတင်၍ အွန်လိုင်းလုပ်ငန်းများ ဆောင်ရွက်ကြပါစို့”


၁။ ဒီဂျစ်တယ်စီးပွားရေး (Digital Economy) ဟုဆိုလျှင်မြန်မာပြည်သူများအနေဖြင့် မိမိတို့နှင့် စိမ်းသည်ဟု ထင်ကောင်းထင်ကြလိမ့်မည်။ လက်တွေ့သုံးသပ်ကြည့်ပါ ဒီဂျစ်တယ်စီးပွားရေး အပိုင်းအစများသည် မိမိတို့၏ နေ့စဉ် လူနေမှုဘဝတွင် ပါဝင်လျက်ရှိပေသည်။ ကိုဗစ်-၁၉ အလွန်ကာလများတွင် လူသားတို့၏အပြုအမူများ၊ ဆောင်ရွက်မှုနည်းလမ်းများသည် တိုးတက်လာသော နည်းပညာများ၏ အထောက်အကူဖြင့် သိသာစွာပြောင်းလဲလာခဲ့ပါသည်။




၂။ သမားရိုးကျ ကူးသန်းရောင်းဝယ်ခြင်း၊ သမားရိုးကျ ဈေးကွက်ရှာဖွေခြင်း အခြေအနေများမှသည် အီလက်ထရောနစ် နည်းလမ်းဖြင့် ကူးသန်းရောင်းဝယ်ခြင်းနှင့် ဈေးကွက်ရှာဖွေခြင်း လုပ်ငန်းများဆီသို့ သိသာစွာ ကူးပြောင်းလာခဲ့ကြပြီဖြစ်သည်။ နည်းပညာအရ တီထွင်ထားသည့် ဉာဏ်ရည်တု ဖြစ်သော Artificial Intelligence (AI)၊ Chat GPT များကို လူသားတို့၏ နိစ္စဓူဝလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ၌ တွင်ကျယ်စွာအသုံးပြု၍ ပိုမိုထိရောက်သောနည်းလမ်းများဖြင့် ဒီဂျစ်တယ်အသွင် ကူးပြောင်းကာ ဆောင်ရွက်လာကြပြီဖြစ်ပါသည်။

၃။ မြန်မာနိုင်ငံတွင်လည်းယနေ့ကာလတွင် မိုဘိုင်းဖုန်းများကိုကျေးလက်/မြို့ပြနေလူတန်းစားများအားလုံး နီးပါးကအသုံးပြုလာနိုင်ကြပြီဖြစ်ပါသည်။ မိုဘိုင်းဖုန်းများမှတစ်ဆင့် သတင်းအချက် အလက်များကို အင်တာနက်မှ အချိန်နှင့်တစ်ပြေးညီရှာဖွေနိုင်ခြင်း၊ E-Commerce Platform များ၊ Social Media Platform များမှတစ်ဆင့် ကုန်စည်နှင့် ဝန်ဆောင်မှုများကို ကူးသန်းရောင်းဝယ်ခြင်း၊ Digital Marketing နည်းလမ်းဖြင့် ဈေးကွက်ရှာဖွေမြင့် တင်လာကြခြင်း၊ ငွေပေးချေမှုများကို အွန်လိုင်းစနစ်ဖြင့် အသုံးပြုလာကြခြင်း၊ ဒီဂျစ်တယ်ပိုက်ဆံများကို တွင်ကျယ်စွာအသုံးပြုလာကြခြင်းစသည်တို့သည် ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် အရေးပါသည့် အခြေခံလမ်းစများဖြစ်ကြပါသည်။

၄။ ထိုသို့ အီလက်ထရောနစ် ကူးသန်းရောင်းဝယ်ခြင်း အပါအဝင် စီးပွားရေးရာဆက်စပ် လုပ်ငန်းရပ်များကို ဒီဂျစ်တယ်ပလက်ဖောင်း (Digital Platform) များပေါ်သို့ ကူးပြောင်းရာတွင် စနစ်တကျ ထိန်းကျောင်းဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာကဏ္ဍအလိုက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို အာဆီယံဒေသတွင်းနှင့် နိုင်ငံတကာသဘောတူညီချက်၊ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့် အညီ လိုက်ပါဆောင်ရွက်ရန် လိုအပ်ပါသည်။




၅။ မြန်မာနိုင်ငံ၏ ဒီဂျစ်တယ် အသွင်ကူးပြောင်းခြင်းနှင့် ဒီဂျစ်တယ် ပြောင်းလဲအသုံးပြုခြင်း လုပ်ငန်းစဉ်များကို ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ) Digital Economy Development Committee-DEDC) မှ

ဦးဆောင်၍ ဆောင်ရွက်လျက်ရှိပါသည်။ DEDC သည် ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များတွင် ဦးဆောင်မှုပေးရန်အတွက် ဖွဲ့စည်းထားသော အမျိုးသားအဆင့် ဦးဆောင်ကော်မတီ ဖြစ်ပါသည်။ DEDC အနေဖြင့် မြန်မာ့ဒီဂျစ်တယ်စီးပွားရေး လမ်းပြမြေပုံကို ရေးဆွဲချမှတ်၍ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဒီဂျစ်တယ်ကုန်သွယ်မှု၊ ဘဏ္ဍာရေးဝန်ဆောင်မှု၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် လမ်းပန်းဆက်သွယ်ရေးစသည့်ကဏ္ဍများကို ဒီဂျစ်တယ်အသွင်ကူးပြောင်း၍ ဒီဂျစ်တယ်နည်းလမ်းဖြင့် မြန်မာ့စီးပွားရေးဖွံ့ဖြိုး တိုးတက်ရန်ဆောင်ရွက်နိုင်ရေးကို အဓိကထား၍ ဆောင်ရွက်လျက်ရှိပါသည်။

၆။ အာဆီယံ ဒေသတွင်း E-Commerce ဆိုင်ရာလုပ်ငန်းများအတွက် မြန်မာနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ASEAN Coordinating Committee on E-Commerce and Digital Economy (ACCED) နှင့် ASEAN-Canada Free Trade Agreement စေ့စပ်ညှိနှိုင်းမှု၏ Working Group on e-Commerce တို့တွင် လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခြင်းများကို သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် လိုက်ပါဆောင်ရွက်ပေးလျက်ရှိရာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် အဓိကဆောင်ရွက်လျက်ရှိသည့် ဝန်ကြီးဌာနတစ်ခုဖြစ်ပါသည်။

၇။ ထို့ပြင်အာဆီယံ အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုပိုမိုလွယ်ကူ ချောမွေ့စေရေးအတွက် အာဆီယံပြတင်းတစ်ပေါက် (SEAN Single Window-ASW) မှတစ်ဆင့် အာဆီယံ နိုင်ငံများအကြား အီလက်ထရောနစ်နည်းဖြင့် ATIGA Form-D များလဲလှယ်နိုင်ရေးအတွက်နိုင်ငံအလိုက် National Single Window Routing Platform (NSW-RP) စနစ်အား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံသည် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ၂၀၁၉ ခုနှစ်၊ မေလအတွင်း ATIGA Form-D စမ်းသပ်လဲလှယ်ခြင်း (Pilot Testing) များကို စတင်ဆောင်ရွက်ခဲ့ပြီး၊ ဆက်လက်၍ စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် Parallel Testing ကိုဆောင်ရွက် နိုင်ခဲ့ပြီးဖြစ်ပါသည်။

၈။ ထို့အပြင် လွတ်လပ်သော ကုန်သွယ်မှုဒေသအလိုက် အီလက်ထရောနစ် ရုံးတံဆိပ်နှင့် လက်မှတ်များကို ခွင့်ပြုထားသည့် CO Form (၅) မျိုးတွင် Online CO Application System မှ အီလက်ထရောနစ် ရုံးတံဆိပ်နှင့် လက်မှတ်များ ထည့်သွင်းနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနသည် Online CO Application System ကိုအဆင့်မြှင့်တင် ဆောင်ရွက်ခဲ့ပါသည်။ Online CO Application System ဖြင့် လျှောက်ထားသော Form AK, Form AJ, Form AANZ, Form AHK နှင့် Form RCEP တို့ကို တာဝန်ရှိသူက စိစစ်ပြီးသည့်အခါ အီလက်ထရောနစ် ရုံးတံဆိပ်နှင့် လက်မှတ်များကို အသုံးပြု၍ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်၍ စိစစ်ခွင့်ပြုထုတ်ပေးနိုင်လျက်ရှိပါသည်။

၉။ ကိုဗစ်-၁၉ အလွန်ကာလတွင် ရောင်းချမှုပုံစံများ ပြောင်းလဲလာမှုအရ အခြားသောနိုင်ငံများ နည်းတူ အွန်လိုင်းပေါ်သို့ ရောက်ရှိလာသော မြန်မာ့စီးပွားရေးလုပ်ငန်းများသည်လည်း သက်ဆိုင်ရာ မြန်မာနိုင်ငံရှိ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်သော်လည်းကောင်း၊ ဒေသတွင်းနှင့်နိုင်ငံတကာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်သော်လည်းကောင်း ကိုက်ညီရန် လိုအပ်ပါသည်။ ထို့ကြောင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၃) ဖြင့် အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုလုပ်ငန်းအဖြစ် သတ်မှတ်ခဲ့ပါသည်။ ထို့ပြင် အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်း လုပ်ငန်းမှတ်ပုံတင်ခြင်းဆိုင်ရာ အမိန့်အမှတ် (၅၁/၂၀၂၃) ကိုလည်း ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၁၀။ ထို့နောက် အီလက်ထရောနစ်နည်းလမ်းကို အသုံးပြု၍အရောင်းအဝယ်များ ပြုလုပ်ရာတွင် အကျုံးဝင်သက်ဆိုင်သည့်ဥပဒေများနှင့် ပြဋ္ဌာန်းချက်များကို လုပ်ငန်းရှင်များနှင့် စားသုံးသူများက ဥပဒေကြောင်းအရ နားလည်သဘောပေါက်စေရန်နှင့် ၎င်းတို့ကို သိရှိနားလည်ထားခြင်းအားဖြင့် ကြိုတင်မှန်းဆဆောင်ရွက်နိုင်မှုကို မြှင့်တင်နိုင်ရန်အခြေခံမှုအဖြစ်ခံယူထားရှိ၍ အီလက်ထရောနစ် နည်းလမ်းဖြင့် ကူးသန်းရောင်းဝယ်ခြင်းလမ်းညွှန် (E-Commerce Guide-line) အား ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ထုတ်ပြန်နိုင်ခဲ့ပါသည်။

၁၁။ E-Commerce Guidelines ၏ အပိုင်း (၅) E-Commerce ဆိုင်ရာလိုက်နာရမည့် အချက်များတွင် မှတ်ပုံတင်ခြင်းသည် အရေးပါသော အခြေခံအချက်တစ်ရပ်အဖြစ် ပါဝင်ပါသည်။ မြန်မာနိုင်ငံအတွင်း E-Commerce လုပ်ငန်းလုပ်ကိုင်သူသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက စီမံခန့်ခွဲသတ်မှတ်ထားသော စနစ်တွင် မှတ်ပုံတင်ရမည်ဟု ဖော်ပြပါရှိပါသည်။

၁၂။ စနစ်တစ်ခုကိုကောင်းမွန်စွာ စီမံခန့်ခွဲနိုင်ရန်အတွက် မှန်ကန်သည့် သတင်းအချက်အလက်များ ရရှိရန်သည် အလွန်အခြေခံကျ အရေးကြီးသည့် အချက်တစ်ခုဖြစ်ရာ မှတ်ပုံတင်ခြင်း (Register) ပြုလုပ်ရန်သည် အဓိကကျလှပါသည်။ သို့ဖြစ်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနသည် အွန်လိုင်းစနစ်ဖြင့်ရောင်းချခြင်း လုပ်ငန်းများ မှတ်ပုံတင်လက်မှတ် လျှောက် ထားနိုင်ရေးအတွက် E-ComReg စနစ်ကို Software ရေးဆွဲခဲ့ပြီး၊ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့တွင် စနစ် စတင်ဖွင့်လှစ်နိုင်ခဲ့ပါသည်။

၁၃။ စနစ်မိတ်ဆက်ခြင်းနှင့် အသိပညာပေးအခမ်းအနားများကိုမန္တလေးမြို့နှင့်ရန်ကုန်မြို့ကြီးများတွင် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလနှောင်းပိုင်းနှင့် အောက်တိုဘာလ ၂ ရက်နေ့တို့တွင်ကျင်းပပြုလုပ်ခဲ့ပါသည်။ အွန်လိုင်းရောင်းချခြင်းအတွက် မှတ်ပုံတင်လက်မှတ် လျှောက်ထားလိုသူသည် ရုံး၊ ဌာနများသို့ လူကိုယ်တိုင်လာရောက်ဆောင်ရွက် ရန်မလိုအပ်ဘဲ www.ecomreg.gov.mm မှ တစ်ဆင့်အွန်လိုင်းစနစ်ဖြင့် လျှောက်ထားနိုင်ပြီဖြစ်ပါသည်။

### လွယ်သလား၊ ခက်သလား E-ComReg

၁၄။ အွန်လိုင်းရောင်းချခြင်း မှတ်ပုံတင်ရန် E-ComReg စနစ်ကိုဘယ်လိုအသုံးပြုရမလဲ။ ဘယ်သူတွေက လျှောက်ရမှာလဲ။ လျှောက်ထားရတာလွယ်သလား။ ခက်သလား။ ခွင့်ပြုချက်ရဖို့ ဘယ်လောက်ကြာမှာလဲ။ စသည်တို့သည် လုပ်ငန်းရှင်များအများစု သိလိုကြသော မေးခွန်းများဖြစ်ကြသည်။

၁၅။ ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် E-ComReg စနစ်ကိုလွယ်ကူစွာအသုံးပြုနိုင်ရန် ဆောင်ရွက်ပေးထားပါသည်။ ကုမ္ပဏီ တည်ထောင်ထားပြီးသူ လုပ်ငန်းရှင်များလည်း လျှောက်ထားနိုင်သည့်အပြင်၊ ကုမ္ပဏီ တည်ထောင်ထားခြင်းမရှိသော်လည်း အွန်လိုင်းစီးပွားရေး (Online Business) ကိုတစ်ပိုင်တစ်နိုင်ဆောင်ရွက်ကြသော Individual စီးပွားရေး လုပ်ငန်းများလည်း လျှောက်ထားရမည်ဖြစ်ပါသည်။ E-ComReg စနစ်တွင် မှတ်ပုံတင်ခြင်းကို လွယ်ကူစွာဆောင်ရွက်နိုင်ရန် အောက်ပါ စာရွက်စာတမ်းများ၏ SoftCopy ဖိုင်များကို (PDF) သို့မဟုတ် (JPEG) Format ဖြင့် ကြိုတင်ပြင်ဆင်ထားရန်လိုအပ်ပါမည်-

(က) ကုမ္ပဏီ (သို့မဟုတ်) စီးပွားရေး အဖွဲ့အစည်း အတွက်လျှောက်ထားခြင်းအတွက်ပူးတွဲတင်ပြရန် ကုမ္ပဏီမှတ်ပုံတင် လက်မှတ် PDF (သို့) JPEG ပြင်ဆင်ထားခြင်း၊

(ခ) ကုမ္ပဏီ (သို့မဟုတ်) စီးပွားရေး အဖွဲ့အစည်း အတွက်လျှောက်ထားခြင်းအတွက် ပူးတွဲတင်ပြရန်SME မှတ်ပုံတင်လက်မှတ် PDF (သို့) JPEG ပြင်ဆင်ထားခြင်း၊

(ဂ) ဆိုင်လိပ်စာမှန်ကန်ကြောင်း ရပ်ကွက်ထောက်ခံစာရယူ၍ PDF (သို့) JPEG ပြင်ဆင်ထားခြင်း၊

(ဃ) ရဲစခန်း ထောက်ခံစာ ရယူ၍ PDF (သို့) JPEG ပြင်ဆင်ထားခြင်း၊

(င) Passport Photo (JPEG File Format) ပြင်ဆင်ထားခြင်း၊

(စ) လျှောက်ထားသူ Online Shop Owner ၏ မှတ်ပုံတင် ပူးတွဲတင်ပြရန် မှတ်ပုံတင်ရှေ့ခြမ်းနှင့်နောက်ခြမ်းတို့အား Scan ပြုလုပ် PDF (သို့) JPEG ပြင်ဆင်ထားရန်၊

(ဆ) နိုင်ငံခြားသား လျှောက်ထားသူများ Passport ရှေ့ခြမ်း စာမျက်နှာအား PDF (သို့) JPEG ပြင်ဆင်ထားရန်၊

(ဇ) လျှောက်ထားသူ Owner ၏ နေထိုင်ကြောင်း လိပ်စာမှန်ကန်ကြောင်း ရပ်ကွက်နှင့် ရဲစခန်း ထောက်ခံစာများ ပူးတွဲတင်ပြရန် PDF (သို့) JPEF file format ပြင်ဆင်ထားရန်၊


(ဈ) မိမိတို့ လျှောက်ထားမည့် Online Shop များ၏ LOGO များ တင်ပြရန် JPEG file format ဖြင့် ပြင်ဆင်ထားရန်၊ Individual စီးပွားရေး လုပ်ငန်းများ လျှောက်ထားရန်အတွက်မူ Company မှတ်ပုံတင်လက်မှတ် ကိုတင်ပြရန် မလိုအပ်ပါ။

### E-ComReg စနစ်တွင် Registration ဆောင်ရွက်ခြင်း လုပ်ငန်းစဉ် အဆင့်ဆင့်

၁၆။ E-ComReg စနစ်တွင် Online Sales မှတ်ပုံတင် လျှောက်ထားမည့်သူသည် အဆင့်(၁) အနေဖြင့် ဖုန်းနံပါတ် (သို့မဟုတ်) Email Address ဖြင့် Member လျှောက်ထားရန် လိုအပ်ပါသည်။ Member လျှောက်ထားပြီးပါက အဆင့်(၂)အနေဖြင့် စနစ်သို့ Login ဝင်ရောက်၍ အပိုဒ် (၁၅)ပါ အချက်အလက်များကို မှန်ကန်စွာ ဖြည့်စွက်၍လျှောက်ထားမှု ပြုရပါမည်။ လျှောက်ထားမှု ပြုစဉ် Online Application Fees သုံးထောင့်ကိုးရာကျပ် (၃,၉၀၀ ကျပ်) အား MPU သို့မဟုတ် AYA Pay ဖြင့် E-ComReg စနစ်မှပင် ပေးသွင်းနိုင်ပါသည်။

၁၇။ အဆင့် (၃)အနေဖြင့် လျှောက်လွှာပါ အချက်အလက်များ မှန်ကန်စွာဖြည့်စွက်ထားခြင်းရှိ/ မရှိကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီး

ဌာန၊ သက်ဆိုင်ရာ ဌာနခွဲ၏ တာဝန်ရှိသူများက စစ်ဆေးမှု ဆောင်ရွက်ပါမည်။ လျှောက်လွှာသည် အချက်အလက်များ ပြည့်စုံမှန်ကန်မှုမရှိခြင်း (သို့မဟုတ်) လိုအပ်ချက် တစ်စုံတစ်ရာရှိနေသေးပါက ပြန်လည်ပြင်ဆင်ရန် Reject Massage ကို ကုန်သွယ်ရေးဦးစီးဌာနမှ လျှောက်ထားသူထံသို့ E-ComReg စနစ်မှတစ်ဆင့် ပြန်လည်ပေးပို့ပေးမည်ဖြစ်ပါသည်။ အဆင့်(၄) အနေဖြင့် အချက်အလက် ပြည့်စုံမှန်ကန်သော လျှောက်လွှာများအတွက် ဌာနက စစ်ဆေးအတည်ပြုပေးမည်ဖြစ်ပါသည်။ ၎င်းလုပ်ငန်းစဉ်များပြီးဆုံး၍ အတည်ပြုချက်ရရှိပြီးနောက် Certificate No. တစ်ခုရရှိ၍ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ် အောင်မြင်ပြီဖြစ်ပါသည်။ အချက်အလက် ပြည့်စုံမှန်ကန်စွာတင်ပြလာသော လျှောက်လွှာများသည် နာရီပိုင်းအတွင်း စိစစ်၍ Certificate No. ရရှိနိုင်မည်ဖြစ်ပြီး၊ အချက်အလက် မပြည့်စုံသော လျှောက်ထားမှုတွက်မှု Reject ပြုလုပ်ခြင်း၊ ပြန်တင်ပြခြင်းစသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ သို့ဖြစ်၍ အချက်အလက်များကို ပြည့်စုံမှန်ကန်စွာတင်ပြခြင်းဖြင့် Certificate ကို မြန်ဆန်စွာရရှိနိုင်မည်ဖြစ်ပါသည်။




၁၈။ E-ComReg စနစ်တွင် Online Sales မှတ်ပုံတင်ခြင်းအတွက် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလအထိ မှတ်ပုံတင်ကြေး (RegistrationFees) ပေးသွင်းခြင်းမှကင်းလွတ်ခွင့်ပြုထားပါသည်။ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလအထိ မှတ်ပုံတင်ခြင်းဆောင်ရွက်သူများသည် Registration Fees ပေးသွင်းရန်မလိုဘဲ Online Application Fees ၃၉၀၀ ကျပ်သာ ပေးသွင်းရမည်ဖြစ်ပါသည်။ Registration Fees ပေးသွင်းရမည့်ကာလသို့ ရောက်ရှိလာပါက Registration Fees အတွက် Online Payment ဆောင်ရွက်ပြီးမှသာ Certificate ရရှိမည်ဖြစ်ပါသည်။

၁၉။ မြန်မာနိုင်ငံအတွင်းရှိ အွန်လိုင်းရောင်းချသူများအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ E-ComReg စနစ်တွင် တရားဝင်မှတ်ပုံတင်ထားခြင်းဖြင့်




ဝယ်ယူသူများ၏ ယုံကြည်မှု ကိုပိုမိုရရှိစေပါမည်။ ထို့ပြင် ဝယ်ယူသူများအနေဖြင့်လည်း တရားဝင် မှတ်ပုံတင်ထားသည့်အွန်လိုင်းဈေးဆိုင်များကဝယ်ယူခြင်းဖြစ်၍ လိမ်လည်မှုများအတန်သင့် ရှောင်ရှားနိုင်မည်ဖြစ်ပြီး၊ အငြင်းပွားဖွယ် တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက စားသုံးသူကာကွယ်ရေးဥပဒေအရ အကာအကွယ်များကို ရရှိနိုင်မည်ဖြစ်ပါသည်။ အဆိုပါ E-ComReg စနစ်အပေါ် မြန်မာနိုင်ငံရှိ အွန်လိုင်းရောင်းချသူများ၏ စိတ်ဝင်စားမှုမြင့်တက်လျက်ရှိပြီး၊ စနစ်ဖွင့်လှစ်ပြီး တစ်ပတ်အကြာ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ လဆန်းပိုင်းတွင်ပင် မှတ်ပုံတင် လျှောက်ထားမှု အရေအတွက်သည် ၁,၀၀၀ ကျော်ရှိပြီဖြစ်ကြောင်း သိရှိရပါသည်။

၂၀။ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးတိုးတက်ရန် အဓိကမောင်းနှင်အားသည် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (Micro, Small & Medium Enterprises-MSMEs) များဖြစ်ပါသည်။ ခေတ်ရေစီးကြောင်းအရ တိုးတက်လျက်ရှိသော ဒီဂျစ်တယ်နည်းပညာ၊ ICT နည်းပညာတို့ကို ကောင်းစွာအသုံးချ၍ အဆိုပါ MSMEs စီးပွားရေးလုပ်ငန်းများကို E-Commerce နည်းလမ်းဖြင့်အွန်လိုင်းမှရောင်းဝယ် ဖောက်ကားမှုများ ဆောင်ရွက်နိုင်ပြီဖြစ်ပါသည်။ တိုးတက်နေသော နည်းပညာများကို အသုံးပြု၍ အွန်လိုင်းမှ ရောင်းချခြင်းသည် သမားရိုးကျရောင်းဝယ်မှုပြုခြင်းနည်းလမ်းထက်အချိန်ကုန်၊ ငွေရင်းနှီးမှုပိုမိုသက်သာ၍ ပိုမိုထိရောက်သော ရောင်းဝယ်မှုများကို ဆောင်ရွက်နိုင်စေပါသည်။

၂၁။ တစ်ဖက်တွင်လည်း နည်းပညာတိုးတက်နေသော ယနေ့ခေတ်ကြီးတွင် မြန်မာ့အိမ်သူအမျိုးသမီးများ အနေဖြင့် တစ်ပိုင်တစ်နိုင်အိမ်တွင်းမှ စီးပွားရေးလုပ်ငန်းများကို အိုးမကွာ၊ အိမ်မကွာအွန်လိုင်းမှတစ်ဆင့် ရောင်းဝယ်မှုများ ဆောင်ရွက်နိုင်သဖြင့် တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေ

တိုးပွားအောင် ဆောင်ရွက်နိုင်ပါမည်။ ထိုသို့အွန်လိုင်းမှ တစ်ဆင့် ဈေးရောင်းခြင်းသည် အမျိုးသမီးများ၏ စွမ်းဆောင်နိုင်မှုစွမ်းရည်ကို တစ်ဘက်တစ်လမ်းမှ မြှင့်တင်ပေးနိုင်သည့် Women Empowerment နည်းလမ်း တစ်မျိုးလည်းဖြစ်ပါသည်။

၂၂။ E-ComReg စနစ်သည် မြန်မာနိုင်ငံ၏ ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အွန်လိုင်းရောင်းချသူနှင့်အွန်လိုင်းဝယ်ယူသူတို့အကြား Win-Win E-Commerce ဂေဟစနစ်တစ်ရပ်ကို အပြန်အလှန်ယုံကြည်မှု ခိုင်မာစွာဖြင့်တည်ဆောက် ပေါ်ပေါက်လာရေးအတွက် များစွာအထောက်အကူဖြစ်စေမည့် ခြေလှမ်းသစ် တစ်ရပ်ပင်ဖြစ်ပါသည်။ ထို့ကြောင့်မြန်မာနိုင်ငံအတွင်း၌ အွန်လိုင်းရောင်းဝယ်ဖောက်ကားမှုများကိုဆောင်ရွက်ကြသူများနှင့် မြန်မာပြည်သူများကို အဓိက ရည်ရွယ်၍ ရောင်းချနေသော ပြည်ပအခြေစိုက် မြန်မာအွန်လိုင်း ရောင်းချသူများအနေဖြင့်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ဆောင်ရွက်ထားသည့် Online Sale မှတ်ပုံတင်စနစ် ဖြစ်သော (EcomReg စနစ်) www.ecomreg.gov.mm တွင် တရားဝင် မှတ်ပုံတင်ခြင်းကို မပျက်မကွက်လိုက်ပါဆောင်ရွက်ကြရန် အလေးအနက်တိုက်တွန်းလိုပါသည်။

၂၃။ သို့ပါ၍ မြန်မာ့ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်အဆင့် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ အာဆီယံဒေသတွင်း၌ ပူးပေါင်းဆောင်ရွက်မှုများ၊ အီလက်ထရောနစ်နည်းလမ်းဖြင့် ကူးသန်းရောင်းဝယ်ခြင်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြန်မာနိုင်ငံအတွင်း၌ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို အများပြည်သူသိရှိနိုင်စေရန်ရေးသား တင်ပြလိုက်ရပါသည်။

ဝင်းပပသူ (ကုန်သွယ်/ဦးစီး၊ နည်းပညာ)

## ယှဉ်ပြိုင်မှုဥပဒေအကြောင်း သိကောင်းစရာများ

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် အမျိုးသားစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးသည် အဓိက အခန်းကဏ္ဍမှ ပါဝင်လာသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံသားများ၏ စီးပွားရေးလုပ်ကိုင်ခွင့် အခွင့်အလမ်းများကို တန်းတူညီမျှ ရှိစေရမည်ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)၊ နိုင်ငံတော်အခြေခံမူ များအခန်းပုဒ်မ ၃၆ ပုဒ်မခွဲ (က)နှင့် ပုဒ်မခွဲ (ခ)တွင် အောက်ပါအတိုင်းထည့်သွင်းပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

ပုဒ်မ ၃၆။ နိုင်ငံတော်သည် -

(က) အမျိုးသားစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ သမဝါယမ အဖွဲ့အစည်းများ၊ ဖက်စပ်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကစသည့် စီးပွားရေး အင်အားစုအားလုံးကို စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုသည်၊

(ခ) စီးပွားရေးလုပ်ငန်းများတွင်တရားသဖြင့် ယှဉ်ပြိုင်ခြင်းကို ပျက်ပြားစေရန် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ်ဆောင်ရွက်မှု သို့မဟုတ် ဈေးကစားမှုပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကိုထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်မည်။

ကောင်းမွန်သော စီးပွားရေးစနစ်တစ်ရပ်ကို ဖော်ဆောင်ရာတွင် စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများအကြား တရားမျှတသောယှဉ်ပြိုင်မှု ပတ်ဝန်းကျင်ကောင်းကိုဖန်တီးနိုင်ရန် အရေးကြီးပေသည်။ ယှဉ်ပြိုင်မှုကို ထိခိုက်စေသည့် ချိုးဖောက်မှုများကို တားဆီးနိုင်ရန် ဥပဒေတစ်ရပ်လိုအပ်လာလျှင်ယှဉ်ပြိုင်မှုဥပဒေကို ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉ ဖြင့် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ယှဉ်ပြိုင်မှုဥပဒေကို လိုက်နာကျင့်သုံးနိုင်ရန် အကျွမ်းတဝင်မရှိသေးမီ ပြုပြင်ပြောင်းလဲရေးကာလအဖြစ် ၂ နှစ် အချိန်ယူခဲ့ပြီးနောက် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင်ယှဉ်ပြိုင်မှု ဥပဒေစတင်အာဏာသက်ရောက်ကြောင်း နိုင်ငံတော်သမ္မတမှ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၆၉)ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

ပြည်ထောင်စု အစိုးရအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့၊ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်-၁၀၆ ဖြင့် မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ကို စတင်ဖွဲ့စည်းခဲ့ပြီး ယှဉ်ပြိုင်မှုဥပဒေပါ လုပ်ပိုင်ခွင့်များကို ကော်မရှင်သို့ အပ်နှင်းခဲ့ပါသည်။

မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်သည် စီးပွားရေး

လုပ်ငန်းလုပ်ကိုင်သူများအကြား ယှဉ်ပြိုင်မှု အခွင့်အလမ်းများနည်းပါးစေရန် သို့မဟုတ် အတားအဆီးဖြစ်စေရန်အတွက် ယှဉ်ပြိုင်မှုကို ဆန့်ကျင်ချိုးဖောက်သည့် အောက်ဖော်ပြပါ အပြုအမူများကိုမဖြစ်ပေါ်စေရန် ယှဉ်ပြိုင်မှုဥပဒေပါ လုပ်ပိုင် ခွင့်များကိုကျင့်သုံး၍ ထိန်းကျောင်းခြင်း၊ တားဆီးခြင်း အစီအမံများဖြင့် အကောင်အထည်ဖော်ရမည်ဖြစ်သည် -

(၁) ယှဉ်ပြိုင်မှုကို ကန့်သတ်ထိန်းချုပ်သည့် သဘောတူညီချက်များပြုလုပ်ခြင်း၊

(၂) ဈေးကွက်အတွင်း လွှမ်းမိုးထားနိုင်သည့် အခြေအနေကိုအလွဲသုံးစားပြု၍ ယှဉ်ပြိုင်မှုကို ကန့်သတ်ထိန်းချုပ်ခြင်း၊

(၃) တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ သက်ဆိုင်ရာ ဈေးကွက်အတွင်း လက်ဝါးကြီးအုပ်ဆောင်ရွက်ခြင်း၊

(၄) စီးပွားရေး လုပ်ငန်းဆိုင်ရာ ကျင့်ဝတ်များကို ဆန့်ကျင်၍ယှဉ်ပြိုင်မှုကိုထိခိုက်စေသော အပြုအမူများကို ဆောင်ရွက်ခြင်း။

မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်သည် စီးပွားရေးလုပ်ငန်းများ ပေါင်းစည်းမှုအခြေအနေအလိုက် ယှဉ်ပြိုင်မှုကို ထိခိုက်နိုင်ဖွယ်ရှိသော ဈေးကွက်ဝေစု၊ ရောင်းအား၊ ရင်းနှီးငွေပမာဏ၊ အစုရှယ်ယာအရေအတွက်နှင့် လုပ်ငန်းနှင့်သက်ဆိုင်သည့် ပစ္စည်းပမာဏတို့ကို သတ်မှတ်ပေးခြင်းဖြင့် သက်ဆိုင်ရာနယ်ပယ်အလိုက် ယှဉ်ပြိုင်မှု ထိခိုက်ခြင်းမရှိစေရန် ထိန်းညှိပေးရန် တာဝန်ရှိသည်။

၎င်းအပြင်ဈေးကွက်လက်ဝါးကြီးအုပ် ဆောင်ရွက်နိုင်ခြေရှိသော ဈေးကွက်ဝေစု၊ ရောင်းအား၊ ရင်းနှီးငွေပမာဏ၊ အစုရှယ်ယာ အရေအတွက်နှင့် လုပ်ငန်းနှင့် သက်ဆိုင်သည့်ပစ္စည်းပိုင်ဆိုင်မှု ပမာဏတို့ကိုလည်း သတ်မှတ်ပေးရန် လိုအပ်သည်။

ပမာဏသတ်မှတ်ချက်ထက် ကျော်လွန်သော စီးပွားရေးလုပ်ငန်းသို့မဟုတ် ကျော်လွန်နိုင်ခြေရှိသည့် စီးပွားရေးလုပ်ငန်းများကို လုပ်ငန်းပမာဏလျှော့ချရန်လည်းကောင်း၊ ဈေးကွက် လက်ဝါးကြီးအုပ် ချုပ်ကိုင်နိုင်ခြေရှိသည့် စီးပွားရေးလုပ်ငန်းများကို ဈေးကွက်ဝေစုနှင့် အရောင်းမြှင့်တင်မှုများကိုထိန်းညှိနိုင်ရန်လိုအပ်သော ကန့်သတ်မိန့်များ၊ တားမြစ်မိန့်များကို ထုတ်ပြန်ခြင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်မှုကို ဆန့်ကျင်ချိုးဖောက်သည့် အခြေအနေမပေါ်ပေါက်စေရန် မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်က ထိန်းကျောင်းပေးမည်ဖြစ်သည်။

ယှဉ်ပြိုင်မှုကို ဆန့်ကျင်ချိုးဖောက်သည့် အပြုအမူများသည်လုပ်ငန်းနယ်ပယ်အလိုက်များစွာရှိသော်လည်း သိသာထင်ရှားသော ချိုးဖောက်မှုများကို ဖော်ပြအပ်ပါသည် -

**ယှဉ်ပြိုင်မှုကို ကန့်သတ်ထိန်းချုပ်သည့် သဘောတူညီချက်များ ပြုလုပ်ခြင်းဆိုင်ရာ အပြုအမူများ**

(၁) ဝယ်ယူသည့် ဈေးနှုန်းကိုဖြစ်စေ၊ ရောင်းချသည့်ဈေးနှုန်းကိုဖြစ်စေ တိုက်ရိုက်သော် လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ညှိနှိုင်းသတ်မှတ်ခြင်း၊

(၂) ဈေးကွက်အတွင်း အခြားယှဉ်ပြိုင်သူများ၏ အခွင့်အလမ်းများကိုထိခိုက်စေရန် သို့မဟုတ် ဈေးကွက်မှထွက်သွားစေရန် ရည်ရွယ်၍ ဈေးကွက်ကိုဖြစ်စေ၊ ထောက်ပံ့မှု အရင်းအမြစ်များကိုဖြစ်စေ၊ နည်းပညာကိုဖြစ်စေ ကန့်သတ်ထိန်းချုပ်သည့် သဘောတူညီချက်များ ပြုလုပ်ခြင်း၊

(၃) တင်ဒါ သို့မဟုတ် လေလံဆွဲရာတွင် အုပ်စုတစ်စုတစ်ဖွဲ့ကတင်ဒါအဆိုပြု ဈေးနှုန်း သို့မဟုတ် လေလံကြမ်းခင်းဈေးကို ညှိနှိုင်း၍ အုပ်စုဝင် တစ်ဦးဦးကအခွင့်အရေးရစေရန် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ခြင်း၊

(၄) စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူ တစ်ဦးဦး၏ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုဆိုင်ရာဈေးကွက်ကို လက်ဝါးကြီးအုပ်ရန်အလို့ငှာ စီးပွားရေး လုပ်ငန်းချင်းပေါင်းစပ်ခြင်း၊ လုပ်ငန်းရယူခြင်း၊ ဖယ်ရှားခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ ညှိနှိုင်းသဘောတူခြင်း။

**ဈေးကွက်လွှမ်းမိုးမှုကို အလွဲသုံးစားပြုခြင်းဆိုင်ရာအပြုအမူများ**

(၁) ကုန်ပစ္စည်းထုတ်လုပ်မှု၊ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချမှု သို့မဟုတ် ဝန်ဆောင်မှုကိုချုပ်ကိုင်ခြင်း၊

(၂) ကုန်ပစ္စည်းဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုပြုသူကိုတစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ထားရှိခြင်း၊

(၃) ယှဉ်ပြိုင်ဖက် စီးပွားရေးလုပ်ငန်း၏ ကုန်ပစ္စည်းသို့မဟုတ်ဝန်ဆောင်မှုကို စားသုံးသူများကရွေးချယ်မှုမပြုနိုင်ရန်ရည်ရွယ်၍ တားဆီးသည့် အစီအမံများချမှတ်ခြင်း၊

(၄) သက်ဆိုင်ရာ ဈေးကွက်သို့ ဝင်ရောက်ရန် အလားအလာရှိသည့် အခြားစီးပွားရေး လုပ်ကိုင်သူများကို တားဆီးခြင်း၊

(၅) ဖြန့်ဖြူးသူတို့အပေါ် တရားမျှတမှု မရှိသော စည်းကမ်းများ သတ်မှတ်ခြင်းနှင့် ရောင်းဝယ်မှု ဈေးနှုန်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ သတ်မှတ်ပေးခြင်း၊

(၆) လုပ်ငန်းတစ်ရပ် သို့မဟုတ် လုပ်ငန်းအများအပြားထံ ကုန်ပစ္စည်းဖြန့်ဖြူးပေးရန် ငြင်းဆန်ခြင်း၊

(၇) တူညီသော အရောင်းအဝယ်ပြုမှုများတွင် ကွဲပြားခြားနားသော စည်းကမ်းချက်များ ကျင့်သုံးခြင်းဖြင့် ဈေးကွက်သို့ အသစ်ဝင်ရောက်လာသူများကိုဖြစ်စေ၊ လက်ရှိယှဉ်ပြိုင် လုပ်ကိုင်နေသူများကိုဖြစ်စေ လုပ်ငန်းတိုးချဲ့မှု ပြုလုပ်ရန် အခွင့်အရေးများကို ဆုတ်ယုတ်စေခြင်း၊ ဈေးကွက်မှထွက်သွားစေသည်အထိ ထိခိုက်နစ်နာစေခြင်း၊

(၈) ယှဉ်ပြိုင်သူများ ဈေးကွက်အတွင်းမှ ထွက်သွားစေရန်အလို့ငှာ ထုတ်လုပ်မှု ကုန်ကျစရိတ်အောက် လျော့နည်းသော ဈေးနှုန်း သို့မဟုတ် ဆိပ်ကမ်းရောက်တန်ဖိုး အောက်လျော့နည်းသော ဈေးနှုန်းဖြင့် ကုန်စည်များကို ရောင်းချခြင်း သို့မဟုတ် ဝန်ဆောင်မှုပေးခြင်း။

### ဈေးကွက်လက်ဝါးကြီးအုပ်ဆောင်ရွက်ခြင်းအပြုအမူများ

(၁) သက်ဆိုင်ရာ ဈေးကွက်အတွင်း အခြားစီးပွားရေး လုပ်ငန်းလုပ်ကိုင်သူများ ဝင်ရောက်ဆောင်ရွက်ခြင်း မရှိစေရန် ပထုတ်ခြင်း သို့မဟုတ် ဟန့်တားခြင်း။

(၂) စီးပွားရေးလုပ်ငန်း ယှဉ်ပြိုင်ဖက်များ၏ စားသုံးသူ ဖောက်သည်များ သို့မဟုတ် ဝယ်ယူသုံးစွဲသူများကို ယင်းစီးပွားရေး ယှဉ်ပြိုင်ဖက်နှင့် စီးပွားရေးအရ မပတ်သက်ရန် တားဆီးခြင်း၊

(၃) ကုန်ပစ္စည်း ရောင်းချခြင်းနှင့် ဝန်ဆောင်မှုဆိုင်ရာ အခွင့်အလမ်းများကိုကန့်သတ်ခြင်း၊

(၄) စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများက မဖြစ်မနေ ဆောင်ရွက်စေရန်စည်းကမ်းချက်များကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း သတ်မှတ်ခြင်း၊

(၅) ဈေးကွက်ပျက်ပြားစေရန်ဝန်ဆောင်မှု၊ ထုတ်လုပ်မှု၊ ဝယ်ယူမှု၊ ဖြန့်ဖြူးမှု၊ လွှဲပြောင်းပေးမှု၊ တင်သွင်းမှု တို့ကို သင့်လျော်သည့် အကြောင်းပြချက် မရှိဘဲ ဆိုင်းငံ့ထားခြင်း၊ လျှော့ချခြင်း၊ ကန့်သတ်ခြင်း၊

(၆) ဈေးကွက် ဝယ်လိုအား အောက်လျော့နည်းစေရန် အရေအတွက် လျှော့ချရန်အလို့ငှာ ကုန်စည်များကို ဖျက်ဆီးခြင်း၊ ပျက်စီးစေရန် ပြုလုပ်ခြင်း၊

(၇) ကုန်စည်နှင့် ဝန်ဆောင်မှုများကိုရောင်းဝယ် ဖောက်ကားမှုပြုရာတွင် နယ်မြေဒေသထိန်းချုပ်ကန့်သတ်မှုပြုခြင်း။

### တရားမျှတမှုမရှိသော ယှဉ်ပြိုင်မှုဆိုင်ရာအပြုအမူများ

(၁) စားသုံးသူများကို ထင်ယောင်ထင်မှား ဖြစ်စေရန် အမှတ်အသားများကိုလှည့်စားခြင်း၊

(၂) စီးပွားရေးလုပ်ငန်း၏ လျှို့ဝှက်ချက်ကို ပေါက်ကြားစေခြင်း၊

(၃) စီးပွားရေး လုပ်ငန်းတွင် အကျပ်ကိုင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊

(၄) အခြားစီးပွားရေးလုပ်ငန်း၏ နာမည်ဂုဏ်သတင်းကို ပျက်ပြားစေခြင်း၊

(၅) အခြားစီးပွားရေးလုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်မှုကို နှောင့်ယှက်ခြင်း၊

(၆) တရားမျှတမှုမရှိသောယှဉ်ပြိုင်မှုအလို့ငှာ ကြော်ငြာခြင်းသို့မဟုတ် အရောင်းမြှင့်တင်ခြင်း၊

(၇) အခြားစီးပွားရေးလုပ်ငန်းများနှင့် သဘောတူစာချုပ်ချုပ်ဆိုထားသူအား စာချုပ်ဖောက်ဖျက်ရန်ဆွဲဆောင်ခြင်း၊ လှုံ့ဆော်ခြင်း။

ယှဉ်ပြိုင်မှုကို ဆန့်ကျင်ချိုးဖောက်မှုများတွင် ကျူးလွန်သောပြစ်မှု အမျိုးအစားပေါ်မူတည်၍ စီမံခန့်ခွဲရေးနည်းလမ်းဖြင့်သော်လည်းကောင်း တရားစီရင်ရေး နည်းလမ်းဖြင့်သော်လည်းကောင်း၊ မည်သည့်နည်းလမ်းဖြင့် အရေးယူသင့်ကြောင်းကို မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်က အဆုံးအဖြတ်ပြု၍ ဆက်လက်အရေးယူ ဆောင်ရွက်ပါသည်။

ယှဉ်ပြိုင်မှုကို ကန့်သတ်ထိန်းချုပ်သည့် သဘောတူညီချက်များပြုလုပ်ခြင်း၊ ဈေးကွက်လွှမ်းမိုးမှုကို အလွဲသုံးစားပြုခြင်းနှင့် ဈေးကွက်လက်ဝါးကြီးအုပ် ဆောင်ရွက်ခြင်း အပြုအမူများသည် ယှဉ်ပြိုင်မှုနယ်ပယ်တွင် ဆိုးရွားသော ယှဉ်ပြိုင်မှုဆန့်ကျင်ချိုးဖောက်မှုများဖြစ်ပါသည်။

သို့ဖြစ်ရာ ယှဉ်ပြိုင်မှုဥပဒေပါ ပြစ်မှုများကိုသတိမူ၍ ချိုးဖောက်ခြင်းမပြုမိကြစေရန် ရည်သန်၍ ဗဟုသုတအလို့ငှာ ဤဆောင်းပါးဖြင့် မျှဝေအသိပေးတင်ပြလိုက်ရပါသည်။

(အေးအေးသိန်း)

# မျှတသော ဈေးကွက်ယှဉ်ပြိုင်မှု

မျှတသော ဈေးကွက်ယှဉ်ပြိုင်မှုသည် နိုင်ငံစီးပွားရေးနှင့် နိုင်ငံသားတို့အတွက် အကျိုးများစွာ ဖြစ်ထွန်းစေပါသည်။ **"အပြိုင်အဆိုင်ရှိမှတိုးတက်သည်"** ဟူသောစကားအတိုင်း ယှဉ်ပြိုင်မှုသည် နိုင်ငံ့စီးပွားရေးသာမကဈေးကွက်အတွင်း ရှိလုပ်ငန်းများ၊ လုပ်ငန်းရှင်များနှင့် ဝန်ဆောင်မှုအသုံးပြုသူဝယ်ယူသူများအတွက်လည်း လွန်စွာအကျိုးရှိပေသည်။ ယှဉ်ပြိုင်မှုကြောင့် ဈေးကွက်အတွင်း တီထွင်ကြံဆမှုအား ကောင်းလာစေနိုင်ပါသည်။ ဝယ်ယူသူများအနေဖြင့်လည်း ကုန်ပစ္စည်းများကို ကောင်းမွန်သော ဝန်ဆောင်မှုမျှတသော ဈေးနှုန်းဖြင့် ရွေးချယ်ဝယ်ယူနိုင်မည်ဖြစ်ပါသည်။ တီထွင်ကြံဆမှု အားကောင်းလာပါက ကုန်ပစ္စည်းများကို ပြည်တွင်း ဈေးကွက်တွင်သာမက ပြည်ပဈေးကွက်အထိ တင်ပို့ရောင်းချနိုင်သော အခွင့်အလမ်းများ ပေါ်ပေါက်လာနိုင်သဖြင့် နိုင်ငံ့စီးပွားရေးအတွက်များစွာ အထောက်အကူပြုမည်ဖြစ်ပါသည်။

သို့သော်လည်း ဈေးကွက်အတွင်း ယှဉ်ပြိုင်ရာတွင် ရည်ရွယ်သည်ဖြစ်စေ၊ မရည်ရွယ်သည်ဖြစ်စေ လုပ်ငန်းစုတစ်ခုတည်းကသာလွှမ်းမိုးလာသည့်အခါတွင်ဝန်ဆောင်မှု/ကုန်ပစ္စည်း ဝယ်ယူအသုံး ပြုများအတွက် ရွေးချယ်ခွင့်မှာ အကန့်အသတ်ရှိလာပြီး ကုန်ဈေးနှုန်းအဆမတန် ကြီးမြင့်လာခြင်း၊ ဝန်ဆောင်မှုအရည်အသွေး ကျဆင်းခြင်းစသည့် အနှုတ်သဘောဆောင်သည့် သက်ရောက်မှုများဖြစ်လာစေနိုင်ပါသည်။ လုပ်ငန်းစုတစ်ခု သို့မဟုတ် အနည်းစုကသာ လျှင်ဈေးကွက်ဝေစုအများစုကို ရယူထားပါကလက်ဝါးကြီးအုပ်စနစ်ဖြစ်လာစေနိုင်ပါသည်။ ဈေးကွက်အတွင်းလုပ်ငန်းများ တစ်ခုနှင့် တစ်ခု ပြိုင်ဆိုင်ရာတွင် ဈေးကစားခြင်း အသရေဖျက်ခြင်းစသည့် ဥပဒေနှင့် မလွတ်ကင်းသော နည်းလမ်းများအသုံးပြု၍ ဈေးကွက်ကို ခြယ်လှယ်သည့် လုပ်ဆောင်မှုများ ရှိလာပါက မျှတသော ယှဉ်ပြိုင်မှုကို အတားအဆီးဖြစ်စေနိုင်ပါသည်။

ဥပမာအားဖြင့်ဆိုရသော် အစားအသောက်များကို မိမိအိမ်မှ မှာယူစားသောက်လိုသည် ဆိုပါစို့ အစားအသောက်ပို့သည့် ဝန်ဆောင်မှုဈေးကွက်အတွင်း ကုမ္ပဏီ (က)၊ ကုမ္ပဏီ (ခ)၊ ကုမ္ပဏီ (ဂ)၊ ကုမ္ပဏီ (ဃ)၊ ကုမ္ပဏီ) င) ဟူ၍ ကုမ္ပဏီလုပ်ငန်း ငါးခုရှိပါက ဝန်ဆောင်မှုအသုံးပြုသူများအနေဖြင့် ရွေးချယ်ရာငါးခုရှိပြီး နှစ်သက်ရာကိုအသုံးပြုနိုင်ပါသည်။ သို့ရာတွင် ကုမ္ပဏီ (က)မှ အခြား ကုမ္ပဏီ (ခ) နှင့်ကုမ္ပဏီ (ဂ) ကို ဝယ်ယူပြီး လုပ်ငန်းစုတစ်ခုတည်းသာ ဖြစ်သွားပါကဝန်ဆောင်မှုအသုံးပြုသူများအနေဖြင့်နှစ်သက်ရာဝန်ဆောင်မှု ရွေးချယ်ခွင့်မရှိနိုင်တော့ပေ။ ထိုသို့ဖြစ်ပါက လုပ်ငန်းစုအနေဖြင့် မတန် တဆဈေးတင်ခြင်း၊ ဝန်ဆောင်မှုအရည်အသွေးလျှော့ချခြင်း စသည်တို့ကို ပြုလုပ်လာနိုင်ပါသည်။

ထို့ကြောင့်ဈေးကွက်လက်ဝါးကြီးအုပ်မှုများကို ကာကွယ်ရန်နှင့် မျှတသော ဈေးကွက်ယှဉ် ပြိုင်မှုကို ပိုမိုအားကောင်းစေရန်အတွက် ယှဉ်ပြိုင်မှုဥပဒေ ပြဋ္ဌာန်းထားပါသည်။ ဥပဒေပါ လုပ်ငန်းတာဝန်များကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်စေရန် ဈေးကွက်ထိန်းညှိရာတွင် ပိုမိုအားကောင်းစေရန် မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်းထားရှိပါသည်။

ယှဉ်ပြိုင်မှုကို အတားအဆီးဖြစ်စေသည့် ဆောင်ရွက်ချက်များဖြစ်သည့် ယှဉ်ပြိုင်မှုကို ကန့် သတ်ထိန်းချုပ်သည့် သဘောတူညီချက်များ ပြုလုပ်ခြင်း၊ ဈေးကွက်အတွင်း လွှမ်းမိုးထားနိုင်သည့် အခြေအနေကို အလွဲသုံးစားပြု၍ ယှဉ်ပြိုင်မှုကို ကန့်သတ်ထိန်းချုပ်ခြင်း၊ တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ သက်ဆိုင်ရာဈေးကွက်အတွင်း လက်ဝါးကြီးအုပ် ဆောင်ရွက်ခြင်း၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ကျင့်ဝတ်များကို ဆန့်ကျင်၍ ယှဉ်ပြိုင်မှုကို ထိခိုက်စေသော အပြုအမူများဆောင်ရွက်ခြင်းစသည်တို့ကိုကျူးလွန်ပါ ကော်မရှင်အနေဖြင့်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ယင်းသို့ အရေးယူဆောင်ရွက်ရာတွင် ဖောက်ဖျက်ကျူးလွန်သည့် ဖြစ်မှုအမျိုးအစားအလိုက် စီမံခန့်ခွဲရေးနည်းလမ်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ အရေးယူဆောင်ရွက်မည်ဖြစ်သည်။

ယှဉ်ပြိုင်မှုဥပဒေကို ဖောက်ဖျက်ကျူးလွန်သည့် စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများကို စီမံခန့်ခွဲရေး နည်းလမ်းအရ အရေးယူဆောင်ရွက်ရာတွင် -

(က) သတိပေးခြင်း၊

(ခ ) သတ်မှတ်ထားသော ဒဏ်ကြေးငွေ ပေးဆောင်စေခြင်း၊

(ဂ) လုပ်ငန်းဆောင်ရွက်ခြင်းကို ယာယီ သို့မဟုတ်

အမြဲတမ်းပိတ်သိမ်းရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းတို့ အရေးယူဆောင်ရွက်မည်ဖြစ်သည်။

ပြစ်မှုကြောင်းအရ အရေးယူဆောင်ရွက်ရာတွင် အနည်းဆုံးထောင်ဒဏ် ၃ လမှ အများဆုံး ၃ နှစ်အထိဖြစ်စေ၊ အနည်းဆုံး ငွေဒဏ်ကျပ် တစ်သိန်းမှ အများဆုံး ကျပ်သိန်းတစ်ရာ့ ငါးဆယ်အထိ ဖြစ်စေ၊ ထောင်ဒဏ်ရော ငွေဒဏ်ပါဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ခံရမည်ဖြစ်ပါသည်။

ထို့ကြောင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဥပဒေနှင့်အညီ လုပ်ငန်းများကို လုပ်ဆောင်ခြင်းဖြင့် မျှတသော ယှဉ်ပြိုင်မှု၏ အသီးအပွင့်များကို ပြည့်ဝစွာ ခံစားရရှိနိုင်မည်ဖြစ်ပါသည်။

သုတအောင်

## ကမ္ဘာ့စားနပ်ရိက္ခာအတွက် မြန်မာ့လယ်ယာထွက်ကုန်များတင်ပို့မှု

လူဦးရေတိုးတက်လာသည်နှင့်အမျှ ကုန်ထုတ်လုပ်မှုတိုးအောင်ဆောင်ရွက်လာကြရပါသည်။ တိုးတက်လာသောကုန်ထုတ်လုပ်မှုနှင့်အတူ ကုန်သွယ်မှုသည်လည်း လိုက်ပါတိုးတက်နေသည်သာ ဖြစ်ပါသည်။ ကိုဗစ်-၁၉ ဖြစ်သည့်ကာလတွင်လည်း လူများကူးသန်းသွားလာမှုသာ ရပ်တန့်သွားသော်လည်း ကုန်ကူးသန်းရောင်းဝယ်မှုမှာ ဆက်လက်ဆောင်ရွက်နေရသည်သာဖြစ်ပါသည်။ အထူးသဖြင့် စားသောက်ကုန်များ ကုန်သွယ်မှုသည် ရပ်တန့်၍မရနိုင်သည့်အခြေအနေတွင်ရှိနေပါသည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့တွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင် ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်ကလူသားအားလုံး စားရေရိက္ခာဖူလုံမှုအတွက် အရေးပါမှုနှင့် စားရေရိက္ခာဖူလုံမှုမရှိပါက လူသားများ၏ ဘဝရပ်တည်မှု ခက်ခဲသည်ကို သတိပြုမိပြီး အလေးထားကြိုးပမ်းဆောင်ရွက်ကြစေရန် ရည်ရွယ်၍ နှစ်စဉ်ကမ္ဘာ့နိုင်ငံအသီးသီးတွင် "**ကမ္ဘာ့စားနပ်ရိက္ခာနေ့ (World Food Day)**" အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပကြောင်း၊ မြန်မာနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေး ထွက်ကုန်များအနေနှင့် ပြည်တွင်း စားသုံးမှု ဖူလုံပိုလျှံခဲ့ပြီး ဆန်ဖူလုံမှု ၁၅၄.၃၃%၊ စားသုံးဆီဖူလုံမှု ၁၂၆.၂%နှင့် ပဲမျိုးစုံဖူလုံမှု ၅၁၂% အထိ ရရှိခဲ့သဖြင့် လယ်ယာထွက်ကုန်ဖြင့် တင်ပို့မှုများသည် နိုင်ငံ၏ စုစုပေါင်းတင်ပို့မှု တန်ဖိုး၏ ၂၈.၈ % အထိကိုယ်စားပြုနိုင်ခဲ့ပြီး ဒေသတွင်းနှင့် ကမ္ဘာ့စားနပ်ရိက္ခာလုံခြုံမှုကိုပံ့ပိုးပေးနိုင်ခဲ့ကြောင်း ပြောကြားခဲ့ပါသည်။ ထိုကဲ့သို့ ပြည်ထောင်စုဝန်ကြီး ပြောကြားချက်ကို ကြည့်ခြင်းအားဖြင့် ကမ္ဘာ့စားနပ်ရိက္ခာအတွက် မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်သည် သေးငယ်လှသည် မဟုတ်သည်ကို တွေ့နိုင်ပါသည်။

### မြန်မာ့ကုန်သွယ်မှုအခြေအနေ

မြန်မာနိုင်ငံ၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အထိ နှစ်နှစ်တာကုန်သွယ်မှု အခြေအနေကို ကြည့်လျှင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၃၀.၀ ဘီလီယံ ကျော်ရှိခဲ့ပါသည်။ ၂၀၂၁-၂၀၂၂ (၆လ) Minibudget တွင် အမေရိကန်ဒေါ်လာ ၁၆.၂ ဘီလီယံကျော်ရှိပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင်အမေရိကန်ဒေါ်လာ ၃၃.၉ ဘီလီယံကျော်ရှိသည်ကို တွေ့ရပါသည်။ ထိုအထဲတွင် ပို့ကုန်အပိုင်းမှ ဆောင်ရွက်နိုင်မှုမှာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅.၃ ဘီလီယံကျော်ရှိပြီး ၂၀၂၁-၂၀၂၂ (၆လ) Minibudget တွင် အမေရိကန်ဒေါ်လာ ၈.၃ ဘီလီယံကျော်ရှိကာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၆.၆ ဘီလီယံကျော်ရှိပါသည်။ ထို့ကြောင့် ပို့ကုန်ပိုင်းတွင် တိုးတက်လာပါသည်။

### ပို့ကုန်အုပ်စုများ

ပို့ကုန်များကို အမျိုးအစားအလိုက် အုပ်စုခုနှစ်ခုခွဲခြားထားပါသည်။ ပို့ကုန်အုပ်စု အမည်များမှာ လယ်ယာထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ စက်မှုကုန်ချောပစ္စည်းနှင့်အခြားပစ္စည်းများဟု ခွဲခြားထားပါသည်။ ထိုအထဲမှလယ်ယာထွက်ကုန်ပစ္စည်းများတင်ပို့မှုသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၄.၆ ဘီလီယံရှိသဖြင့် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅.၃ ဘီလီယံ၏ ၃၀% ပါဝင်ပါသည်။ စက်မှုကုန်ချောပစ္စည်းများ တင်ပို့မှုသည် ၅၆ ရာခိုင်နှုန်းခန့်ရှိသဖြင့် လယ်ယာထွက်ကုန် ပစ္စည်းတင်ပို့မှုတန်ဖိုးသည် စက်မှုကုန်ချောပစ္စည်း တင်ပို့မှုပြီးလျှင် အများဆုံးဖြစ်ပါသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင်လည်း လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှုတန်ဖိုးသည်အမေရိကန်

ဒေါ်လာ ၄ ဘီလီယံနီးပါးရှိသဖြင့်ပို့ကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၁၆.၆ ဘီလီယံကျော်၏ ၂၄ ရာခိုင်နှုန်းကျော် ရှိသည်ကို တွေ့ရပါသည်။ လယ်ယာထွက်ကုန် ပစ္စည်းများ တင်ပို့မှုကို ပုံမှန်လမ်းကြောင်း၊ ရေလမ်းကြောင်းဖြင့် တင်ပို့မှုအပြင် နယ်စပ်လမ်းကြောင်းမှလည်း အများအပြား တင်ပို့ကြပါသည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပုံမှန်လမ်း ကြောင်းမှတင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၁.၉ ဘီလီယံ နှင့်နယ်စပ် လမ်းကြောင်းမှ တင်ပို့မှုသည် အမေရိကန် ဒေါ်လာ ၂.၇ ဘီလီယံခန့်ရှိသည်ကို တွေ့ရပါသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပုံမှန်လမ်းကြောင်းမှ တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၂.၇ ဘီလီယံရှိပြီး နယ်စပ်လမ်း ကြောင်းမှ တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၁.၃ ဘီလီယံ ခန့်ရှိပါသည်။ ထို့ကြောင့် နှစ်နှစ်နှိုင်းယှဉ်ကြည့်လျှင် ပုံမှန် လမ်းကြောင်းမှတင်ပို့မှုသည်အမေရိကန်ဒေါ်လာ ၀.၈ သန်း ပိုမိုလာပြီး နယ်စပ်လမ်းကြောင်းမှ တင်ပို့နိုင်မှု တွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တင်ပို့နိုင်မှုသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ထက် အမေရိကန်ဒေါ်လာ ၁.၄ ဘီလီယံ လျော့နည်းသည်ကို တွေ့နိုင်ပါသည်။

### ပို့ကုန်လယ်ယာထွက်ပစ္စည်းအမျိုးအစားများ

ပုဂ္ဂလိကကဏ္ဍမှ အများဆုံးပါဝင်ပြီး တင်ပို့မှုအမျိုးအစား အလိုက် အုပ်စု ၇ စုတွင် ဒုတိယ အများဆုံးတင်ပို့သော လယ်ယာထွက်ကုန် ပစ္စည်း၏ အမျိုးအစားများမှာ ဆန်နှင့် ဆန်ထွက်ပစ္စည်း၊ ပြောင်း၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဝါ၊ နနွင်းတက်၊ ချင်းခြောက်၊ ချဉ်ပေါင်ဖာလာ၊ ဝဥ၊ ကြက်သွန်နီ၊ ခြံစည်းရိုး ကြက်ဆူ၊ ဆီးသီး၊ ကော်ဖီစေ့၊ သီဟိုစေ့၊ သရက်၊ သခွားမွှေး၊ ဖရဲသီး၊ ငှက်ပျောသီး၊ ရာဘာစိမ်း၊ ထန်းလျက်၊ ငရုတ်ကောင်းနှင့် အခြား လယ်ယာကိုင်းကျွန်းထွက် ပစ္စည်းများဖြစ်ပါသည်။ ထို လယ်ယာထွက်ကုန် ပစ္စည်းများတွင် ဆန်နှင့်ဆန်ထွက် ပစ္စည်း၊ ပြောင်း၊ ရာဘာစိမ်းနှင့် ပဲမျိုးစုံတို့ကို တင်ပို့မှုမှရရှိ သောနိုင်ငံခြားငွေသည်အများဆုံးဖြစ်ပါသည်။ ဆန်တင်ပို့မှု မှရရှိသော နိုင်ငံခြားငွေမှာ ၂၀၂၀-၂၀၂၁ တွင် အမေရိကန် ဒေါ်လာ ၂၉၃ သန်းကျော်ဖိုးရှိရာမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တွင်အမေရိကန်ဒေါ်လာ ၅၁၈ သန်းဖိုးအထိ တိုးတက် တင်ပို့နိုင်ခဲ့ပါသည်။ ဆန်ကွဲတင်ပို့မှုမှ ရရှိသော နိုင်ငံခြား ငွေမှာ ၂၀၂၀-၂၀၂၁တွင် အမေရိကန်ဒေါ်လာ ၂၆၉ သန်း ကျော်ဖိုးရှိပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အမေရိကန် ဒေါ်လာ ၃၀၃ သန်းကျော်ဖိုးအထိ တိုးတက်တင်ပို့နိုင်ခဲ့ပါ သည်။ ထို့ကြောင့် ဆန်နှင့် ဆန် ကွဲနှစ်မျိုးပေါင်းသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် တန်ချိန်အားဖြင့် ၁.၈၇ သန်း ကျော်ရှိရာမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တန်ချိန်အားဖြင့် ၂.၂ သန်းနီးပါးအထိ တိုးတက်လာပါသည်။ ပြောင်းတင်ပို့မှု တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၌ တန်ချိန် ၂.၆၁ သန်းရှိခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင်တန်ချိန်အားဖြင့် ၁.၉၂ သန်းရှိ ပါသည်။ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅၃၆ သန်း ကျော်သာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ရရှိခဲ့သော်လည်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင်အမေရိကန်ဒေါ်လာ ၅၉၃သန်း ကျော်အထိရရှိခဲ့ပါသည်။ ပဲမျိုးစုံတင်ပို့မှုကို ကြည့်လျှင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂.၀၂ သန်း ကျော် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁.၆ သန်းခန့်ရရှိခဲ့ပါသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁.၉ သန်းကျော် တင်ပို့နိုင်ခဲ့သော်လည်းတန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁.၄၇သန်း ကျော်ရရှိခဲ့ပါသည်။ တင်ပို့သည့်ပဲများတွင် တန် ချိန်တစ်သိန်းကျော်အောင် တင်ပို့နိုင်သည့် ပဲမှာသုံးမျိုးသာ ရှိပါသည်။ မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံတို့ဖြစ်ကြပါသည်။ အခြားပို့ကုန်ဝင်ငွေသန်း တစ်ရာကျော်ရရှိသော သီးနှံမှာ နှမ်းသီးနှံဖြစ်ပါသည်။ နှမ်းသီးနှံကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တွင်တင်ပို့ရာမှ ရရှိသည့် အမေရိကန်ဒေါ်လာ ၃၃၈ သန်း ကျော်ရှိခဲ့ပါသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တင်ပို့မှုကျ ဆင်းခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၃၂ သန်းကျော်ရရှိခဲ့ပါ သည်။ သစ်သီးဝလံများတွင် ယခင်က ဖရဲသီးသည် အမေရိကန်ဒေါ်လာ သန်းတစ်ရာကျော် ပို့ကုန်ဝင်ငွေရရှိခဲ့ သော်လည်း ကိုဗစ်-၁၉ ရောဂါကြောင့် မူဆယ်နယ်စပ် ကုန်သွယ်မှု ရပ်တန့်ခဲ့ရာမှ လျော့ကျသွားခဲ့ပါသည်။ ယခု အခါ ငှက်ပျောသီး (တစ်သျှူးငှက်ပျော)တစ်မျိုးသာလျှင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ၁၃၃ သန်းကျော်တင်ပို့နိုင်လာ သည်ကိုတွေ့ရပါသည်။ စက်မှုကုန်ကြမ်းအနေဖြင့် ရာဘာ စိမ်းသည်လည်း ပင်လယ်ရေကြောင်းနှင့် နယ်စပ်နှစ်ခု ပေါင်းလျှင်၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင်အမေရိကန်ဒေါ်လာ ၄၄၉ သန်းကျော်ရရှိခဲ့ပြီး၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၃၂၂ သန်းကျော်တင်ပို့ခဲ့သည်ကို တွေ့ ရပါသည်။

သို့ဖြစ်၍ ပြည်ပပို့ကုန် အမျိုးအစားများတွင် လယ်ယာ ထွက်ကုန်သီးနှံများသည် ပြန်လည်စိုက်ပျိုး ထုတ်လုပ်ခြင်း ကိုရာသီချိန်အလိုက် ဆောင်ရွက်နိုင်သဖြင့်လည်းကောင်း၊ တိုးတက် ထုတ်လုပ်ရန်နှင့် မရှိမဖြစ် လိုအပ်သော စားသောက်ကုန်များ အများစုဖြစ်သဖြင့်လည်းကောင်း၊ နိုင်ငံ၏ ပို့ကုန်ဝင်ငွေကို တိုးတက်စေနိုင်သည့် ပို့ကုန်အမျိုး

အစားများဖြစ်သည်ကို တွေ့နိုင်ပါသည်။ မြန်မာနိုင်ငံသည် ဆန်စပါး တင်ပို့မှုတွင် ကမ္ဘာ့ဆန်တင်ပို့သည့် နိုင်ငံများ၏ အမှတ်စဉ် ၅-၆ တွင် ရှိနေတတ်ပါသည်။ ကမ္ဘာ့ပဲမျိုးစုံ တင်ပို့သည့်နိုင်ငံများတွင် ကနေဒါပြီးလျှင် ဒုတိယအများဆုံး ဖြစ်ပါသည်။ သစ်သီးဝလံတင်ပို့မှုများသည်လည်း နယ်စပ်မှ တင်ပို့သဖြင့် တရုတ်နိုင်ငံတွင်စာရင်းမပါသည့် သဘောဖြစ်နေသော်လည်း ယခင်ကထက် ဖရဲသီးတင်ပို့မှုများ အထူးများပြားခဲ့ပြီး၊ ယခုအခါတွင်လည်း ငှက်ပျောသီးတင်ပို့မှုမှာ များပြားသည်ကို တွေ့နိုင်ပါသည်။ ရာဘာသည်လည်း အားထားရသော ပြည်ပပို့ကုန် တစ်ခုဖြစ်သည်ကို တွေ့နိုင်ပါသည်။

### မြန်မာ့ပို့ကုန်မှ ထိပ်ဆုံးနှစ်ဆယ်တွင် သီးနှံများပါဝင်မှု အခြေအနေ

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် မြန်မာ့ထိပ်ဆုံး ပို့ကုန်အမျိုးနှစ်ဆယ်ကိုကြည့်လျှင် ချုပ်ပြီး အထည်သည် ၂၃.၅%၊ သဘာဝဓာတ်ငွေ့သည် ၂၀.၃၁%၊ ဆန်နှင့်ဆန်ကွဲသည် ၄.၅၆%၊ ပြောင်းသည် ၃.၄၉%၊ မတ်ပဲသည် ၃.၄၃%၊ ပဲတီစိမ်းသည် ၃.၄၂%၊ ရာဘာစိမ်းသည် ၂.၉၂%၊ ငါးသည် ၂.၇၈%၊ ငှက်ပျောသီး (တစ်သျှူး) သည် ၂.၂၈%၊ နှမ်းသည် ၂.၂၁%၊ မြေပဲဆံသည် ၁.၂၄%၊ ပဲစင်းငုံသည် ၀.၉၄%၊ သကြားသည် ၀.၅၈%၊ ပုဇွန်သည် ၀.၄၆%၊ သစ်ပါးလွှာနှင့် အထပ်သားသည် ၀.၃၈%၊ ကြက်သွန်နီသည် ၀.၃၀%၊ ဖရဲသီးသည် ၀.၂၈%၊ မြေထောက်ပဲသည် ၀.၂၅%၊ ပဲယင်းသည် ၀.၂၂% တို့ဖြစ်ကြပါသည်။ ထိုထိပ်ဆုံးအမျိုးနှစ်ဆယ်တွင် ၁၄ မျိုးအထိ ပါဝင်နေသည်ကို တွေ့နိုင်ပါသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ချုပ်ပြီးအထည်သည် ၃၁.၇၉%၊ သဘာဝဓာတ်ငွေ့သည် ၂၄.၀၂%၊ ဆန်နှင့်ဆန်ကွဲသည် ၄.၉၄%၊ ပြောင်းသည် ၃.၅၇%၊ မတ်ပဲသည် ၃.၂၀%၊ ပဲတီစိမ်းသည် ၂.၉၄%၊ ငါးသည် ၂.၂၅%၊ ရာဘာစိမ်းသည် ၁.၉၄%၊ ပဲစင်းငုံသည် ၁.၁၃%၊ ငှက်ပျောသီးသည် ၀.၈၁%၊ နှမ်းသည် ၀.၈၀%၊ သတ္တုနှင့် သတ္တုရိုင်းသည် ၀.၅၂%၊ ပုဇွန်သည် ၀.၄၆%၊ ပဲယင်းသည် ၀.၃၇%၊ ကြက်သွန်နီသည် ၀.၃၁%၊ မြေထောက်ပဲသည် ၀.၃၀%၊ သစ်ပါးလွှာနှင့် အထပ်သားသည် ၀.၂၇%၊ ပဲလွန်းဖြူသည် ၀.၂၄%၊ မြေပဲဆံသည် ၀.၂၄%နှင့် သကြားသည် ၀.၂၂% ဖြစ်ပါသည်။ ထိပ်ဆုံးအမျိုးအစား နှစ်ဆယ်တွင် ၁၄ မျိုးသည် လယ်ယာထွက်ကုန်သီးနှံများဖြစ်ပါသည်။

### ကုန်သွယ်ဖက်နိုင်ငံများ

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တို့ကိုလေ့လာကြည့်မည်ဆိုလျှင် ပို့ကုန်အပိုင်းမှ အများဆုံး ကုန်သွယ်ဖက် နိုင်ငံနှစ်ဆယ်တွင် ၁၈ နိုင်ငံဖြစ်သော တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အမေရိကန်နိုင်ငံ၊ ဂျာမဏီနိုင်ငံ၊ စပိန်နိုင်ငံ၊ ဗြိတိန်နိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ပိုလန်နိုင်ငံ၊ဗီယက်နမ်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ဘယ်လ်ဂျီယံနိုင်ငံ၊ အီတလီနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံတို့သည် အဓိကပို့ကုန် ကုန်သွယ်ဖက်နိုင်ငံများဖြစ်ပါသည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အင်ဒိုနီးရှားနိုင်ငံနှင့် ဟောင်ကောင်နိုင်ငံတို့ပါဝင်ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အင်ဒိုနီးရှားနိုင်ငံနှင့် ဟောင်ကောင်နိုင်ငံတို့သည် ထိပ်ဆုံး ၂၀ တွင် ပါဝင်လာခြင်းမရှိပဲ ဒိန်းမတ်နိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့ပါ ဝင်လာသည်ကိုတွေ့ရပါသည်။ အဆိုပါနိုင်ငံများတွင် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ ထိပ်ဆုံးပို့ကုန်တင်ပို့ပေးနိုင်သော ကုန်သွယ်ဖက် နိုင်ငံဖြစ်ပါသည်။ ဒုတိယမှာ ထိုင်းနိုင်ငံဖြစ်ပါသည်။

### ပို့ကုန်တိုးမြှင့်ရေး နှင့် ရင်းနှီးမြုပ်နှံမှု

ပို့ကုန်တိုးမြှင့်ရေးအတွက် လိုအပ်သော အချက်များကို ယခု တင်ပြသော သတင်းအချက်အလက်များပေါ်တွင် လေ့လာပြီးပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ဆောင်ရွက်သွားသင့်သော လုပ်ငန်းစဉ်များကို သုံးသပ်မိပါသည်။ လယ်ယာ ထွက်ကုန်များသည် ကမ္ဘာ့စားနပ်ရိက္ခာများကို အထောက်အပံ့ပြုသည်ဖြစ်၍လည်းကောင်း၊ ရာသီအလိုက်စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်သဖြင့်လည်းကောင်း တိုးချဲ့ထုတ်လုပ်သွားသင့်ပါသည်။ ထို့အပြင် လယ်ယာထွက်ကုန်များကို ကုန်ကြမ်းအဖြစ် တင်ပို့ခြင်းသာ များပြားသဖြင့် ကုန်ချောအဖြစ်လည်းကောင်း၊ Value Added တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ်လည်းကောင်းထုတ်လုပ်တင်ပို့နိုင်မည်ဆိုပါက ပို့ကုန်ဝင်ငွေပိုလာနိုင်သည်ဟု သုံးသပ်မိပါသည်။ ဥပမာအားဖြင့် ဆီထွက်သီးနှံများကို ပြည်ပသို့ ကုန်ကြမ်းအဖြစ်တင်ပို့နေရသည်ကိုတန်ဖိုးမြှင့်ထုတ်ကုန်အဖြစ်လည်းကောင်း၊ ကုန်ချောစားသုံးဆီအဖြစ်လည်းကောင်းထုတ်လုပ်ပြီးပြည်ပ တင်ပို့နိုင်မည်ဆိုပါက ပို့ကုန်ဝင်ငွေတိုးတက်လာမည်ဖြစ်ပါသည်။ ထို့အပြင်ကုန်ကြမ်းကို စိုက်ပျိုးထုတ်လုပ်တင်ပို့နိုင်သော်လည်း အကယ်၍ကုန်ချောအဖြစ် ထုတ်လုပ်

တင်ပို့နိုင်မည်ဆိုပါက ပြည်တွင်းတွင် စက်ရုံအလုပ်ရုံများ တိုးတက်လာပြီး စက်မှုကဏ္ဍ တိုးတက်လာမည်ဖြစ်သကဲ့သို့ အလုပ်အကိုင်လည်း တိုးတက်လာမည်ဖြစ်ပါသည်။ သီးနှံအလိုက် ကြည့်မည်ဆိုလျှင် နှစ်ပေါင်းများစွာထဲမှ တင်ပို့လာသော ဆန်၊ ဆန်ကွဲ၊ ပဲမျိုးစုံ စသည်တို့ကို တိုးတက်စိုက်ပျိုး ထုတ်လုပ်ခြင်းဖြင့် တစ်မျိုးလျှင် အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်အောင် တင်ပို့နိုင်ရေးကိုလည်း Vision တစ်ခုအဖြစ်ချမှတ်ပြီး ဆောင်ရွက်သွားမည်ဆိုလျှင် သင့်တော်သော နည်းလမ်းတစ်ခုဖြစ်သည်ဟု သုံးသပ်မိပါသည်။ ထို့အပြင် သီးနှံများကို အရေအတွက်တိုးတက်ရေးအပြင် အရည်အသွေး တိုးတက်ရေးကိုကျွဲကူးရေပါ ဆောင်ရွက်နိုင်လျှင် တင်ပို့သီးနှံတစ်ခုချင်းမှရရှိသော တန်ဖိုးသည်လည်း မြင့်တက်လာမည်ဖြစ်ပါသည်။ ဥပမာအားဖြင့် ကြက်သွန်နီကဲ့သို့ သီးနှံမျိုးသည် ပြည်တွင်း သုံးစွဲမှုထက် ပိုလျှံနေသဖြင့် ပြည်ပတင် ပို့မှုကို တိုးတက်စေရန်ဆောင်ရွက်ရာတွင် အရေအတွက်အပြင် ပြည်ပမှလိုလားသော အရည်အသွေး အရွယ်အစားတို့ကို စိုက်ပျိုးထုတ်လုပ်နိုင်လျှင် ပို့ကုန်ဝင်ငွေ ပိုမိုတိုးတက်လာမည်ဖြစ်ပါသည်။ အခြားနည်းလမ်းတစ်ရပ်မှာ ကုန်သွယ်ဖက်နိုင်ငံများ တိုးတက်လာရေးဖြစ်ပါသည်။ ဤနေရာတွင်နှစ်မျိုးရှိပါသည်။ ရှိပြီးကုန်သွယ်ဖက်နိုင်ငံများကို ပိုမိုတိုးတက်တင်ပို့နိုင်ရေးနှင့် ကုန်သွယ်ဖက်နိုင်ငံ အသစ်များ တိုးချဲ့တင်ပို့နိုင်ရေးဖြစ်ပါသည်။ အဆိုပါ ကုန်သွယ်ဖက်နိုင်ငံ သို့မဟုတ် ဈေးကွက်နိုင်ငံများသို့ တင်ပို့ရာတွင် လိုအပ်သော Non-tariff barriers ဟူသော အခွန်မဟုတ်သည့်အတားအဆီးများဖြစ်သည့် အရည်အသွေးသတ်မှတ်ချက်များ၊ သတ်မှတ်ထားသည့် လက်မှတ်များကိုလည်း နားလည်ပြီး ဆောင်ရွက်နိုင်ရန် လိုအပ်ပါသည်။ အသစ်တိုးချဲ့နိုင်ရန်လည်း စီးပွားရေးသံမှူးများ၊ သံရုံးများနှင့် ချိတ်ဆက်ပြီး ဆောင်ရွက်နိုင်မည်ဆိုပါက ဈေးကွက်အဟောင်းအသစ်များသို့ ပို့ကုန်တိုးတက်တင်ပို့လာနိုင်ရေးကိုဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ လယ်ယာထွက်ပစ္စည်းများတိုးတက် တင်ပို့နိုင်ရေးအတွက် အခြေခံလိုအပ်ချက်သုံးခုကိုတိုးတက်အောင် ဆောင်ရွက်နိုင်ရန်လိုအပ်ပါသည်။ အဆိုပါကိစ္စများမှာ လယ်ယာထွက်ကုန်ပစ္စည်းများ အရေအတွက်နှင့် အရည်အသွေးပိုင်း တိုးတက်စိုက်ပျိုး ထုတ်လုပ်နိုင်ရန်၊ စက်ရုံအလုပ်ရုံများဖြင့်ကုန်ချောများ တိုးတက်ထုတ်လုပ်နိုင်ရန်၊ ရင်းနှီးမြှုပ်နှံမှုများတိုးတက်လာရန်နှင့် ကုန်သွယ်မှုအတွက်လိုအပ်သည့် အခြားလိုအပ်ချက်များကို လွယ်ကူချောမွေ့အောင် ဆောင်ရွက်နိုင်ရန်တို့ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုပိုင်းတွင် ပြည်ပမှတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများသည် ပို့ကုန်တိုးမြင့်ရေးအပြင် သွင်းကုန်အစားထိုးလုပ်ငန်းများတွင်လည်း အားထားရသည့် ကိစ္စတစ်ရပ်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာသဖြင့် မြင့်တက်လာသောကဏ္ဍ တစ်ခုကို ဖော်ပြပါဆိုလျှင် CMP ကဏ္ဍဟု ဆိုနိုင်ပါသည်။ လယ်ယာထွက်ကုန်ကဏ္ဍတွင်ပို့ကုန်တိုးမြင့်ရေးအတွက် အထက်ဖော်ပြပါလုပ်ငန်းစဉ်များအပြင် ရင်းနှီးမြှုပ်နှံမှုများကို စက်မှုကဏ္ဍနှင့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ရေး ကဏ္ဍများကို ဆောင်ရွက်နိုင်မည်ဆိုလျှင်ကုန်ချောထုတ်လုပ်ရေးနှင့် ဈေးကွက်တိုးချဲ့ရေးတွင် အထောက်အကူများစွာဖြစ်မည်ဟု သုံးသပ်မိပါသည်။ သို့ဖြစ်၍ လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်အောင်ဆောင်ရွက်ခြင်း၊ စက်ရုံများဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်နှင့် ကုန်ချောများ တိုးတက်ထုတ်လုပ်နိုင်အောင်ဆောင်ရွက်ခြင်း၊ စီးပွားရေးသံမှူးများအားဖြင့် ဈေးကွက်နိုင်ငံများ တိုးချဲ့နိုင်အောင် ဆောင်ရွက်ခြင်းနှင့် အထူးစီးပွားရေးဇုန်များနှင့် ရင်းနှီးမြှုပ်နှံမှုများ အားကိုးယူပြီး ပြည်ပပို့ကုန်များတိုးတက်လာစေရေးကို အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့ပူးပေါင်းဆောင်ရွက်သွားနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ် ခင်ဗျား။

မျိုးသူ (ကုန်သွယ်မြှင့်)

# MIFER သတင်းကဏ္ဍ

## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဗလာဒီဗော့စတော့ခ်မြို့၌ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့မှ ၁၃ ရက်နေ့အထိ ကျင်းပသည့် အဋ္ဌမအကြိမ်မြောက် အရှေ့ဖျား စီးပွားရေးဖိုရမ်သို့ တက်ရောက်ခြင်း

ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ဦးဆောင်တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ဗလာဒီဗော့စတော့ခ်မြို့မှာ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့မှ ၁၃ ရက်နေ့အထိ ကျင်းပပြုလုပ်တဲ့ အဋ္ဌမအကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်ကို တက်ရောက်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးလည်း အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ပါသည်။




ဖိုရမ်တက်ရောက်စဉ်ကာလအတွင်း ကိုယ်စားလှယ်အဖွဲ့ဟာ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့တွင် ရုရှားသမ္မတ၏ အကြံပေးနှင့် ရုရှား ရော့စ်ကွန်ဂရက် ဖောင်ဒေးရှင်း အမှုဆောင် အတွင်းရေးမှူး မစ္စတာ အန်တွန်ကိုဗျာကော့ဗ် (Mr. Anton Kobyakov) ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ၍ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့က မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့တွင် Russia-ASEAN Business Dialogue ခေါင်းစဉ်၊ မွန်းလွဲပိုင်းတွင် SCO and EAEU Climate Agenda: Moving Towards common Goals ခေါင်းစဉ်နှင့် Greater Eurasia: Drivers for the Formation of an Alternative International Monetary and Financila System ခေါင်းစဉ်တို့ကို ဆွေးနွေးပြောကြားသူ (Speaker) အဖြစ် တက်ရောက်ဆွေးနွေးခဲ့ပါသည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စီးပွားရေးဖွံ့ဖြိုးတိုး တက်မှုဝန်ကြီး မစ္စတာ မာ့ခ်ဆင်ရီရှုတ်နီကို့ဗ် (Mr. Maxim Reshetnikov) ခေါင်းဆောင်သော အဖွဲ့နှင့်တွေ့ဆုံ၍ စတုတ္ထအကြိမ်မြောက် ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ကော်မရှင်အစည်းအဝေး ကျင်းပရေး၊ မြန်မာ-ရုရှားစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ လမ်းပြမြေပုံအကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ အမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့ကြပါသည်။

ဆက်လက်၍ JSC Russian Railways မှ First Deputy CEO Mr. Sergey Pavlov ခေါင်းဆောင်သည့် အဖွဲ့နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ ရထားလမ်းတည်ဆောက်ရေး ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံရှိ စက်ခေါင်းနှင့် လူစီးတွဲ စက်ရုံများတွင် စီမံကိန်းလုပ်ငန်း အသစ်များ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ရုရှားနိုင်ငံ တက္ကသိုလ်များ အနေဖြင့် ရထားပညာတော်သင်များ ဆောင်ရွက်ပေးနိုင်ရေး၊ မြန်မာနိုင်ငံ၏ ရထားလုပ်ငန်းများအတွက် နည်းပညာနှင့် ငွေကြေးအထောက်အပံ့များရရှိနိုင်ရေးနှင့် ကုန်းတွင်းဆိပ်ကမ်းများ တည်ဆောက်ရေး လုပ်ငန်းများတွင်လာရောက်ရင်းနှီးမြှုပ်နှံရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် နည်းပညာဆိုင်ရာ ကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့်လည်း သီးခြားတွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ရာ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာ ၁၀ ရက်နေ့တွင် Aquarius နည်းပညာကုမ္ပဏီမှ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး၊ ဒစ်ဂျစ်တယ်စီးပွားရေး၊ ဆိုက်ဘာလုံခြုံရေးနှင့် သတင်းအချက်အလက် နည်းပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများ၊ Aquarius နည်းပညာကုမ္ပဏီ၏ ထုတ်ကုန်များအား ပိုမိုနားလည်စေရန် စီးပွားရေးလုပ်ငန်းများအချင်းချင်း တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ရန်ကိစ္စရပ်များကိုလည်းကောင်း၊ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့တွင် Far Eastern Federal University မှ တာဝန်ရှိသူများအား တွေ့ဆုံ၍ မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနနှင့် Far Eastern Federal University (FEFU) တို့

အကြား လက်မှတ်ရေးထိုးထားသည့် ဆေးဘက်ဆိုင်ရာ ပညာရပ် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှု စာချွန်လွှာ အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ နှစ်နိုင်ငံတက္ကသိုလ်များအကြား ပူးပေါင်းဆောင်ရွက်မှုများ စတင်ရေးနှင့် နေပြည်တော်တွင် FEFU ရုံးခွဲဖွင့်လှစ်မည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးခဲ့ကြပါသည်။

အဋ္ဌမအကြိမ်မြောက် အရှေ့ဖျား စီးပွားရေးဖိုရမ်သို့ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ အထွေထွေအတွင်းရေးမှူးချုပ်နှင့် ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာထမ်းများ တက်ရောက်ခဲ့ကြပါသည်။

## ပြည်ထောင်စုဝန်ကြီးသည် 2023 GMS Economic Corridor Governors Forum ဒုတိယနေ့ GMS Project Roadshow အစီအစဉ်များ၊ Lancang – Mekong Fruit Festival၊ Lancang Border Economic Cooperation Zone နှင့် Dehong Pilot Free Trade Zone တို့၏ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ဖိတ်ခေါ်ရှင်းလင်းမှု အခမ်းအနားများသို့တက်ရောက်ခြင်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်၏ မြို့တော်ကူမင်းမြို့သို့ ရောက်ရှိနေသော ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့တွင် Yunnan Haigeng Convention Center တွင် ကျင်းပပြုလုပ်သော 2023 GMS Economic Corridor Governors Forum ၏ GMS Project Roadshow and Lincang – Mekong Fruit Festival သို့ တက်ရောက်ခဲ့ပါသည်။




ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် ၂၀၂၃ ခုနှစ် ဂျီအမ်အက်စ် စီးပွားရေးစင်္ကြံ အုပ်ချုပ်သူများဆိုင်ရာဖိုရမ် (GMS Economic Corridor Governors Forum) ၏ ဒုတိယနေ့အဖြစ် GMS Projects Roadshow နှင့်လန်ချန်းနယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် (Lancang Border Economic Cooperation Zone) ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး အဖွင့်မိန့်ခွန်း ပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မိန့်ခွန်းပြောကြားရာတွင် လန်ချန်းနယ်စပ်ဒေသ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်ထူထောင်ဆောင်ရွက်မှုသည်ဂျီအမ်အက်စ်အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုကို မြှင့်တင်လုပ်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ဂျီအမ်အက်စ် ဒေသခွဲ၏ ပင်မစီးပွားရေးသည် စိုက်ပျိုးရေးကဏ္ဍဖြစ်သည်ကို အားလုံးသိရှိပြီးဖြစ်ပါကြောင်း၊ ယူနန်ပြည်နယ်၏ စိုက်ပျိုးရေးအခြေခံသည့် အရည်အသွေးမြင့်စားသောက်ကုန် လုပ်ငန်းနယ်ပယ်မှ စီးပွားရေးအရ ပေါင်းစည်းနိုင်သောအခွင့်အလမ်းကိုရယူခြင်းဖြင့်မိမိတို့၏အဓိကမိတ်ဖက် လုပ်ငန်းများဖြစ်လာနိုင်ပါကြောင်း၊ ပြည်တွင်းဈေးကွက်နှင့်လူဦးရေအခြေအနေများသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အခြားအဖွဲ့ဝင်နိုင်ငံများအကြား စိုက်ပျိုးရေးအခြေခံသည့် ကုန်သွယ်မှုအပေါ် သက်ရောက်မှုရှိမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအတွင်း တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၅၉၇ ခု၊ ပမာဏအားဖြင့်အမေရိကန်ဒေါ်လာ ၂၁.၈၆၃ ဘီလီယံတန်ဖိုးရှိရာ စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ၏ ၂၃.၅% ရှိပါကြောင်း၊ တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် လျှပ်စစ်ကဏ္ဍတွင် အများဆုံးဝင်ရောက်ခြင်းဖြစ်ပြီး နယ်စပ်ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက်အဆိုပါကဏ္ဍကို အားပေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့ပြင်လျှပ်စစ်ကဏ္ဍသည် မြန်မာနိုင်ငံအတွက် အခြေခံကျသည့် လိုအပ်ချက်တစ်ခုဖြစ်သည့်အပြင် ရင်းနှီးမြှုပ်နှံမှုအတွက်လည်း အရေးကြီးသဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် အထူးကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးကတရုတ်နိုင်ငံ၏ပံ့ပိုးမှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကွမ်းလုံ တံတား တည်ဆောက်ရေးစီမံကိန်းပြီးစီးပါက မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များအား တရုတ်နိုင်ငံသို့ အဆင်ပြေ ချောမွေ့စွာတင်ပို့နိုင်ခြင်းဖြင့် နယ်စပ်ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများကို အတိုင်းအတာတစ်ခုအထိ ပိုမိုမြှင့်တင်နိုင်မည်ဖြစ်ပါကြောင်း၊ လန်ချန်းနယ်စပ်ဒေသ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်ရှိ International Aquatic Products Processing Industrial Park စီမံကိန်းသည်လည်း နှစ်နိုင်ငံအကြား နယ်စပ်ဒေသတစ်လျှောက် အကျိုးဖြစ်ထွန်းနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ လျှပ်စစ်သုံးမော်တော်ယာဉ် ကဏ္ဍအပါအဝင် စိုက်ပျိုးရေး၊ ဇီဝဆေးပညာ၊ ရေနေသတ္တဝါ၊ အအေးထိန်းပစ္စည်းများ ထောက်ပံ့ပို့ဆောင်ရေး၊ ယဉ်ကျေးမှုဖလှယ်ရေးဆိုင်ရာ ခရီးသွားလုပ်ငန်းကဏ္ဍစီမံကိန်းများသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က သတ်မှတ်ထားသည့်ဦးစားပေးမြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများဖြစ်သဖြင့် အဆိုပါကဏ္ဍများတွင်လာရောက် ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်လိုပါကြောင်း၊ စားနပ်ရိက္ခာဖူလုံမှုနှင့် စိုက်ပျိုးရေးထုတ်ကုန်ထုတ်လုပ်မှုလုပ်ငန်းများမြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် အဖွဲ့ဝင်နိုင်ငံများအချင်းချင်း နည်းပညာပူးပေါင်း ဆောင်ရွက်မှုများပံ့ပိုးပေးရန် မျှော်လင့်ပါကြောင်းတက်ရောက်လာကြသော မဲခေါင်ဒေသခွဲနိုင်ငံများမှ တက်ရောက်လာသူများနှင့် ရင်းနှီးမြှုပ်နှံလိုသူများ သို့ ပြောကြားခဲ့ပါသည်။




နေ့လယ်ပိုင်းအခမ်းအနားတွင် ဒယ်ဟုန်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်နယ်ပါတီကော်မတီ အတွင်းရေးမှူး Mr. Jiang Shan နှင့် တာဝန်ရှိသူများက အမှာစကားပြောကြားခဲ့ပါသည်။ ဆက်လက်၍ ယူနန်ပြည်နယ် ပုဂ္ဂလိကစွန့်ဦးတီထွင် လုပ်ငန်းရှင် များအသင်း ဒုတိယဥက္ကဋ္ဌ Mr. Yi Hong က မိတ်ဆက်စကားပြောကြားခဲ့ပြီး တရုတ်နိုင်ငံ ယူနန်ပြည်နယ် ဒယ်ဟုန်ဒေသလွတ်လပ်သော ကုန်သွယ်မှုရှေ့ပြေးဇုန် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ကြပါသည်။

ယင်းနောက် တရုတ်- မြန်မာနယ်စပ် ဒယ်ဟုန်ဒေသ (Dehong Area) တွင် ဆောင်ရွက်မည့် အဓိကလုပ်ငန်းစီမံကိန်းများ ၆ ခု ဖြစ်သည့် Yunnan's Global Plant and Animal Germplasm Resources Introduction and Transfer Base၊ Wholesale Trading Center of Agricultural Products (Processing Base for Imported Agricultural and Sideline Products)၊ Intelligent Logistics Park၊ Ruili National Backbone Cold- Chain Logistics Base (Cold- Chain Logistics Industrial Park)၊ Michu Industrial Investment Management ၊ Ruili Beef Cattle Industry Base တို့ကို စွန့်ဦးတီထွင် ရင်းနှီးမြှုပ်နှံ၍ လုပ်ကိုင်နေကြသူများက လက်ရှိအခြေအနေနှင့် အနာဂတ်အလားအလာများကို ရှင်းလင်းတင်ပြခဲ့ကြပါသည်။

အဆိုပါ အခမ်းအနားများသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူတရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာအမတ်ကြီးဦးတင်မောင်ဆွေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှစီးပွားရေးဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ လန်ချန်းမြို့တော် ပြည်သူ့အစိုးရ၊ ဒုတိယမြို့တော်ဝန် Mr. Zhao Zijie၊ ယူနန်ပြည်နယ်ကုန်သွယ်ရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr.Tan Wei ၊ ကမ္ဘောဒီးယားနိုင်ငံ Banteay Meanchey ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Oum Reatrey၊ ကမ္ဘောဒီးယားနိုင်ငံ Battanbang ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Yim Seap ၊ လာအို နိုင်ငံ Luang Prabang ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Siriphone SOUPHANTHONG၊ လာအိုနိုင်ငံ Oudomxay ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Ounalom Onkeo၊ ကူမင်းမြို့ မြန်မာ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးသော်တာအောင်တို့ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

## (၇) ကြိမ်မြောက် တရုတ်- တောင်အာရှကုန်စည်ပြပွဲနှင့် (၂၇) ကြိမ်မြောက် တရုတ် (ကူမင်း) ပို့ကုန်/ သွင်းကုန် ကုန်စည်ပြပွဲနှင့် ဆက်စပ်အခမ်းအနားများသို့တက်ရောက်၊ ဂွမ်ဒူး လွတ်လပ်သောရှေ့ပြေးဇုန် (Free Trade Pilot Zone) သို့ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များ သွားရောက်လေ့လာခြင်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိနေသော ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့တွင် ယူနန်ပြည်နယ်၊ ကူမင်းမြို့ရှိ Dianchi International Convention and Exhibition Center ၌ ကျင်းပပြုလုပ်ခဲ့သည့် (၇) ကြိမ်မြောက် တရုတ် -တောင်အာရှ ကုန်စည် ပြပွဲနှင့် (၂၇) ကြိမ်မြောက် တရုတ် (ကူမင်း) ပို့ကုန်/သွင်းကုန် ကုန်စည်ပြပွဲဖွင့်ပွဲ အခမ်းအနား များသို့ တက်ရောက်ခဲ့ပါသည်။



ထို့နောက် နေ့လယ်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် Grater Mekong Economic Corridor Governor Forum သို့ တက်ရောက်ရန် ရောက်ရှိနေကြသော လန်ချန်း-မဲခေါင် အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နန်နိုင်ငံတို့မှ အဖွဲ့ခေါင်းဆောင်များနှင့်အတူ အဖွဲ့ဝင်များလိုက်ပါလျက် ယူနန်ပြည်နယ်၊ ကူမင်းမြို့၊ ဂွမ်ဒူး လွတ်လပ်သောကုန်သွယ်မှုရှေ့ပြေးဇုန်နယ်မြေသို့လေ့လာရေးခရီး သွားရောက်ခဲ့ပါသည်။

အဆိုပါ လေ့လာရေးခရီးအတွင်း ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် Junfa-New Luosiwan International Trade City နှင့် Junfa-New Luosiwan International Trade Mall သို့ ဦးစွာသွားရောက် လေ့လာခဲ့ပါသည်။

ဆက်လက်၍ China (Yunnan) Pilot Free Trade Zone သို့ ရောက်ရှိခဲ့ပြီး International Trade Enterprises Cluster Park ၊ International Commodity Exhibition and Trading Center ရှိ မြန်မာ့ထုတ်ကုန်ပြခန်းများသို့ လှည့်လည်ကြည့်ရှုအားပေး ဆွေးနွေးခြင်း၊ Guandu Ecommerce Industrial Park ရှိ China- South Asia South East Asia Cross Border E-Commerce Industry Cluster ရှိ Tiktok Live Broadcasting Room များသို့ ကြည့်ရှုလေ့လာခဲ့ပြီး မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ၊ ရင်းနှီးမြှုပ်နှံမှုပုံစံများအား ထုတ်ဖော်ဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များအား ဂွမ်ဒူးခရိုင်၊ ပြည်သူ့အစိုးရ (District Chief of Guandu District People's Government) ၏ ခရိုင်အုပ်ချုပ်ရေးမှူး Mr. Li Dehong က ကြိုဆိုတွေ့ဆုံ၍ ရှေ့ပြေးဇုန်၏လက်ရှိ ရင်းနှီးမြှုပ်နှံမှုအခြေအနေနှင့် အနာဂတ် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များကို ရှင်းလင်းပြသခဲ့ပါသည်။ ဂွမ်ဒူးခရိုင် အတွင်းရင်းနှီးမြှုပ်နှံမှုဆောင်ရွက်နေသည့် ကုမ္ပဏီလုပ်ငန်း အုပ်စုများပါဝင်ဆွေးနွေးရန် ဖိတ်ခေါ်ခဲ့ပါသည်။



ထို့နောက် ဂွမ်းဒူးဒေသ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ China (Yunnan) Pilot Free Trade Zone ၏ အမှုဆောင်အရာရှိဖြစ်သူ Mr. Fang Yuan က ဇုန်၏ ရင်းနှီးမြှုပ်နှံမှုနှင့် ရှေ့အစီအစဉ်များအား ရှင်းလင်းတင်ပြခဲ့ပြီး CRCC, High Tech Equipment Corporation Limited ၊ Yunnan Beili E-commerce Industrial Park Management Co., Ltd ၊ International Department of Asia Pacific Economic Service (Yunnan) Group Co, Ltd နှင့် Yati Economic Services (Yunnan) Group of Co,. Ltd တို့မှ တာဝန်ရှိသူများက ရင်းနှီးမြှုပ်နှံမှုနှင့်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လေ့လာရေးခရီးလာ

ရောက်သူများအား ရှင်းလင်းတင်ပြပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ယူနန် စိုက်ပျိုးရေးတက္ကသိုလ်တွင် တက်ရောက်နေသည့် ပညာ သင်ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံကာပညာရေး ဝန်ဆောင်မှု ပူးပေါင်း ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့ပါသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များ သည် Yunnan Television Studio တွင် ကျင်းပပြုလုပ် သည့် (၄) ကြိမ်မြောက် လန်ချန်း-မဲခေါင် အသံနှင့်ရုပ်ပိုင်း ဆိုင်ရာ ရက်သတ္တပတ်ဖွင့်ပွဲနှင့် ကမ္ဘောဒီးယားနိုင်ငံ အမျိုး သား သင်္ကေတနေ့ (4th Lancang-Mekong Audiovisual Week & National Theme Day for Combodia) အခမ်း အနားများသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အတူ တက်ရောက်ခဲ့ပါ ကြောင်း သတင်းရရှိပါသည်။

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့်အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား “မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် စီမံချက်များ (Quick Impact Projects-QIP)” အကောင်အထည်ဖော် ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာများ(MoU) လက်မှတ်ရေးထိုးပွဲ အခမ်းအနား ကျင်းပခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယ သမ္မတနိုင်ငံအစိုးရတို့အကြား “မြန်ဆန်စွာအကျိုးဖြစ်ထွန်း စေမည့် စီမံချက်များ (Quick Impact Projects-QIP)” အကောင်အထည်ဖော် ဆောင်ရွက်ရန် နားလည်မှု စာချွန်လွှာ ၃ စောင် လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီးဒေါက်တာ ကံဇော်၊စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလွင်ဦး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ ဥပဒေ ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆိုင်ရာ အိန္ဒိယသမ္မတ နိုင်ငံသံရုံး၏ ဒုတိယအကြီးအကဲ Mr. Ashish Sharma နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ ကြပါသည်။




အခမ်းအနားတွင် “မြန်မာနိုင်ငံအလယ်ပိုင်း၊ အပူပိုင်းဇုန် ဒေသရှိ မိုးခေါင်ရေရှား ကျေးရွာများတွင် ဆိုလာစွမ်းအင် ဖြင့် ရေပေးဝေရေးစီမံချက်ဆိုင်ရာ နားလည်မှုစာချွန်လွှာ” နှင့် “ဌာနဆိုင်ရာ အီလက်ထရောနစ် စာကြည့်တိုက် စီမံ ချက်ဆိုင်ရာ နားလည်မှုစာချွန်လွှာ” တို့ကို ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် အစိုးရကိုယ်စား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အပူပိုင်း ဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းတိုး နှင့်အိန္ဒိယသမ္မတနိုင်ငံအစိုးရကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံး၏ ဒုတိယအကြီးအကဲ Mr. Ashish Sharma တို့ကလက်မှတ်ရေးထိုးကြပြီး “ရန်ကုန်တိုင်း ဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၌ အသေးစား လေစွမ်းအင် ဖြင့် ကျေးလက်ဒေသများ လျှပ်စစ်မီးပေးရေး စီမံချက်ဆိုင် ရာ နားလည်မှုစာချွန်လွှာ” ကို ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော်အစိုးရ ကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူး ချုပ် ဒေါ်နွယ်နီနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရ ကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံး၏ ဒုတိယ အကြီးအကဲ Mr. Ashish Sharma တို့က လက်မှတ်ရေးထိုး ခဲ့ကြပါသည်။

စုစုပေါင်းစီမံချက်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅၀,၀၀၀ ရှိသည့် အဆိုပါနားလည်မှု စာချွန်လွှာ ၃ စောင် လက်မှတ် ရေးထိုးခြင်းဖြင့် အပူပိုင်းဇုန်၊ မိုးခေါင်ရေရှားသည့်ဒေသများ တွင် ဆိုလာစွမ်းအင်ဖြင့် သန့်ရှင်းသောရေ လုံလောက်စွာ ပေးဝေနိုင်ခြင်း၊ အီလက်ထရောနစ် စာကြည့်တိုက် တည်

ထောင်နိုင်ခြင်းနှင့်ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ ကျေးရွာများကို လေစွမ်းအင်ဖြင့် လျှပ်စစ် မီးပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပြီး မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲရေးအတွက် အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

Quick Impact Project (QIP) သည် စီမံချက် တန်ဖိုးအားဖြင့် စီမံချက်တစ်ခုလျှင် အမေရိကန်ဒေါ်လာ ၅၀,၀၀၀ တန်ဖိုး ခွင့်ပြုပေးပြီး အလားတူစီမံချက်များအား မြန်မာနိုင်ငံ၏ လူမှုစီးပွား ဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေရန် အိန္ဒိယသမ္မတနိုင်ငံ အစိုးရနှင့်ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရန်ရှိပါသည်။

## (၂၃) ကြိမ်မြောက် တရုတ်အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်စည်ပြပွဲသို့ ပါဝင်တက်ရောက်နိုင်ရေးနှင့်စပ်လျဉ်းသည့် အစည်းအဝေးကျင်းပခြင်း

(၂၃) ကြိမ်မြောက် တရုတ်အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်စည်ပြပွဲသို့ ပါဝင်တက်ရောက်နိုင်ရေးနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်၍ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့တွင် ဤဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ ၁ ၌ ကျင်းပခဲ့ပါသည်။ အဆိုပါအစည်းအဝေးသို့ မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် ကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံမှ ကိုယ်စားပြု သွားရောက်ပြသရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌ မစ္စတာအန်နာသိုလီ ဘူးလော့ချ်နိကော့ (ဦးလွင်) ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့တွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁)၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်နိုင်မည့်အခွင့်အလမ်းများ၊ ရင်းနှီးမြှုပ်နှံနိုင်မည့် အလားအလာများနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။



## မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၃/ ၂၀၂၃) ကြိမ်မြောက် အစည်းအဝေးက ပြန်လည်ပြည့်ဖြိုးမြဲစွမ်း အင်အမျိုးအစား လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းအပါအဝင်လုပ်ငန်းသစ် ၆ ခုကိုခွင့်ပြုပေးခြင်း

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၃/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၁၈)၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၌ကျင်းပခဲ့ပါသည်။ အဆိုပါ အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ကော်မရှင် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၈ ခု၏ မတည်ငွေရင်း တိုးမြှင့်ခြင်း အပါအဝင် လျှပ်စစ်ကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍတို့မှ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသစ် ၆ ခုကို ခွင့်ပြုပေးခဲ့ပါသည်။အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၇၂.၉၈သန်းနှင့် ကျပ်၃၁၄,၇၃၉.၁၄၁ သန်း ဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းပေါင်း ၂၆၀၀ ကျော်ကို ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။ ယနေ့ အစည်းအဝေးက ခွင့်ပြုခဲ့သော လုပ်ငန်းများတွင်ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အမျိုးအစား လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းလည်း ပါဝင်သည်။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ/ ဒေသပေါင်း ၅၂ ခုအနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သော နိုင်ငံ/ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ပြီး စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံး ရင်းနှီးမြှုပ်နှံ ထားသည့်ကဏ္ဍများမှာ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ၏ ၂၈.၄၅% ဖြင့်လည်းကောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄.၄၆ % ဖြင့်လည်းကောင်း၊ စက်မှုကဏ္ဍတွင် စုစုပေါင်းရင်း နှီးမြှုပ်နှံမှု၏ ၁၄.၃၈ % ဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများကတင်ပြလာသည့်ရင်းနှီးမြှုပ်နှံမှု အဆိုပြုလွှာများအား စိစစ်ခွင့်ပြုခြင်းကို လည်းကောင်း၊ လက်ရှိ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိပါသည်။




## ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ အခြေစိုက် ကုလသမဂ္ဂ စီမံကိန်းဝန်ဆောင်မှုရုံး (UNOPS) ၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး (Regional Director) ဖြစ်သူနှင့်အဖွဲ့အား လက်ခံတွေ့ဆုံခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ အခြေစိုက်ကုလသမဂ္ဂစီမံကိန်း ဝန်ဆောင်မှုရုံး (UNOPS) ၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး (Regional Director) ဖြစ်သူ Mr. Sanjay Mathur နှင့်အဖွဲ့အား ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့တွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ လက်ခံတွေ့ဆုံ ဆွေးနွေးခဲ့ပါသည်။

တွေ့ဆုံရာတွင် ကုလသမဂ္ဂစီမံကိန်း ဝန်ဆောင်မှုရုံး (UNOPS) တို့အကြားလက်ရှိဆောင်ရွက်နေသည့် ကိစ္စရပ်များနှင့် ရှေ့ဆက်လက် ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ပါသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပါသည်။



## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့အခြေစိုက် Universa Global ကုမ္ပဏီ တည်ထောင်သူနှင့် စီမံခန့်ခွဲရေးမိတ်ဖက်ဖြစ်သူ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့အခြေစိုက် Universa Global ကုမ္ပဏီ တည်ထောင်သူနှင့် စီမံခန့်ခွဲရေးမိတ်ဖက်ဖြစ်သူ Mr. Alexander Borodich ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့တွင်နေပြည်တော်ရှိရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံစဉ် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု အလားအလာများနှင့် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခြင်း


ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ် ပြည်သူ့အစိုးရ ပြည်နယ်အုပ်ချုပ်ရေးမှူး၏ဖိတ်ကြားချက်အရတရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူမင်းမြို့၌ ဩဂုတ်လ ၁၅ ရက်မှ ၁၈ ရက်နေ့ အထိ ကျင်းပခဲ့သည့် (၇) ကြိမ်မြောက် တရုတ်-တောင်အာရှပြပွဲ၊ (၂၇) ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်/ သွင်းကုန်ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနား၊ ၂၀၂၃ ခုနှစ် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးစင်္ကြံ အုပ်ချုပ်သူများဖိုရမ်နှင့် ဆက်စပ်အခမ်းအနားများ တက်ရောက်ခဲ့ပြီး ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီးနှင့်အတူ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ UMFCCI အသင်းချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ ပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့လည်း ပြန်လည်လိုက်ပါခဲ့သည်။

အဆိုပါ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ Economic & Commercial Counselor ဖြစ်သူ Ouyang Daobing နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

## အဋ္ဌမအကြိမ်မြောက် အရှေ့ဖျား စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ဦးဆောင်၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စု ဒေါက်တာချာလီသန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်နှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒေါ်သန်းသန်းဆွေတို့ လိုက်ပါသည့် မြန်မာကိုယ်စားလှယ်အဖွဲ့ သည် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့မှ ၁၃ ရက်နေ့အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ကျင်းပပြုလုပ်မည့် အဋ္ဌမအကြိမ်မြောက် အရှေ့ဖျား စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဗလာဒီဗော့စတော့ခ်မြို့ သို့ ထွက်ခွာသွားပါသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့ကို ရန်ကုန်မြို့ရှိ ရုရှားသံရုံးမှ ကိုယ်စားလှယ်များနှင့် သံရုံးအဖွဲ့ဝင်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ပို့ဆောင်နှုတ်ဆက်ကြသည်။





ဒုတိယဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး မြထွန်းဦး ဦးဆောင်သော

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော်နှင့်အတူ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားမှူးချုပ် ဒေါက်တာအောင်မိုးချယ်ကအဖွဲ့ဝင်အဖြစ်လိုက်ပါသွားကြောင်း သတင်းရရှိသည်။

## ကိုဗစ် -၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်ကုစားရေး လုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပခြင်း

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၃) ကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှု နှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ ကျင်းပခဲ့ပါသည်။

အစည်းအဝေးသို့ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ရင်းနှီး မြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် လုပ်ငန်း ကော်မတီဝင်များဖြစ်ကြသော ပို့ဆောင်ရေးနှင့်ဆက်သွယ် ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာ ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်း အတွင်းဝန်များနှင့် အဆင့်မြင့်အရာရှိကြီးများတက်ရောက် ကြပါသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌက ချေးငွေ အရင်းပြန်လည် ကောက်ခံရေး လုပ်ငန်းစဉ်များကို တိုင်း ဒေသကြီး/ပြည်နယ် စိစစ်ကြပ်မတ်ရေးအဖွဲ့များမှကြိုးပမ်း ဆောင်ရွက်မှုအခြေအနေ၊ နိုင်ငံတော်၏လှည့်ပတ်ရန်ပုံငွေ ကျပ် ဘီလီယံ ၅၀ ပြန်လည် ပေးဆပ်ပြီးစီးမှု အခြေအနေ၊ လုပ်ငန်းများထံမှ အရင်းပြန်လည် ကောက်ခံရရှိငွေများ အားအထွေထွေပိုလျှံ ရန်ပုံငွေသို့ အရစ်ကျ ဆက်လက် ပေးဆပ်သွားမည့်အခြေအနေ၊ ချေးငွေသက်တမ်း ၃ နှစ် ပြည့်မြောက်ပြီးသည့် လုပ်ငန်းရှင်များမှ ချေးငွေ ပြန်လည် ပေးဆပ်မှုအခြေအနေနှင့် နိုင်ငံသားပိုင် ငါး၊ ပုဇွန် မွေးမြူ ရေး အပါအဝင် မွေးမြူရေးကဏ္ဍသို့ ထုတ်ပေးထားသည့် ချေးငွေများ ပြန်လည်ပေးဆပ်ရမည့်ကာလအား ချေးငွေ သက်တမ်း စေ့ရောက်သည့်နေ့မှစ၍ နောက်ထပ် ၁ နှစ် ထပ်မံတိုးမြှင့်ပေးမည့် အခြေအနေတို့အား ဆွေးနွေး ခဲ့ပါသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ ရင်းနှီး မြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က ချေးငွေစိစစ် ကြပ်မတ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပြည်နယ်/တိုင်းဒေသ ကြီးအလိုက် ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေ ထုတ်ယူထား သည့် ကုမ္ပဏီ/လုပ်ငန်းများမှ အတိုးအရင်း ကောက်ခံရရှိမှု နှင့်သက်ဆိုင်ရာဌာနများ၊ ချေးငွေကြီးကြပ်ရေးအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်မှု အခြေအနေများအား ရှင်းလင်း တင်ပြဆွေးနွေးခဲ့ပါသည်။

အစည်းအဝေး တက်ရောက်လာကြသူများက ကော်မတီ ၏ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆောင် ရွက်ထားရှိမှုအခြေအနေ၊ သက်တမ်းစေ့ပြီးချေးငွေပြန်လည် ကောက်ခံရေး အစီအစဉ်နှင့် လုပ်ထုံးလုပ်နည်းများ၊ ဌာန ဆိုင်ရာများအကြား ပူးပေါင်းဆောင်ရွက်မှု အခြေအနေတို့ အား ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။



## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk ) အမှတ်စဉ် (၂၄) "အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာကိစ္စရပ်များ" နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၏ အခန်းကဏ္ဍ ကျင်းပခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရန် ရည်ရွယ်သည့် Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk)၏အမှတ်စဉ် (၂၄) ဆွေးနွေးပွဲအဖြစ် "အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာကိစ္စရပ်များ" ခေါင်းစဉ်ဖြင့်၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁)၌ ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်အမှာစကားပြောကြားခဲ့ပါသည်။



ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနရှိ ဝန်ထမ်းတစ်ဦးစီ၏ စွမ်းဆောင်ရည် (Capacity) နှင့် လုပ်ဆောင်နိုင်စွမ်း (Capability) တိုးတက်လာစေရန် ရည်ရွယ်၍ အသိပညာမျှဝေဆွေးနွေးခြင်း အစီအစဉ် (Friday Talk) အား အပတ်စဉ် သောကြာနေ့တိုင်း ဆောင်ရွက်ခဲ့သည်မှာ အပတ်စဉ်(၂၄)သို့ ရောက်ရှိလာခဲ့ပြီဖြစ်၍ ၆ လတိုင်ရှိခဲ့ပြီဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် လုပ်ငန်းစဉ်များ၊ သိသင့်သိထိုက်သော ဘာသာရပ်ဆိုင်ရာ အခြေခံအကြောင်းအရာများကို သိရှိနားလည်စေရန် ခေါင်းစဉ်များကို စနစ်တကျရွေးချယ်၍ အပတ်စဉ် ဆွေးနွေးမျှဝေပေးခြင်းဖြစ်ပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာနသည် နိုင်ငံတကာ၊ အာဆီယံနှင့် ဒေသတွင်း အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံနေရသည့်အတွက် နိုင်ငံတကာနှင့် ပြည်တွင်း ဥပဒေ၊ နည်းဥပဒေ၊ သဘောတူညီချက်များ၊ နားလည်မှုစာချွန်လွှာများနှင့် သဘောတူစာချုပ်များ လက်မှတ်ရေးထိုးရေးကိစ္စရပ်များကို သိရှိနားလည်ရန်အထူး လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး နှစ်နိုင်ငံသဘောတူစာချုပ်များ(Bilateral Agreements)၊ နားလည်မှုစာချွန်လွှာ(MoU) နှင့်နိုင်ငံများအကြား ချုပ်ဆိုသောစာချုပ်များ (Multilateral Agreements)တို့ကို လက်မှတ်ရေးထိုးနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည့်အပြင် နိုင်ငံတကာ အဖွဲ့အစည်းများနှင့်အခြားဝန်ကြီး ဌာနများအကြား သဘောတူစာချုပ်များနှင့်စီမံကိန်းအကောင်အထည် ဖော်နိုင်ရေး ချုပ်ဆိုသည့်စာချုပ်များအပေါ် သဘောထားမှတ်ချက်စိစစ်ပြန်ကြားပေးခြင်းကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စာချုပ်များလက်မှတ် ရေးထိုးခြင်းမပြုမီ ဥပဒေရေးထုံးနှင့်အညီ စာချုပ်ပါအချက်အလက်များ ပြည့်စုံမှုရှိစေရေး၊ စကားလုံးအသုံးအနှုန်းများနှင့် အရေးအသားများ မှန်ကန်မှုရှိစေရေး စိစစ်ရန် အလွန်အရေးကြီးပါကြောင်း၊ စာချုပ်ချုပ်ဆိုရာ၌ နုတ်တစ်ရာစာတစ်လုံးဖြစ်သည့်အတွက် အမှားအယွင်းများ မရှိစေရေး သတိပြုဆောင်ရွက်ရသည့်အပြင် စာချုပ်ချုပ်ဆိုပြီးနောက်ပိုင်းတွင် ဥပဒေရေးရာအငြင်းပွားမှုများမဖြစ်ပေါ်စေရေးအတွက် စာချုပ်ပါအချက်အလက်များအပေါ် အထူးဂရုပြု၍ စနစ်တကျ အသေးစိတ် ညှိနှိုင်းစိစစ်ဆောင်ရွက်ရန်အရေးကြီးပါကြောင်း၊ သို့ဖြစ်၍ တက်ရောက်ကြသော အရာထမ်း၊အမှုထမ်းများအနေဖြင့်ယနေ့ဆွေးနွေးမျှဝေမည့် "အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာ ကိစ္စရပ်များ" ခေါင်းစဉ်ပါအကြောင်းအရာကို သေသေချာချာစေ့စေ့စပ်စပ်လေ့လာ၍ ဆွေးနွေးမေးမြန်းသွားကြရန် တိုက်တွန်းပြောကြားခဲ့ပါသည်။

ဆွေးနွေးပွဲအခမ်းအနားတွင် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး၊ ဦးသက်တင်လင်း က **"အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာကိစ္စရပ်များ"** ခေါင်းစဉ်ဖြင့်အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်း ဆွေးနွေးခြင်း၊ ဖြည့်စွက်ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြပါသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း/အမှုထမ်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ရုံးချုပ်နှင့်တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးများမှ Online ဖြင့် တက်ရောက်သူများ အပါအဝင် စုစုပေါင်း ဝန်ထမ်းအင်အား ၁၂၀ ကျော် တက်ရောက်ကြပါသည်။

## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk ) အမှတ်စဉ် (၂၅) "ကော်ပိုရိတ်စီမံအုပ်ချုပ်မှု (Corporate Governance) နှင့် သီးခြားလွတ်လပ်သည့် ဒါရိုက်တာများ (Independent Directors) ၏ အရည်အသွေးမြှင့်တင်ခြင်း " ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ ကျင်းပခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရန် ရည်ရွယ်သည့် Knowledge Sharing Programme (KSP) သောကြာနေ့စကားဝိုင်း (Friday Talk) ၏အမှတ်စဉ် (၂၅) ဆွေးနွေးပွဲကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော် တက်ရောက်အမှာစကားပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ဝန်ထမ်းတစ်ဦးစီ၏ စွမ်းဆောင်နိုင်စွမ်း တိုးတက်လာစေရန် အပတ်စဉ် သောကြာနေ့တိုင်း ဆောင်ရွက်ခဲ့သည့် အသိပညာမျှဝေ ဆွေးနွေးခြင်းအစီအစဉ် (Friday Talk) မှာ ယနေ့တွင် အမှတ်စဉ် (၂၅) သို့ ရောက်ရှိလာခဲ့ပြီဖြစ်ပါကြောင်း၊ အပတ်စဉ် ဆွေးနွေးမျှဝေပေးလျက်ရှိသည့် အကြောင်းအရာများသည် ဝန်ကြီးဌာနရှိ ဝန်ထမ်းများအတွက် အထွေထွေအသိပညာဗဟုသုတများရရှိရုံသာမက ထိရောက်ပြီးအသုံးချနိုင်သည့် ဘာသာရပ်ပိုင်းဆိုင်ရာများကိုပါ လေ့လာဆွေးနွေးနိုင်သည့် အခွင့်အလမ်းများကိုရရှိစေပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကိုအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဝန်ကြီးဌာနဖြစ်သည့်အတွက် နိုင်ငံတကာ၊ အာဆီယံနှင့် ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှုအပြင် ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံသူများအကြား ခွဲခြားဆက်ဆံမှု မရှိစေရေးအတွက် ပြဋ္ဌာန်းခဲ့သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၆ ခုနှစ်)၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇ ခုနှစ်) နှင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေ (၂၀၂၀ ပြည့်နှစ်)ကဲ့သို့သော စီးပွားရေးလုပ်ငန်းများနှင့်သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို ဝန်ထမ်းများအားလုံး သိရှိနားလည်ထားရန်အရေးကြီးပါကြောင်း၊ လက်ရှိတွင် မိမိတို့နိုင်ငံသည်လည်း ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးကို ဦးစားပေးအကောင်အထည်ဖော် ဆောင်ရွက်လျက်သည့်အတွက် ကုမ္ပဏီများ၏အခန်းကဏ္ဍကို သိရှိနားလည်ထားရန်လိုအပ်ပါကြောင်း၊ ယနေ့တင်ပြ ဆွေးနွေးမည့် "ကော်ပိုရိတ်စီမံအုပ်ချုပ်မှု(Corporate Governance)နှင့်သီးခြားလွတ်လပ်သည့် ဒါရိုက်တာများ (Independent Directors) ၏ အရည်အသွေးမြှင့်တင်ခြင်း"အကြောင်းအရာ ခေါင်းစဉ်အရ ကုမ္ပဏီများဖွဲ့စည်း တည်ထောင်ရာတွင် ဒါရိုက်တာများ၏ စီမံခန့်ခွဲနိုင်မှု၊ မျှတမှု၊ တာဝန်ယူမှုနှင့် တာဝန်ခံမှုစသည့် အခန်းကဏ္ဍများ၊ ကုမ္ပဏီအဖွဲ့အစည်း၏ ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် သီးခြားလွတ်လပ်သော ဒါရိုက်တာများ ပါဝင်ဖွဲ့စည်းမှုဆိုင်ရာများ တင်ပြဆွေးနွေးမည် ဖြစ်ပါသဖြင့် လက်ရှိ ကမ္ဘာ့စီးပွားရေး အဖွဲ့အစည်းများနှင့် ကုမ္ပဏီများအတွက်မရှိမဖြစ် အခြေခံကျသည့် အကြောင်းအရာများကို သိနားလည်ခွင့် ရရှိမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဝန်ထမ်းများအနေဖြင့် တက်ကြွစွာဖြင့် စနစ်တကျ ပါဝင်ဆွေးနွေးဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားခဲ့ပါသည်။

ဆွေးနွေးပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးရုံး၊ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်အိမွန်ဇာက **"ကော်ပိုရိတ်စီမံအုပ်ချုပ်မှု (Corporate Governance) နှင့် သီးခြား လွတ်လပ်သည့် ဒါရိုက်တာများ (Independent Directors) ၏ အရည်အသွေးမြှင့်တင်ခြင်း"** ခေါင်းစဉ်ဖြင့် အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခြင်း၊ ဖြည့်စွက်ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြပါသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး၊ အဆင့်မြင့်အရာရှိကြီးများ၊ အရာထမ်း/အမှုထမ်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးရုံးများမှ Online ဖြင့် တက်ရောက်သူများ အပါအဝင် စုစုပေါင်း ဝန်ထမ်းအင်အား ၁၂၀ ကျော် တက်ရောက်ကြပါသည်။



## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk ) အမှတ်စဉ် (၂၇) "အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့၌ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအတွက် ကျင်းပပြုလုပ်သည့် ပထမအကြိမ် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ပေးရေး အစီအစဉ်သို့ တက်ရောက်ခဲ့သည့် အတွေ့အကြုံများ မျှဝေခြင်း " ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ ကျင်းပခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ဌာန၊ ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရန် ရည်ရွယ်သည့် Knowledge Sharing Programme (KSP) သောကြာနေ့စကားဝိုင်း (Friday Talk) ၏ အမှတ်စဉ် (၂၇) ဆွေးနွေးပွဲအဖြစ် "အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့၌ ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများအတွက် ကျင်းပပြုလုပ်သည့် ပထမအကြိမ် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး ဆိုင်ရာစွမ်းဆောင်ရည်မြှင့်တင်ပေးရေးအစီအစဉ်သို့ တက်ရောက်ခဲ့သည့် အတွေ့အကြုံများမျှဝေခြင်း" ခေါင်းစဉ်ဖြင့် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁)၌ ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော် တက်ရောက် အမှာစကားပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာ တွင်ဝန်ကြီးဌာနတွင်း အသိပညာမျှဝေ ဆွေးနွေးခြင်းအစီ အစဉ်သောကြာနေ့စကားဝိုင်း (Friday Talk) ကိုအပတ်စဉ် ဆောင်ရွက်ခဲ့သည်မှာ အမှတ်စဉ်(၂၇) သို့ ရောက်ရှိလာခဲ့ပြီ ဖြစ်၍ အချိန်ကာလအနေဖြင့် ၆ လ ကျော်ရှိခဲ့ပြီဖြစ်ပါ ကြောင်း၊ မိမိတို့ဝန်ကြီးဌာနရှိအရာထမ်း/အမှုထမ်းအားလုံး ကိုရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဆိုင်ရာ သိသင့်သိထိုက် သိရှိရမည့် ဘာသာရပ်ဆိုင်ရာ အခြေခံ အကြောင်းအရာ ခေါင်းစဉ်များအား စနစ်တကျရွေးချယ်၍ အပတ်စဉ်ဆွေးနွေးမျှဝေပေးနေခြင်းဖြစ်ပါကြောင်း၊ ယနေ့ ဆွေးနွေးတင်ပြမည့် အကြောင်းအရာခေါင်းစဉ်ပါ ဘင်္ဂလား ပင်လယ်အော် စီးပွားရေးနှင့် နည်းပညာဆိုင်ရာ ဘက်စုံ ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့အစည်း (Bay of Bengal Initiative for Multi-Sectoral Technical and Economic Cooperation- (BIMSTEC) သည် တိုးတက်ပြောင်းလဲ လာသောစီးပွားရေးနှင့် နည်းပညာဆိုင်ရာပူးပေါင်း ဆောင် ရွက်မှုများအတွက် လိုက်လျောညီထွေဖြစ်စေရန် အဆင့် ဆင့်ပြောင်းလဲ ဖွဲ့စည်းခဲ့သော ဒေသတွင်းအဖွဲ့အစည်း ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများအကြား လွတ်လပ်စွာ ကုန်သွယ်မှုပြုနိုင်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် စီးပွားရေး နှင့်စပ်လျဉ်းသည့် အဖွဲ့အစည်းများ ဖွဲ့စည်းခဲ့ကြကြောင်း၊ အဆိုပါ အဖွဲ့အစည်းများကို နိုင်ငံရှိ ပြည်သူများ၏ အကျိုး စီးပွားဖော်ဆောင်ရာ၌ အခြေခံ လိုအပ်ချက်ဖြစ်သည့် စား ဝတ်နေရေး အဆင်ပြေလာစေရေး၊ စီးပွားရေး တိုးတက် ကောင်းမွန်လာစေရေး၊ ရင်းနှီးမြှုပ်နှံမှု များပြားလာစေရေး၊ နိုင်ငံခြားစီးပွား ဆက်ဆံရေးနှင့် မိတ်ဆွေနိုင်ငံများ တိုးပွား လာစေရေးအတွက် တည်ထောင်ကြခြင်းဖြစ်ကြောင်း၊ ၎င်း အဖွဲ့အစည်းများတွင် ပါဝင်ပူးပေါင်းခြင်းဖြင့် နိုင်ငံ့စီးပွား တိုးတက်စေရေးအတွက် စီးပွားရေးနှင့်နည်းပညာ ပူးပေါင်း မှုများကိုပိုမိုဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စီးပွားရေးနှင့် နည်းပညာဆိုင်ရာကိစ္စရပ်များတွင်မိမိတို့နိုင်ငံ နှင့် ပူးပေါင်းဆောင်ရွက်နိုင်သည့် အကြောင်းအရာများကို သိရှိနားလည်နိုင်စေရေးအတွက် စနစ်တကျပါဝင်ဆွေးနွေး သွားစေလိုပါကြောင်း တိုက်တွန်းပြောကြားခဲ့ပါသည်။

ဆွေးနွေးပွဲ အခမ်းအနားတွင် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စိုးမြတ်သန္တာက "**ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများ အတွက် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ပေးရေး အစီအစဉ်သို့ တက်ရောက် ခဲ့သည့်အတွေ့အကြုံများ မျှဝေခြင်း**" ခေါင်းစဉ်ဖြင့် အသေး စိတ် ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခြင်း၊ ဖြည့် စွက် ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြပါသည်။

အခမ်းအနားသို့ အဆင့်မြင့်အရာရှိကြီးများ၊ အရာထမ်း/ အမှုထမ်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန၊ ရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးရုံး များမှ Online ဖြင့်တက်ရောက်သူများအပါအဝင် စုစုပေါင်း ဝန်ထမ်းအင်အား ၁၂၀ ကျော်တက်ရောက်ကြပါသည်။



## ဝန်ကြီးဌာနတွင်း ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း အမှတ်စဉ် (၃/ ၂၀၂၃) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်သည့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ် (၃/၂၀၂၃) သင်တန်းဆင်းပွဲကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော် တက်ရောက် အမှာစကား ပြောကြားခဲ့ပါသည်။




အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ရေးနှင့် နိုင်ငံတော်၏မျှော်မှန်းချက်၊ဦးတည်ချက်နှင့်ရှေ့ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို သိရှိနားလည်နိုင်ရန်ရည်ရွယ်ပြီး ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းများကို ဖွင့်လှစ် ဆောင်ရွက်ပေးနေခြင်းဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် ဦးတည်ချက် ၉ ရပ်တို့တွင် ပါဝင်သောစီးပွားရေး ဦးတည်ချက်များကိုပြည့်ပြည့်ဝဝအကောင်အထည်ဖော်ရန် တာဝန်ရှိပါကြောင်း၊ နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှု တိုးပွားအောင် တာဝန်ယူဆောင်ရွက်နိုင်ရေးသည် မိမိတို့ ဝန်ကြီးဌာန၏ အဓိက တာဝန်ပင်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတာဝန်ယူ ဆောင်ရွက်နေသော လုပ်ငန်းနယ်ပယ်ကို နားလည်တတ်ကျွမ်းရန်နှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ကာကွယ်စောင့်ရှောက်ပြီး ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို လိုက်နာကြရန်တာဝန်ရှိပါကြောင်း၊ သင်တန်းမှပို့ချပေးသော အတွေ့အကြုံဗဟုသုတများကို စနစ်တကျမှတ်သားပြီး လက်တွေ့နယ်ပယ်တွင် အသုံးချတတ်ရန်၊ ပေးအပ်သောတာဝန်များကိုကျွမ်းကျင်မှုရှိစွာဖြင့် သတ်မှတ်ချိန်အတွင်း ပြီးမြောက်အောင်မြင်အောင် စနစ်တကျ၊ စည်းကမ်းကျနစွာ ဆောင်ရွက်နိုင်ရန်၊ မိမိနိုင်ငံ၊ မိမိအစိုးရ၊ မိမိလူမျိုးနှင့်မိမိတို့ဝန်ကြီးဌာနအပေါ် သစ္စာစောင့်သိသောဝန်ထမ်းများဖြစ်ကြရန်နှင့် နိုင်ငံ့တာဝန်များကို အမှားအယွင်းမရှိစနစ်တကျဖြင့်ရိုးသားစွာထမ်းဆောင်ပြီး စွမ်းဆောင်ရည်ပြည့်ဝသော နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း မှာကြားပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သင်တန်းတွင် ပထမဆု၊ ဒုတိယဆုနှင့်တတိယဆုရရှိသည့် သင်တန်းသားများနှင့် Group Presentation အကောင်းဆုံးရရှိသည့် သင်တန်းသားများအားဆုများ ချီးမြှင့်ပေးအပ်ပြီး ညွှန်ကြားရေးမှူးချုပ်များက သင်တန်းဆင်း ဂုဏ်ပြုလက်မှတ်များကို ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ ထို့နောက် သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက သင်တန်းမှ ရရှိသည့် အကျိုးကျေးဇူးများနှင့် သင်တန်း ဖွင့်လှစ်ပို့ချပေးခြင်းအတွက် ကျေးဇူးတင်စကား ပြန်လည် ပြောကြားပါသည်။

အဆိုပါသင်တန်းတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် စီမံခန့်ခွဲမှုသဘောတရားများ (Manage - ment)၊ ကောင်းမွန်သော စီမံအုပ်ချုပ်မှု (Good Govern- ance)၊ ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ (Myanmar Companies Law)၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ၂၀၁၆ (Myanmar Investment Law)၊ လွှဲခွဲယူခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့် သီအိုရီများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာ၊ သံတမန်ရေးရာအခွင့်အရေးနှင့် ကင်းလွတ်ခွင့်များ၊ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု၊ စာရင်းစစ်ဆေးခြင်းနှင့် အစစ်ဆေးခံရန်ပြင်ဆင်ခြင်းများ၊ နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေများ ၊ ရုံးလုပ်ငန်းလက်စွဲစသည့် ဘာသာရပ်များကို သင်ကြားပို့ချပေးခဲ့ပြီး အဆိုပါသင်တန်းသို့ လူကိုယ်တိုင် တက်ရောက်သော အရာထမ်း/အမှုထမ်း ၃၀ ဦး နှင့် Online မှ တက်ရောက်သူ ၂၅ ဦး၊ စုစုပေါင်း ၅၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

အခမ်းအနားသို့ အဆင့်မြင့်အရာရှိများ၊ သင်တန်းသားများ Online အပါအဝင် စုစုပေါင်း အင်အား ၁၀၀ ကျော် တက်ရောက်ကြပါသည်။

အဆိုပါ ဝန်ကြီးဌာနတွင်း ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ် (၃/၂၀၂၃) အထိ အရာထမ်း/ အမှုထမ်းပေါင်း ၁၉၅ ဦး သင်တန်းပို့ချပြီးဖြစ်ကြောင်းနှင့် သင်တန်း အမှတ်စဉ် (၄/၂၀၂၃) ကို စက်တင်ဘာလတွင် ဆက်လက်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk ) အမှတ်စဉ် (၂၈) "တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုင်ရာ ဆောင်ရွက်ချက်များအား အသိပညာမျှဝေဆွေးနွေးခြင်း " ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ ကျင်းပခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရန် ရည်ရွယ်သည့် Knowledge Sharing Programme (KSP) သောကြာနေ့စကားဝိုင်း (Friday Talk) ၏အမှတ်စဉ် (၂၈) ဆွေးနွေးပွဲအဖြစ် "တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာဆောင်ရွက်ချက်များအားအသိပညာမျှဝေဆွေးနွေးခြင်း" ခေါင်းစဉ်ဖြင့် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော် တက်ရောက်အမှာစကားပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက ယနေ့ ဆွေးနွေးမျှဝေမည့် **"တရုတ်ပြည်သူ့ သမ္မတနိုင်ငံနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဆောင်ရွက်ချက်များ"** သည် ဝန်ထမ်းများသိရှိနားလည်ထားသင့်သည့် အကြောင်းအရာဖြစ်ပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့နည်းစေရေးအတွက် မူဝါဒပိုင်းဆိုင်ရာ ချိတ်ဆက်ဆောင်ရွက်နိုင်မှုနှင့် စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုသည် အဓိကအရေးကြီးသော အချက်များပင်ဖြစ်ပါကြောင်း၊ ပြည်သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်မှ မူဝါဒများ ချမှတ်၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် လုပ်အား၊ အရင်းအနှီးနှင့် အခြားသွင်းအားစုများ သာမက နည်းပညာနှင့် စွမ်းဆောင်နိုင်မှု ပြောင်းလဲခြင်း(Total Factor Productivity- TFP) ကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဆိုသည့် အချက်မှစ၍ တရုတ်နိုင်ငံနှင့်ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆောင်ရွက်ချက်အတွေ့အကြုံများသည် အနာဂတ်ကိုဖော်ဆောင်မည့် ဝန်ထမ်းအားလုံး သိထားသင့်သည့် အရေးကြီးသော အကြောင်းအရာများဖြစ်သည့်အတွက် စိတ်ပါဝင်စားစွာ စနစ်တကျ ပါဝင်ဆွေးနွေး မေးမြန်းကြရန် တိုက်တွန်းပြောကြားခဲ့ပါသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးရုံး၊ ဒုတိယညွှန်ကြားရေးမှူးဒေါ်ဇာလီနွယ်က **"တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုင်ရာ ဆောင်ရွက်ချက်များအား အသိပညာမျှဝေ ဆွေးနွေးခြင်း"** ခေါင်းစဉ်ဖြင့် အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခြင်း၊ ဖြည့်စွက်ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြပါသည်။

ဆွေးနွေးပွဲသို့ဒုတိယဝန်ကြီးဒေါက်တာဝါဝါမောင်၊ အဆင့်မြင့်အရာရှိကြီးများ၊ အရာထမ်း/ အမှုထမ်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ရုံးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးရုံးများမှ Online ဖြင့် တက်ရောက်သူများ အပါအဝင် စုစုပေါင်း ဝန်ထမ်းအင်အား ၁၂၀ ကျော် တက်ရောက်ကြပါသည်။



## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးဌာနတွင်း သတင်းရေးသားနည်းနှင့် ဓာတ်ပုံရိုက်ကူးရေး သင်တန်းဖွင့်လှစ်ခြင်းအခမ်းအနားကျင်းပခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များကို အများပြည်သူများထံသို့ မှန်ကန်ထိရောက်သော အချက်အလက်များဖြင့် ပေးပို့နိုင်ရေးနှင့်ဝန်ကြီးဌာနရှိဝန်ထမ်းများ၏သတင်း၊ မှတ်တမ်းတင်ပြချက် စွမ်းဆောင်ရည်များ တိုးတက်စေရန် ရည်ရွယ်ချက်ဖြင့်ဝန်ကြီးဌာနတွင်းသတင်းရေးသားနည်းနှင့်ဓာတ်ပုံရိုက်ကူးရေးသင်တန်းကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁)၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်အမှာစကား ပြောကြားခဲ့ပါသည်။



ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့ ဝန်ကြီးဌာနသည် နိုင်ငံတော်အစိုးရ၏ မူဝါဒ၊ ရှေ့လုပ်ငန်းစဉ်တို့နှင့်အညီ နိုင်ငံတော်၏စီးပွားရေးဦးတည်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရေးနှင့်နိုင်ငံခြားစီးပွားဆက်သွယ်မှုများ ပူးပေါင်းဆောင်ရွက်ရေးကို အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ဖွင့်လှစ်သော သတင်းရေးသားနည်းနှင့် ဓာတ်ပုံရိုက်ကူးရေးသင်တန်းသည် မိမိတို့ဝန်ကြီးဌာနအတွက် ပထမဦးဆုံး ဖွင့်လှစ်သော သင်တန်းဖြစ်ပါကြောင်း၊ ရုံးစာရေးသားရာတွင်ရုံးစာရေးသားနည်းစနစ်များရှိသကဲ့သို့ သတင်းတစ်ပုဒ် ရေးသားရာတွင်လည်း သတင်းရေးသားနည်းစနစ်များမှန်ကန်ရန်လိုအပ်ပါကြောင်း၊ ယနေ့ကမ္ဘာပေါ်တွင် စတုတ္ထအဆင့် စက်မှုပြောင်းလဲမှု(4IR)၊ အသိဉာဏ်တုအသိပညာ (Artificial Intelligent – AI) တိုးတက်လာသောကြောင့် ကမ္ဘာလုံးဆိုင်ရာ လွှမ်းခြုံမှုကွန်ယက်(www) သည် အလျင်အမြန် တိုးတက်လာနေပြီး ပြည်တွင်း/ပြည်ပသတင်းများသည် စက္ကန့်ပိုင်းနှင့် မိနစ်ပိုင်းအတွင်း ကမ္ဘာတစ်ဝှမ်း ပျံ့နှံ့လျက်ရှိသည်ကို တွေ့ရှိနေရပါကြောင်း၊ထို့ကြောင့်သတင်းရေးသားရာတွင်သတင်းမှန်ကန်ရေး၊ မြန်ဆန်ရေးနှင့် ထိရောက်မှုရှိရေးသည် အလွန်အရေးကြီးပါကြောင်း၊ယခုသင်တန်းတွင်သင်ကြားပေးမည့်ဓာတ်ပုံပညာနှင့် သတင်းဆိုင်ရာ ဘာသာရပ်များကို အရာထမ်း/အမှုထမ်းများအနေဖြင့် အကျိုးရှိရှိအသုံးချ၍ မိမိတို့ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များ ပေါက်မြောက်အောင်မြင်စေရေးကြိုးစား ဆောင်ရွက်စေလိုပါကြောင်း၊ သင်တန်းကာလအနေဖြင့် အချိန်ရက်သတ္တပတ် တစ်ပတ်သာဖြစ်သော်လည်း မိမိတို့ဝန်ထမ်းများအတွက် အလွန်ထိရောက်သောသင်တန်းဖြစ်သဖြင့် အထူးဂရုပြုလေ့လာမှတ်သားစေလိုပါကြောင်း၊ သင်တန်းတွင် ပို့ချပေးမည့်နည်းပြဆရာများသည်လက်တွေ့လုပ်ငန်းနယ်ပယ်တွင် ကျွမ်းကျင်ထိရောက်မှုရှိစွာဖြင့် သတင်းရေးသားနေသူများဖြစ်ပါကြောင်း၊ လာရောက်ပို့ချပေးသောသင်တန်းနည်းပြများနှင့် ပြန်ကြားရေးဝန်ကြီးဌာနမှသင်တန်းဖြစ်မြောက်ရေးအတွက်စီစဉ်ဆောင်ရွက်ပေးပါသော တာဝန်ရှိပုဂ္ဂိုလ်များကို မိမိတို့ဝန်ကြီးဌာနမှကျေးဇူးအထူးတင်ရှိပါကြောင်း၊ အရာထမ်း/အမှုထမ်းများအနေဖြင့် သင်တန်းတွင် ပို့ချသည့် ဘာသာရပ်များကို အလေးထား လိုက်နာသင်ယူပြီး မိမိတို့တတ်သိထားသည့် အတတ်ပညာများနှင့် ပူးပေါင်း၍ လက်တွေ့လုပ်ငန်းနယ်ပယ်တွင် အကျိုးရှိရှိ အသုံးချသွားစေလိုပါကြောင်းနှင့် လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းများ အချင်းချင်းကိုလည်း ပြန်လည်မျှဝေပေးစေလိုပါကြောင်း တိုက်တွန်း ပြောကြားခဲ့ပါသည်။



သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် လက်ထောက်အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူ/ သား များ အွန်လိုင်း အပါအဝင် စုစုပေါင်း အင်အား ၁၀၀ ကျော် တက်ရောက်ကြပါသည်။

အဆိုပါ ဝန်ကြီးဌာနတွင်း သတင်းရေးသားနည်းနှင့် ဓာတ်ပုံရိုက်ကူးရေး သင်တန်းတွင် အရာထမ်း/အမှုထမ်း ပေါင်း ၁၅ ဦးကို သင်တန်းပို့ချပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။

## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk ) အမှတ်စဉ် (၃၀) "နှစ်နိုင်ငံ နှင့် အပြည်ပြည်ဆိုင်ရာ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များအတွက် ညှိနှိုင်းရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့မှုကို ပြန်လည်မျှဝေခြင်း" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ ကျင်းပခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရန် ရည်ရွယ်သည့် Knowledge Sharing Programme (KSP) သောကြာနေ့စကားဝိုင်း (Friday Talk) ၏ အမှတ်စဉ် (၃၀) ဆွေးနွေးပွဲအဖြစ် "နှစ်နိုင်ငံ နှင့် အပြည်ပြည်ဆိုင်ရာ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များ အတွက်ညှိနှိုင်းရေးဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ရေး ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့မှုကို ပြန်လည်မျှဝေခြင်း" ခေါင်းစဉ်ဖြင့် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ ကျင်းပ ပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက် အမှာစကား ပြောကြားခဲ့ပါသည်။



ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ဆွေးနွေးတင်ပြမည့် အကြောင်းအရာဖြစ်သော နှစ်နိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်များ (bilateral and multilateral economic cooperation agreements) သည်မိမိတို့ဝန်ကြီးဌာန၏ဆောင်ရွက်ချက်များဖြစ်သဖြင့် အရာထမ်း/အမှုထမ်းများအတွက် အသုံးဝင်ပြီး အသိပညာဗဟုသုတများစွာရရှိမည်ဖြစ်ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန (Ministry of Commerce- MOFCOM) မှ ဦးဆောင်၍ အလုပ်ရုံဆွေးနွေးပွဲများ၊ Seminar များနှင့် လေ့လာရေး အစီအစဉ်များကို ၂၀၂၃ ခုနှစ်မှ ပြန်လည် စတင်၍ အစိုးရဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များသာမက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) မှ ကိုယ်စားလှယ်များကို ပါဖိတ်ကြား၍ စာတွေ့လက်တွေ့များရရှိစေရန် စေလွှတ်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံအကြား ကူးသန်းရောင်းဝယ်မှုများပြုလုပ်ကြရာတွင် ပို့ကုန်သွင်းကုန်လုပ်ငန်းများ သာမကရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ရေးကိုပါ ဦးစားပေးလုပ်ကိုင်ကြရန် လိုအပ်ပါကြောင်း၊ ထို့သို့ဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ရေးနှင့် အကာအကွယ်ပေးရေး (Investment Promotion and Protection) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး (Investment Facilitation) လိုအပ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးရာတွင် မိမိနိုင်ငံတွင်လာရောက်လုပ်ကိုင်သော ရင်းနှီးမြှုပ်နှံသူများအတွက် သာမက အခြားနိုင်ငံများတွင် သွားရောက်လုပ်ကိုင်သောမိမိနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများကိုပါ ဥပဒေကြောင်းနှင့်အညီ အပြန်အလှန် (reciprocal) အကာအကွယ်ပေးရန် လိုအပ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်၏ ရေ့လုပ်ငန်းစဉ်၊ မူဝါဒနှင့်ဦးတည်ချက်များကိုအရာထမ်း/အမှုထမ်းများ သိရှိနားလည်ရန် လိုအပ်ပါကြောင်း၊ ထို့ပြင် မိမိတို့ဝန်ကြီးဌာန၏ ဦးတည်ချက်နှင့်ရေ့လုပ်ငန်းစဉ်များကို အလေးထားလိုက်နာပြီး မိမိနိုင်ငံ၏ သမိုင်းကြောင်းနှင့်ဖြစ်တည်မှုပုံစံများကို ဝန်ထမ်းများအားလုံး သိရှိနားလည်ရမည်ဖြစ်ပါကြောင်း၊ ယနေ့ဆွေးနွေးတင်ပြမည့်ခေါင်းစဉ်သည်နှစ်နိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်များအပေါ် အခြေခံသည့်အကြောင်းအရာများဖြစ်သဖြင့် အရာထမ်း/ အမှုထမ်းများ အားလုံး ကျွမ်းကျင်စွာ သိရှိနားလည်ရန် လိုအပ်ပါကြောင်းနှင့် အနာဂတ်တွင် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရေး ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်သဖြင့် စိတ်ပါဝင်စားစွာဖြင့် စနစ်တကျပါဝင်ဆွေးနွေးခြင်း၊ မေးမြန်းခြင်းအားဆောင်ရွက်ရန်တိုက်တွန်း ပြောကြားခဲ့ပါသည်။

ဆွေးနွေးပွဲအခမ်းအနားတွင် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးသက်တင်လင်း က တရုတ်ပြည်သူ့ သမ္မတနိုင်ငံတွင် တက်ရောက်ခဲ့သည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန (MOFCOM) ကပြုလုပ်သည့် ဆွေးနွေးပွဲမှ **"နှစ်နိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ စီးပွားရေးပူးပေါင်း ဆောင်ရွက်ရေး သဘောတူညီချက်များအတွက် ညှိနှိုင်းရေးဆိုင်ရာ စွမ်း**

**ဆောင်ရည်မြှင့်တင်ရေးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့မှုကို ပြန်လည်မျှဝေခြင်း”** ခေါင်းစဉ်ဖြင့် အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကိုပြန်လည်မေးမြန်းဆွေးနွေးခြင်း၊ ဖြည့်စွက်ဆွေးနွေးခြင်းများပြုလုပ်ခဲ့ကြပါသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မေးမြန်းဆွေးနွေးချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းဆွေးနွေးပေးခဲ့ပါသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း/ အမှုထမ်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ရုံးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးများမှ Online ဖြင့် တက်ရောက်သူများအပါအဝင် စုစုပေါင်း ဝန်ထမ်းအင်အား ၁၂၀ ကျော်

## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ဝန်ကြီးဌာနတွင်း သတင်းရေးသားနည်းနှင့် ဓာတ်ပုံရိုက်ကူးရေး သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များကို အများပြည်သူများထံသို့ မှန်ကန်ထိရောက်သော အချက်အလက်များဖြင့် ပေးပို့နိုင်ရေးနှင့် ဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏ သတင်း၊ မှတ်တမ်းတင်ပြချက် စွမ်းဆောင်ရည်များ တိုးတက်စေရန် ရည်ရွယ်ချက်ဖြင့်ဝန်ကြီးဌာနတွင်း သတင်းရေးသားနည်းနှင့်ဓာတ်ပုံရိုက်ကူးရေးသင်တန်းဆင်းပွဲကို၂၀၂၃ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁)၊ အစည်းအဝေးခန်းမ၌ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော် တက်ရောက်အမှာစကား ပြောကြားခဲ့ပါသည်။



ပြည်ထောင်စုဝန်ကြီးကအဖွင့်အမှာစကား ပြောကြားရာတွင်ဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏ သတင်း၊ မှတ်တမ်းတင်ပြချက် စွမ်းဆောင်ရည်များ တိုးတက်စေရန် ရည်ရွယ်၍ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း၊ သင်တန်းတွင်သင်ကြားပို့ချပေးခဲ့သောဘာသာရပ်များမှာ သတင်း၏အနက် အဓိပ္ပာယ်များ၊ သတင်းတစ်ပုဒ် တည်ဆောက်ပုံ၊ အများပြည်သူသို့ သတင်းရေးသား ထုတ်ပြန်ချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည့်အချက်အလက်များ၊ သတင်းတစ်ပုဒ်အတွက် လိုအပ်သောသတင်းအချက်အလက်များ၊ ဓာတ်ပုံရိုက်ကူးရေးနှင့်စပ်လျဉ်း၍ ဓာတ်ပုံအယူအဆ၊ အလင်းပေးမှု၊ ကြည်လင်ပြတ်သားမှု၊ သတင်းဓာတ်ပုံ ရိုက်ကူးခြင်းနှင့်စပ်လျဉ်း၍ သိသင့် သိထိုက်သော အကြောင်းအရာများဖြစ်သဖြင့် အလွန်ပင် အသုံးဝင်သော သင်တန်းဖြစ်ပြီး သင်တန်းသားများအတွက် များစွာအကျိုးရှိပါကြောင်း၊ သင်တန်းသည် အချိန်ကာလအနေဖြင့် ၅ ရက်သာဖြစ်သော်လည်းသင်တန်းသားများအတွက် လုပ်ဆောင်နိုင်မှု စွမ်းရည် (Capacity) နှင့် လုပ်ဆောင်နိုင်မှု (Capability) များရရှိလာနိုင်မည်ဖြစ်ပါကြောင်း၊ စာတွေ့သင်ကြားပေးသည့်အပြင် သတင်းရယူခြင်းနှင့် outdoor ဓာတ်ပုံရိုက်ကူးခြင်းများကို သင်တန်းသားများအတွက် လက်တွေ့လေ့ကျင့်ခြင်းများပြုလုပ်ပေးခဲ့သဖြင့် ထိရောက်မှုရှိပါကြောင်း၊ စိတ်ရှည်စွာဖြင့် စာတွေ့လက်တွေ့သင်ကြားပို့ချပေးသော ပြန်ကြားရေးဝန်ကြီးဌာနမှတာဝန်ရှိသူ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်းနှင့် သင်တန်းသားများအနေဖြင့် ဝန်ကြီးဌာန၏ လုပ်ဆောင်ချက်များကို ရေးသား/ ရိုက်ကူးရာတွင် သင်ကြားပို့ချသည့် ပညာရပ်များကိုစနစ်တကျအသုံးပြုလက်တွေ့ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် လက်ထောက်အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူ/ သားများ အွန်လိုင်း အပါအဝင် စုစုပေါင်း အင်အား ၁၀၀ ကျော် တက်ရောက်ကြပါသည်။

အဆိုပါ ဝန်ကြီးဌာနတွင်း သတင်းရေးသားနည်းနှင့် ဓာတ်ပုံရိုက်ကူးရေး သင်တန်းတွင် အရာထမ်း/ အမှုထမ်း ပေါင်း ၁၅ ဦးတို့ သင်တန်းတက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။



## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk ) အမှတ်စဉ် (၃၂) “ကိုးရီးယားသမ္မတနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုလေ့လာခြင်း” ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရန် ရည်ရွယ်သည့် Knowledge Sharing Programme (KSP) သောကြာနေ့စကားဝိုင်း (Friday Talk) ၏အမှတ်စဉ် (၃၂) ဆွေးနွေးပွဲအဖြစ်“ကိုးရီးယားသမ္မတနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလေ့လာခြင်း” ခေါင်းစဉ်ဖြင့် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော် တက်ရောက်အမှာစကားပြောကြားခဲ့ပါသည်။



ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ဆွေးနွေးတင်ပြမည့် ကိုရီးယားသမ္မတနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု သမိုင်းကြောင်းကိုလေ့လာရန်လိုကြောင်း၊ နှစ်ပေါင်း ၅၀ အတွင်း ဖွံ့ဖြိုးမှုနိမ့်ကျသော LDC နိုင်ငံအဖြစ်မှအာရှဖွံ့ဖြိုးမှု အားကောင်းသော အဆင့် ၄ နိုင်ငံသို့ ပြောင်းလဲ တိုးတက်ခဲ့မှုဖြစ်စဉ်ကို တွေ့ရမည်ဖြစ်ကြောင်း၊ အဓိက တွန်းအားများမှာ အစိုးရဦးဆောင်သော စက်မှုထူထောင်ရေးပုံစံ၊ ပညာရေးကို ဦးစားပေးဆောင်ရွက်မှု၊ စွမ်းဆောင်ရည်နှင့် လုပ်ဆောင်နိုင်စွမ်း (Capacity and Capability)ရှိသည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်မှု၊ နည်းပညာအသစ်များ တီထွင်နိုင်ရေး ဆောင်ရွက်မှုများနှင့် ပို့ကုန်ကိုဦးတည်သော စက်မှုထူထောင်ရေးကို ဆောင်ရွက်သည် သာမကအသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (Small and Medium Enterprises- SMEs) ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ဆောင်ရွက်ချက်များကို သိရှိနိုင်မည်ဖြစ်ပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးအတွက် ကုန်ထုတ်လုပ်မှု၏ အခြေခံအချက်ဖြစ်သော မြေယာ (Land)၊ လုပ်သား (Labour) နှင့် အရင်းအနှီး (Capital) တို့တွင် နည်းပညာနှင့် စက်စွမ်းအားများ ပေါင်းစပ်ဆောင်ရွက်မှုများကိုလေ့လာခွင့်ရရှိမည်ဖြစ်ကြောင်း၊ ယနေ့ဆွေးနွေးတင်ပြမည့်ကိုရီးယားသမ္မတနိုင်ငံ၏သမိုင်းကြောင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုကို တက်ရောက်လာကြသူများအနေဖြင့် သေသေချာချာ လေ့လာခွင့်ရမည်ဖြစ်ပြီး စိတ်ပါဝင်စားစွာဖြင့် မေးမြန်းဆွေးနွေးကြရန် တိုက်တွန်းမှာကြားပါသည်။

ဆွေးနွေးပွဲတွင် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာပင်လုံအေး က **“ကိုးရီးယားသမ္မတနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကို လေ့လာခြင်း”** ခေါင်းစဉ်ဖြင့် အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခြင်း၊ဖြည့်စွက်ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြပါသည်။

ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အရာထမ်း/အမှုထမ်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ရုံးချုပ်နှင့်တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးရုံးများမှ Online ဖြင့်တက်ရောက်သူများအပါအဝင် စုစုပေါင်း ဝန်ထမ်းအင်အား ၁၂၀ ကျော် တက်ရောက်ကြပါသည်။

## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk ) အမှတ်စဉ် (၃၄) "အခြေခံအဆောက်အအုံကဏ္ဍ ရင်းနှီးမြှုပ်နှံမှု" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ ကျင်းပခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရန် ရည်ရွယ်သည့် Knowledge Sharing Programme (KSP) သောကြာနေ့စကားဝိုင်း (Friday Talk) ၏အမှတ်စဉ်(၃၄) ဆွေးနွေးပွဲအဖြစ် **"အခြေခံအဆောက်အအုံကဏ္ဍ ရင်းနှီးမြှုပ်နှံမှု"** ခေါင်းစဉ်ဖြင့် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော် တက်ရောက်အမှာ စကားပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက ယနေ့ဆွေးနွေး တင်ပြမည့် အကြောင်းအရာ ခေါင်းစဉ်ပါ **"အခြေခံ အဆောက်အအုံ ကဏ္ဍရင်းနှီးမြှုပ်နှံမှု"**သည်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လွန်စွာအရေးကြီးပါကြောင်း၊ အခြေခံအဆောက်အအုံတွင် လမ်း၊ တံတား၊ ရထား၊ ဆိပ်ကမ်း၊ လေဆိပ်၊ ဆက်သွယ်ရေး၊ ပို့ဆောင်ရေး၊ လျှပ်စစ်၊ ရုံး၊ ကျောင်းများ၊ ကျန်းမာရေး ထိန်းသိမ်းစောင့်ရှောက်မှု စင်တာ (Health-care Center)၊ ကျန်းမာရေး ထိန်းသိမ်းစောင့်ရှောက်မှုနှင့် လုံခြုံရေး ဆောင်ရွက်ပေးနေသည့် လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းများ အားလုံး ပါဝင်ပါကြောင်း၊ အခြေခံအဆောက်အအုံဆိုရာတွင် အမာစား အခြေခံအဆောက်အအုံ (Hard Infrastructure) ကို ရုပ်ဝတ္ထုဆိုင်ရာ အခြေခံအဆောက်အအုံ (Physical Infrastructure) နှင့်စီးပွားရေးဆိုင်ရာ အခြေခံ အဆောက်အအုံ (Economic Infrastructure) ဟူ၍ လည်းကောင်း၊ အပျော့စားအခြေခံ အဆောက်အအုံ (Soft Infrastructure) ကို လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံ (Social Infrastructure) ဟူ၍ လည်းကောင်း၊ အခြေခံ အဆောက်အအုံ ၂ မျိုး ခွဲခြားနိုင်ပါကြောင်း၊ မည်သို့ပင် ခွဲခြားစေကာမူ အခြေခံအဆောက်အအုံဟူသည်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက် ဖြစ်ပေါ်လာစေရန်နှင့် ကျန်းမာရွှင်လန်းစွာဖြင့် အလုပ်လုပ်ကိုင်နိုင်ရန် ကူညီထောက်ပံ့ပေးခြင်းဖြစ်သည့်အတွက် ကမ္ဘာ့နိုင်ငံများ၌ အခြေခံအဆောက်အအုံများကို တည်ဆောက်ရာတွင် အစိုးရမှတည်ဆောက်ရေးအတွက် ငွေလုံးငွေရင်းအသုံးစရိတ်များလျာထားကာတည်ဆောက်သကဲ့သို့ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုနှင့် အစိုးရ - ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု (Public- Private Partnerships-PPPs)ပုံစံအမျိုးမျိုးဖြင့်ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ခြင်းများရှိပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုတွင်လည်းရုပ်ဝတ္ထုပိုင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု (Physical Investment)၊ ငွေကြေး ရင်းနှီးမြှုပ်နှံမှု (Financial Investment) နှင့် အနာဂတ်ကို မျှော်မှန်း၍ ရင်းနှီးမြှုပ်နှံသည့် လူသားရင်းနှီးမြှုပ်နှံမှု (Human Investment) ဟူ၍ ရင်းနှီးမြှုပ်နှံမှု ၃ မျိုးရှိပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာနသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်စေရေးနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ဆောင်ရွက်ခြင်းဖြင့် ဝန်ဆောင်မှုများပေးလျက်ရှိပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ် အခြေခံကျသော အခြေခံအဆောက်အအုံကဏ္ဍများဖြစ်သည့် စီးပွားရေးနှင့်လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများ (Economic and Social Infrastructures) တို့တွင်ရင်းနှီးမြှုပ်နှံမှုများပိုမိုဝင်ရောက်လာစေရေးဖိတ်ခေါ်နိုင်ရမည်ဖြစ်ပါကြောင်းဖြင့် တိုက်တွန်းမှာကြားခဲ့ပါသည်။

ဆွေးနွေးပွဲတွင်ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဒေါ်မြစန္ဒာက" **အခြေခံအဆောက်အအုံကဏ္ဍရင်းနှီးမြှုပ်နှံမှု"** ခေါင်းစဉ်ဖြင့်အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်း ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များဖြည့်စွက်ဆွေးနွေးပေးခဲ့ပါသည်။

ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/အမှုထမ်းများ အပါအဝင် စုစုပေါင်း ဝန်ထမ်း အင်အား ၈၀ ကျော် တက်ရောက်ကြပါသည်။





## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk ) အမှတ်စဉ် (၃၅) “ အသိပညာမျှဝေခြင်း၏ အရေးပါပုံနှင့် အသိပညာမျှဝေသည့် အလေ့အထအပေါ် လွှမ်းမိုးသည့်အချက်များအားလေ့လာဆန်းစစ်ခြင်း” ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ ကျင်းပခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရန် ရည်ရွယ်သည့် Knowledge Sharing Programme (KSP) သောကြာနေ့စကားဝိုင်း (Friday Talk) ၏အမှတ်စဉ်(၃၅) ဆွေးနွေးပွဲအဖြစ် “ **အသိပညာမျှဝေခြင်း၏ အရေးပါပုံနှင့် အသိပညာမျှဝေသည့် အလေ့အထအပေါ် လွှမ်းမိုးသည့် အချက်များအား လေ့လာဆန်းစစ်ခြင်း”** ခေါင်းစဉ်ဖြင့် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက် အမှာစကားပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ဆွေးနွေးမည့် ခေါင်းစဉ်သည် **“အသိပညာမျှဝေခြင်း၏ အရေးပါပုံနှင့် အသိပညာမျှဝေသည့် အလေ့အထအပေါ် လွှမ်းမိုးသည့်အချက်များအား လေ့လာဆန်းစစ်ခြင်း”** ဖြစ်ပါကြောင်း၊ အသိပညာနှင့်စပ်လျဉ်း၍ ကမ္ဘာ့နိုင်ငံအများစုက လက်ခံထားသည်မှာ လူသားများ (Human) နှင့်စိတ်ပညာ (Psychology) သဘောတရားတို့နှင့် သက်ဆိုင်ပါကြောင်း၊ လွတ်လပ်ပြီးစ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ဖွံ့ဖြိုးပြီး နိုင်ငံများနည်းတူ စားနပ်ရိက္ခာဖူလုံရေးအတွက် ရုန်းကုန်လှုပ်ရှားခဲ့ရပြီး နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက်စက်မှုနိုင်ငံ တည်ထောင်နိုင်ရေး (Industralization) ကို ဦးစားပေး ဆောင်ရွက်ခဲ့ကြပါကြောင်း၊ ထိုသို့စက်မှုကဏ္ဍကို ဦးစားပေးရာတွင်နိုင်ငံအများစုက အတတ်ပညာများ လိုအပ်သည်ကို တွေ့ရှိခဲ့ကြသဖြင့်ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ငွေကြေးအရင်းအနှီးနှင့် ရုပ်ဝတ္ထု မဟုတ်ဘဲ လူ့စွမ်းအားအရင်းအမြစ် (Human Resources - HR) သည် အဓိကလိုအပ်ချက်ဖြစ်ပါကြောင်း၊ ကမ္ဘာပေါ်ရှိ နိုင်ငံအများစုသည် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေး အကောင်အထည်ဖော်ခဲ့ပါကြောင်း၊ ထို့ကြောင့် လူသားတစ်ဦးချင်းစီ၏ အသိပညာကြွယ်ဝမှုသည် စစ်မှန်သော တိုးတက်မှုဖြစ်သဖြင့် အသိပညာမျှဝေမှုပြုလုပ်ခြင်းဖြင့်ဆောင်ရန်/ရှောင်ရန်အချက်များကို သိရှိပြီးအခက်အခဲများကို ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့လာသင်ယူမှု (Learning Process) ကို အခြေခံသည့် KSP အစီအစဉ်ကို ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ တင်ပြဆွေးနွေးသူမှ ပြည့်ပြည့်စုံစုံ ရှင်းလင်းဆွေးနွေးပေးပါရန်နှင့် တက်ရောက်လာကြသူများမှလည်း စိတ်ပါဝင်စားစွာဖြင့် မေးမြန်းဆွေးနွေးပေးစေလိုပါကြောင်းတိုက်တွန်းမှာကြားခဲ့ပါသည်။

ဆွေးနွေးပွဲတွင်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အိအိခိုင်က **“အသိပညာမျှဝေခြင်း၏ အရေးပါပုံနှင့် အသိပညာမျှဝေသည့် အလေ့အထအပေါ် လွှမ်းမိုးသည့် အချက်များအား လေ့လာဆန်းစစ်ခြင်း”** ခေါင်းစဉ်ဖြင့် အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက် ဆွေးနွေးပေးခဲ့ပါသည်။

ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ အပါအဝင် စုစုပေါင်း ဝန်ထမ်းအင်အား ၁၂၀ ကျော် တက်ရောက်ခဲ့ကြပါသည်။





## အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်း အဖွဲ့၏ (၁၁) ကြိမ်မြောက်အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခြင်း

အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့၊အာဆီယံအတွင်းရေးမှူး ချုပ်ရုံးတွင် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့မှ ၁၁ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံအသိုက် အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၁၁) ကြိမ်မြောက် အစည်း အဝေးသို့ မြန်မာနိုင်ငံ၏ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ခေါင်းဆောင် သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။

အဆိုပါ အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာ ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော်စိုးနှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ခံ (၁) ဦးတို့မှ အထောက်အကူပြု အဖွဲ့အဖြစ် လိုက်ပါတက်ရောက်ခဲ့ပါ သည်။

အစည်းအဝေးကို အာဆီယံဥက္ကဋ္ဌဖြစ်သည့် အင်ဒိုနီးရှား နိုင်ငံထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီး၏ ဦးစားပေးလုပ်ငန်းစဉ်များဆိုင်ရာ အကြံပေးပုဂ္ဂိုလ် Mr. Dian Triansyah Djani နှင့် အာဆီယံအသိုက်အဝန်းမျှော် မှန်းချက် စာတမ်းရေးဆွဲရေးဆိုင်ရာ အမြဲတမ်းဦးဆောင် အဖွဲ့ဝင် မလေးရှားနိုင်ငံ၏ ထင်ပေါ်ကျော်ကြား ပုဂ္ဂိုလ်နှင့် အငြိမ်းစားသံအမတ်ကြီး Mr. Dato Zainuddin Yahya တို့က ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ကြပြီး အာဆီယံ အဖွဲ့ဝင် နိုင်ငံများနှင့်လေ့လာသူ တီမောလက်စ်တေနိုင်ငံ တို့၏ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်များ၊ အာဆီယံအတွင်း ရေးမှူးချုပ် H.E. Dr. Kao Kim Hourn၊ အဆင့်မြင့် ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့်အာဆီယံနိုင်ငံများ မှ ကိုယ်စားလှယ်စုစုပေါင်း ၇၀ ဦးခန့် တက်ရောက်ခဲ့ ကြပါသည်။

အစည်းအဝေးတွင် (၃၄) ကြိမ်မြောက်အာဆီယံပေါင်းစပ် ညှိနှိုင်းရေးကောင်စီ အစည်းအဝေးနှင့် (၄၃) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးတို့၌ အတည်ပြုခဲ့သည့် အာဆီယံအသိုက် အဝန်းမျှော်မှန်းချက် ၂၀၄၅ ဆိုင်ရာဖြစ် ပေါ်တိုးတက်မှုများ၊ အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၄၅ နှင့် ဆက်စပ်စာတမ်းမူကြမ်းများ၊ အာဆီယံအသိုက် အဝန်းမျှော်မှန်းချက် ၂၀၄၅ စာတမ်းကို အကောင်အထည် ဖော်ဆောင်မည့် မဟာဗျူဟာစီမံချက် လုပ်ငန်းစဉ်များနှင့် အဆင့်မြင့်လုပ်ငန်း အဖွဲ့၏ ၂၀၂၄ ခုနှစ် လုပ်ငန်းစဉ်တို့ အပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။



## အာဆီယံစီးပွားရေးအသိုက်အဝန်းအနေဖြင့်အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် -၂၀၄၅ မဟာဗျူဟာစီမံကိန်း (Strategic Plan) ရေးဆွဲရေးတွင် ထည့်သွင်းမည့် ဦးစားပေးလုပ်ငန်းများနှင့် မြန်မာနိုင်ငံ၏ ဆောင်ရွက်မှုများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပခြင်း

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌အာဆီယံစီးပွားရေးအသိုက်အဝန်း(အေအီးစီ) အနေဖြင့် အာဆီယံ အသိုက်အဝန်းမျှော်မှန်းချက် -၂၀၄၅ မဟာဗျူဟာစီမံကိန်း (Strategic Plan) ရေးဆွဲရေးတွင် ထည့်သွင်းမည့် ဦးစားပေးလုပ်ငန်းများနှင့် မြန်မာနိုင်ငံ၏ အေအီးစီ ဆောင်ရွက်မှုများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်၍ ကျင်းပခဲ့ရာ အာဆီယံ စီးပွားရေးအသိုက်အဝန်း မဏ္ဍိုင်အောက်ရှိ ဘာသာရပ်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ ၅၀ ဦးခန့် တက်ရောက်ခဲ့ပါသည်။




အဆိုပါ ညှိနှိုင်းအစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလတွင် ကျင်းပခဲ့သည့် (၄၃) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေး၌ မှတ်တမ်းတင်ပြီးဖြစ်သည့် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၄၅ အရ မဏ္ဍိုင် ၃ ရပ်အောက်မှကဏ္ဍအလိုက်မဟာဗျူဟာစီမံကိန်း (Strategic Plan) ရေးဆွဲရာတွင် ထည့်သွင်းမည့်ဦးစားပေးလုပ်ငန်းစဉ်များနှင့် မြန်မာနိုင်ငံ၏ လက်ရှိဦးစားပေး အကောင်အထည်ဖော်လျက်ရှိသည့် လုပ်ငန်းများအကြား ချိတ်ဆက်ဆောင်ရွက်နိုင်ရန်နှင့် မြန်မာနိုင်ငံမှ အာဆီယံ စီးပွားရေး အသိုက်အဝန်း အကောင်အထည်ဖော်မှုကို လေ့လာသုံးသပ်မှုများ ပြုလုပ်နိုင်ရန်အတွက် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပါသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက အာဆီယံ အသိုက်အဝန်း ၂၀၂၅ အလွန်မျှော်မှန်းချက်ကို နောင်နှစ် ၂၀ အထိ မျှော်မှန်းချက်အနေဖြင့် ရေးဆွဲခဲ့ပါကြောင်း၊ အာဆီယံ မျှော်မှန်းချက် ၂၀၄၅ကို "တက်ကြွ၍ကြံ့ခိုင်မှုရှိပြီးဆန်းသစ်တီထွင်နိုင်သောပြည်သူဗဟိုပြုအာဆီယံ" (Resilient, Innovative, Dynamic, and People-Centred ASEAN) ရည်မှန်းချက်များဖြင့် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံပေါင်းစပ်ညှိနှိုင်းရေးကောင်စီအစည်းအဝေး (ACC) မှ အတည်ပြုခဲ့ပြီး၊ (၄၃) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးမှာ မှတ်တမ်းတင်ခဲ့ပြီးဖြစ်ပါကြောင်း၊ မျှော်မှန်းချက်ကိုအတည်ပြုပြီးဖြစ်၍ မဏ္ဍိုင် ၃ ရပ်အောက်မှ လုပ်ငန်းအဖွဲ့များအနေဖြင့် သက်ဆိုင်ရာ ကဏ္ဍအလိုက်မဟာဗျူဟာစီမံကိန်း (Strategic Plan) ရေးဆွဲရေးကို ဆက်လက်ဆောင်ရွက်ရန်ရှိပါကြောင်း၊ ထိုသို့ရေးဆွဲရာတွင်မြန်မာနိုင်ငံကဆောင်ရွက်နေသည့် ဦးစားပေးလုပ်ငန်းများနှင့် ချိတ်ဆက်သွားနိုင်ရေးအတွက်ပါဝင်ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံက အေအီးစီလုပ်ငန်းများအကောင်အထည်ဖော်မှုများတွင် အခြားနိုင်ငံများနှင့်အတူလိုက်ပါ ဆောင်ရွက်နေသော်လည်း မြန်မာနိုင်ငံကရရှိသည့် အကျိုးကျေးဇူးများနှင့် စိန်ခေါ်မှုများကို အမှန်တကယ်လေ့လာ သုံးသပ်မှုများပြုလုပ်ရန် လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် အေအီးစီအောက်မှလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် အရေအတွက် (Quantity) နှင့်အရည်အသွေး (Quality) ဆိုင်ရာ အကျိုးကျေးဇူးများ၊ တွေ့ကြုံရသည့် စိန်ခေါ်မှုများနှင့် အနာဂတ်တွင် အာဆီယံအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးစေလိုသည့်အချက်များကိုပြုစုထားသည့် ပုံစံတွင်ဖြည့်စွက်၍ ပြန်လည်ပေးပို့ပေးစေလိုပါကြောင်း၊ အဆိုပါအချက်များကို အခြေခံ၍ မြန်မာနိုင်ငံ၏ အေအီးစီဆိုင်ရာအကောင်အထည်ဖော်မှုများကိုလေ့လာသုံးသပ်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် အစည်းအဝေးသို့ ကဏ္ဍ ၂၂ ခုမှ တက်ရောက်လာသူများက ကဏ္ဍအလိုက် ဆောင်ရွက်မှုအခြေအနေများနှင့်တွေ့ကြုံရသည့်စိန်ခေါ်မှုများကို တင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့ပြီး အစည်းအဝေးကို ပြီးမြောက်ခဲ့ပါသည်။

## အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသ (ACFTA) သဘောတူညီချက်၏ ပင်ရင်းဒေသစည်းမျဉ်းများ အကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်းသည့် စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာဆွေးနွေးပွဲ ကျင်းပခြင်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (MOFCOM)၊ Academy for International Business Officials (AIBO) နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသ (ACFTA) သဘောတူညီချက်၏ ပင်ရင်းဒေသ စည်းမျဉ်းများ အကောင်အထည်ဖော်ရေးနှင့်စပ်လျဉ်းသည့် စွမ်းဆောင်ရည် မြှင့်တင်ရေးဆိုင်ရာ ဆွေးနွေးပွဲကို နေပြည်တော်၊ ရုံးအမှတ် (၁)၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၌ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့မှ ၁၅ ရက်နေ့အထိ ၄ ရက်ကြာ ကျင်းပပြုလုပ်ခဲ့ပါသည်။




အဆိုပါဆွေးနွေးပွဲသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား အာဆီယံ-တရုတ် ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မူဘောင်သဘော တူညီချက်အရပြင်ဆင်ထားသော စည်းမျဉ်းများကိုမိတ်ဆက်ရန်၊ ဌာနဆိုင်ရာ အရာထမ်းများ၏ ဘာသာရပ်ဆိုင်ရာ အသိပညာတိုးတက်စေရန်၊ သီးသန့်ကုန်စည် စည်းမျဉ်းများနှင့် ပင်ရင်းသက်သေခံ လက်မှတ်ပုံစံများ၊ လုပ်ငန်းဆောင်ရွက်မှုအသိအမှတ်ပြုလုပ်ငန်းစဉ်များ၊ ဖွဲ့စည်းပုံ၊ ပင်ရင်းနိုင်ငံစည်းမျဉ်းများနှင့် ပတ်သက်သော လုပ်ငန်းများကို ကျွမ်းကျင်စွာ ဆောင်ရွက်တတ်စေရန်နှင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးမြှင့်တင်ဆောင်ရွက်ရန် ရည်ရွယ်၍ကျင်းပခြင်းဖြစ်ပါသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ဘာသာရပ်နှင့်သက်ဆိုင်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနများနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့ မှစုစုပေါင်းကိုယ်စားလှယ် ၃၅ ဦး တက်ရောက်ခဲ့ကြပါသည်။

ဆွေးနွေးပွဲ၏ ဖွင့်ပွဲအခမ်းအနားကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့တွင်ကျင်းပခဲ့ရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က ကြိုဆိုနှုတ်ဆက်စကားပြောကြား၍ AIBO မှ ဒုတိယဥက္ကဋ္ဌ Mr. Lei Hao က မိတ်ဆက်အမှာစကားနှင့် ရန်ကုန်မြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးသံမှူး Mr. Ouyang Daobing က အဖွင့်အမှာစကားတို့ကို အသီးသီး ပြောကြားခဲ့ပါသည်။

အာဆီယံ-တရုတ်လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်အဆင့်မြှင့်တင်ခြင်းအောက်ရှိပင်ရင်းဒေသ စည်းမျဉ်းများကို မိတ်ဆက်ခြင်း၊ အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသတွင် အကောင်အထည် ဖော်လျက်ရှိသည့် လုပ်ထုံးလုပ်နည်းများကို မိတ်ဆက်ခြင်း၊ တရုတ်နိုင်ငံနှင့် ချုပ်ဆိုထားသည့် လွတ်လပ်သော ကုန်သွယ်မှုဒေသများကို မိတ်ဆက်ခြင်း၊ အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသ အကောင်အထည်ဖော်ရာတွင် တရုတ်နိုင်ငံ၊ အကောက်ခွန်ဦးစီးဌာန၏ အတွေ့အကြုံများကို မျှဝေခြင်း၊ အာဆီယံ - တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသတွင် မြန်မာနိုင်ငံ၏ ပါဝင်ဆောင်ရွက်မှုအခြေအနေကို ပို့ချခြင်းနှင့် မြန်မာနိုင်ငံ၏ ပင်ရင်းဒေသ စည်းမျဉ်းများဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပို့ချခြင်းများကို ဆွေးနွေးပွဲ ၄ ရက်တာ ကာလအတွင်း ဆွေးနွေးဖလှယ်ခဲ့ကြပါသည်။

ဆွေးနွေးပွဲတွင် အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသ (ACFTA) အကောင်အထည်ဖော်မှုအောက်ရှိ ပင်ရင်းနိုင်ငံ စည်းမျဉ်းများနှင့်စပ်လျဉ်း၍ တရုတ်

နိုင်ငံ၏ လက်တွေ့ကျင့်သုံးမှုများကို ဆွေးနွေးပို့ချခဲ့သည့်အတွက်မြန်မာနိုင်ငံကတရုတ်နိုင်ငံသို့တင်ပို့သည့်ကုန်စည်များအတွက် ACFTA အရ အကောက်ခွန်ဆိုင်ရာ အခွင့်အရေးကိုရယူနိုင်ရန် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အသေးစိတ်သိရှိသည့် အကျိုးကျေးဇူးကို ရရှိခဲ့ပါသည်။ ထို့ပြင်နှစ်နိုင်ငံပင်ရင်းနိုင်ငံ သက်သေခံလက်မှတ်ထုတ်ပေးသူနှင့် လက်ခံသူများအကြား လက်တွေ့ဆောင်ရွက်မှုတွင် တွေ့ကြုံရသည့် အခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်နိုင်သည့် နည်းလမ်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည့် အတွက်မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ကုန်သွယ်မှုကို ပိုမိုလွယ်ကူချောမွေ့စေ၍ နှစ်နိုင်ငံကုန်သွယ်မှု မြင့်တင်ရာတွင် အထောက်အကူပြုနိုင်သည့် အကျိုးကျေးဇူးများကိုလည်းရရှိခဲ့ပါသည်။

## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့စကားဝိုင်း (Friday Talk ) အမှတ်စဉ် (၂၆) "Employee Engagement ၏ အခန်းကဏ္ဍနှင့် ၎င်းအပေါ်အကျိုးသက်ရောက်စေသည့်အချက်များ " ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ ကျင်းပခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရန် ရည်ရွယ်သည့် Knowledge Sharing Programme (KSP) သောကြာနေ့စကားဝိုင်း (Friday Talk) ၏အမှတ်စဉ် (၂၆) ဆွေးနွေးပွဲကို ၂၀၂၃ ခုနှစ်၊ သြဂုတ်လ ၁၈ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ ကျင်းပပြုလုပ်ခဲ့ရာ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် တက်ရောက်အမှာစကား ပြောကြားခဲ့ပါသည်။

ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က အဖွင့်အမှာစကားပြောကြားရာတွင်မိမိတို့ဝန်ကြီးဌာနတွင် အပတ်စဉ်သောကြာနေ့တိုင်း ကျင်းပပြုလုပ်သော သောကြာနေ့စကားဝိုင်း (KSP) သည် ဝန်ထမ်းများအတွက် ကောင်းမွန်သော Platform တစ်ခုဖြစ်ပါကြောင်း၊ အပတ်စဉ်ဆွေးနွေးပြောကြားသည့် ခေါင်းစဉ်များ မတူညီကြသော်လည်း ဆွေးနွေးပို့ချသည့် အကြောင်းအရာများ အားလုံးသည် ဝန်ကြီးဌာနနှင့် သက်ဆိုင်လျက်ရှိနေပါကြောင်း၊ ယနေ့ဆွေးနွေးမည့် အကြောင်းအရာဖြစ်သော Employee Engagement သည် မိမိတို့ဝန်ကြီးဌာနအတွက် အသုံးဝင်ပြီးအရေးပါသော နယ်ပယ်တစ်ရပ်ဖြစ်ပါကြောင်း၊ အပတ်စဉ် ဆွေးနွေး တင်ပြမှုများမှရရှိသော အသိပညာများကို လက်တွေ့လုပ်ငန်းခွင်တွင် ဆက်စပ်စဉ်းစား တွေးခေါ် အသုံးချရန် လိုအပ်ပါကြောင်း၊ လူတစ်ဦးသည် တစ်ချိန်တည်းမှာပင် ခေါင်းဆောင် (Leader)တစ်ယောက် ဖြစ်နိုင်သကဲ့သို့ နောက်လိုက် (Follower) လည်းဖြစ်နိုင်ပါကြောင်း၊ ခေါင်းဆောင်ကောင်း တစ်ယောက်ဖြစ်ရန်အတွက် နောက်လိုက်ကောင်း တစ်ယောက်ဖြစ်ရေးသည် အရေးကြီးပါကြောင်း၊ ခေါင်းဆောင်ကောင်း တစ်ယောက်အနေဖြင့် မိမိဦးဆောင်သော အဖွဲ့အစည်းကို ထိန်းချုပ်နိုင်သည်သာမက အချိန်တိုအတွင်း အရည်အသွေးရှိသော လုပ်ငန်း ဆောင်ရွက်ချက်များ အောင်မြင်ဖြစ်ထွန်းနိုင်ရေးအတွက် စနစ်တကျစီမံခန့်ခွဲမှုရှိရန် လိုအပ်ပါကြောင်း၊ ထို့ပြင်အဖွဲ့အစည်းတစ်ခု၏ အုပ်ချုပ်သူ တစ်ယောက်အနေဖြင့် လူသားအရင်းအမြစ် စီမံခန့်ခွဲမှု (Human Resource Managemant ) သည်အလွန်အရေးကြီးပြီး မိမိလက်အောက် ငယ်သားများ၏ လိုအပ်ချက်များ၊ အလုပ်အပေါ် စိတ်ခံစားမှုများကိုသိရှိနားလည်ပြီး လုပ်ငန်းခွင်အပေါ် စိတ်ကျေနပ်မှုနှင့် လုပ်ငန်းခွင်ကို Happy Working Environment အဖြစ်ဖန်တီးပေးရန် လိုအပ်ပါကြောင်း၊ ဒီမိုကရေစီလူ့အဖွဲ့အစည်း (Democratic Society) တစ်ခုဖြစ်ရန်အတွက် အဖွဲ့အစည်းတစ်ခု၏ အုပ်ချုပ်မှုစနစ်ကို လေ့လာရာတွင် လုပ်ငန်းခွင်တွင်အချိန်မီအလုပ်ပြီးမြောက်ရေးအတွက် အမိန့်ပေးစနစ် (Command Sysetm) ကို ကာလတိုအတွက်သာ အသုံးပြုကြပြီး လူတိုင်းကိုယ်ပိုင်အသိဉာဏ်ဖြင့် ပါဝင်လာစေရေးအတွက် (Involvement Oriented) ကို ကာလရှည် အသုံးပြုသင့်ပါကြောင်းနှင့် ဝန်ထမ်းများအနေဖြင့် ယနေ့ဆွေးနွေးမှုဝေမည့် ခေါင်းစဉ်အပေါ် တက်ကြွစွာဖြင့် ပွင့်ပွင့်လင်းလင်း ပါဝင်ဆွေးနွေးသွားစေလိုပါကြောင်း တိုက်တွန်း ပြောကြားခဲ့ပါသည်။

ဆွေးနွေးပွဲတွင် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရွှေစင်ထက်က **"Employee Engagement ၏ အခန်းကဏ္ဍနှင့် ၎င်းအပေါ် အကျိုးသက်ရောက်စေသည့်အချက်များ"** ခေါင်းစဉ်ဖြင့် အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်း ဆွေး

နွေးခြင်း၊ ဖြည့်စွက်ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြပါသည်။

ဆွေးနွေးပွဲသို့ အဆင့်မြင့်အရာရှိကြီးများ၊ အရာထမ်း/အမှုထမ်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ရုံးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးများမှ Online ဖြင့် တက်ရောက်သူများ အပါအဝင် စုစုပေါင်းဝန်ထမ်းအင်အား ၁၂၀ ကျော် တက်ရောက်ကြပါသည်။





**လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့စကားဝိုင်း (Friday Talk ) အမှတ်စဉ် (၂၉) “ စွန့်ဦးတီထွင်သူများ(Entrepreneurs) ကိုလေ့လာခြင်း ” ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ ကျင်းပခြင်း**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရန် ရည်ရွယ်သည့် Knowledge Sharing Programme (KSP) သောကြာနေ့စကားဝိုင်း (Friday Talk) ၏ အမှတ်စဉ် (၂၉) ဆွေးနွေးပွဲအဖြစ် “စွန့်ဦးတီထွင်သူများ(Entrepreneurs) ကိုလေ့လာခြင်း” ခေါင်းစဉ်ဖြင့် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ ကျင်းပပြုလုပ်ခဲ့ရာ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က အမှာစကား ပြောကြားခဲ့ပါသည်။



ဒုတိယဝန်ကြီးကဝန်ထမ်းတစ်ဦးစီ၏စွမ်းဆောင်ရည်နှင့် လုပ်ဆောင်နိုင်စွမ်း တိုးတက်လာစေရန် ရည်ရွယ်၍ အသိပညာမျှဝေ ဆွေးနွေးခြင်းအစီအစဉ် (Friday Talk) အား အပတ်စဉ် သောကြာနေ့တိုင်း ဆောင်ရွက်ခဲ့သည်မှာ အပတ်စဉ် (၂၉)သို့ ရောက်ရှိလာခဲ့ပြီဖြစ်ပါသဖြင့် အချိန်ကာလတစ်ခုသို့ ရောက်ရှိလာနေပြီဖြစ်ပါကြောင်း၊ ယနေ့ဆွေးနွေးတင်ပြမည့် စွန့်ဦးတီထွင်သူများကို လေ့လာခြင်းအကြောင်းအရာသည် လူငယ်များအတွက် အလွန်ပင်စိတ်ဝင်စားစရာ ကောင်းပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် စွန့်ဦးတီထွင်မှု လုပ်ငန်းများအတွက် လိုအပ်သော နည်းပညာများရရှိရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ work-shops နှင့် seminars များကို နိုင်ငံခြားစီးပွားဆက်သွယ်မှုအပိုင်းမှဆက်သွယ်ချိတ်ဆက် ထောက်ပံ့ပေးလျက်ရှိသည့်အပြင် ဈေးကွက်ရရှိရေးနှင့် စွန့်ဦးတီထွင်နိုင်သည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များ တိုးတက်ဖြစ်ထွန်းရေးကိုရင်းနှီးမြှုပ်နှံမှုအပိုင်းမှပံ့ပိုးပေးနေပါကြောင်း၊ လက်ရှိနိုင်ငံတော်မှလည်းအငယ်စား၊ အသေးစား နှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများချမှတ် ဆောင်ရွက်ပေးနေခြင်းသည် စွန့်ဦးတီထွင်သူများနှင့် စွန့်ဦးတီထွင်မှုလုပ်ငန်းများ ပိုမိုပေါ်ထွန်းလာရေးကိုအားပေး မြှင့်တင်ပေးနေခြင်းပင်ဖြစ်ပါကြောင်း၊ စွန့်ဦးတီထွင်သူများ၏ တွေးခေါ်ကြံဆချက်များသည် အခြားသာမာန်အတွေးအခေါ်များနှင့် မတူဘဲထိုးဖောက်တွေးခေါ်ကြံဆလိုစိတ်များရှိကြသဖြင့် ၎င်းတို့၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန် လိုအပ်ပါကြောင်း၊ စွန့်ဦးတီထွင်သူများသည် သာမာန်အတွေးအခေါ်ဖြင့် ပုံမှန်သမားရိုးကျအတိုင်း လုပ်ကိုင်ဆောင်ကြသူများ မဟုတ်ကြဘဲ တီထွင်ဖန်တီးမှု (Creation) နှင့်တီထွင်ဆန်းသစ်မှု (Innovaiton) တို့ဖြင့် ဆောင်ရွက်လေ့ရှိသည်ကို တွေ့ရှိရပါကြောင်း၊ ထုတ်ကုန်များထုတ်လုပ်ရာတွင်လည်းသဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ပေးနိုင်ခြင်း၊ စားသုံးသူများ၏ လိုအပ်ချက်

ကိုဖြည့်ဆည်းပေးခြင်း၊ အခြားထုတ်ကုန်များနှင့်မတူဘဲ တီထွင်ဆန်းသစ်မှုများရှိခြင်း၊ တစ်နိုင်တစ်ပိုင် အငယ်စား စီးပွားရေးလုပ်ငန်းမှ ဈေးကွက်ရှာဖွေနိုင်ခြင်း၊ ထုတ်ကုန် ဖွံ့ဖြိုးတိုးတက်ခြင်းတို့မှတစ်ဆင့် အကြီးစားစီးပွားရေးလုပ် ငန်းအဖြစ်သို့ အဆင့်မြှင့်တင်ပြောင်းလဲနိုင်ခြင်းစသည့် စွန့် ဦးထွင်သူများ၏ စွမ်းဆောင်ချက်များကို နိုင်ငံအများတွင် တွေ့မြင်နေရပါကြောင်း၊ စွန့်ဦးတီထွင်သူဟု ဆိုရာတွင် အများစုမှာ လူငယ်များဖြစ်ကြပြီး မည်သူတစ်ဦး တစ်ယောက်မှ မလုပ်ရသေးသော အလုပ်များကို စတင် ဆောင်ရွက်ပြီး ကနဦး တီထွင်ဖန်တီးသူများဖြစ်ကြပါ ကြောင်း၊ သို့ပါ၍တက်ရောက်လာကြသူများအနေဖြင့် စိတ် ပါဝင်စားစွာဖြင့် ဝိုင်းဝန်းဆွေးနွေးမေးမြန်းစေလိုပါကြောင်း ပြောကြားခဲ့ပါသည်။

ဆွေးနွေးပွဲတွင် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သင်းသီရိစု က**“စွန့်ဦးတီထွင်သူများ(Entrepreneurs)ကိုလေ့လာခြင်း”** ခေါင်းစဉ်ဖြင့် အသေးစိတ်ရှင်းလင်း ဆွေးနွေးခဲ့ပြီး တက် ရောက်လာကြသူများက သိရှိလိုသည်များ ကိုပြန်လည် မေးမြန်းဆွေးနွေးခြင်း၊ ဖြည့်စွက်ဆွေးနွေးခြင်းများပြုလုပ် ခဲ့ကြပါသည်။

ဆွေးနွေးပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ၊ အရာထမ်း/အမှုထမ်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ရုံးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးရုံးများမှ Online ဖြင့် တက်ရောက်သူများ အပါ အဝင်စုစုပေါင်းဝန်ထမ်းအင်အား ၁၂၀ ကျော် တက်ရောက် ကြပါသည်။

# DICA သတင်းကဏ္ဍ

## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့စကားဝိုင်း (Friday Talk ) အမှတ်စဉ် (၃၁) "လျှပ်စစ်သုံးမော်တော်ယာဉ် (Electric Vehicle-EV) အကြောင်းလေ့လာခြင်း" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ ကျင်းပခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရန် ရည်ရွယ်သည့် Knowledge Sharing Programme (KSP) သောကြာနေ့စကားဝိုင်း (Friday Talk) ၏အမှတ်စဉ်(၃၁) ဆွေးနွေးပွဲအဖြစ် **"လျှပ်စစ်သုံးမော်တော်ယာဉ် (Electric Vehicle - EV) အကြောင်းလေ့လာခြင်း"**ခေါင်းစဉ်ဖြင့် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး (ကိုယ်စား) ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ဦးသန့်စင်လွင်က တက်ရောက်အမှာစကားပြောကြားခဲ့ပါသည်။

ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်မှ စတင်၍ လျှပ်စစ်သုံးမော်တော်ယာဉ် (Electric Vehicle-EV) ကို ခေတ်နှင့်လျော်ညီစွာ အသုံးပြုနိုင်ရေး၊ လောင်စာဆီအသုံးပြုမှုလျှော့ချနိုင်ရေး၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကိုလျှော့နည်းစေရေးနှင့်နိုင်ငံအတွင်း၌တွင်တွင်ကျယ်ကျယ် အသုံးပြုလာနိုင်စေရေးအတွက် မူဝါဒများနှင့် ရည်မှန်းချက်များချမှတ်ကာ စတင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီအသီးသီးတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း။ EV လျှပ်စစ်သုံး မော်တော်ယာဉ်များ အသုံးပြုမှုကို ၂၀၂၅ ခုနှစ်တွင် မှတ်ပုံတင်အစီးရေ၏ ၁၄ %၊ ၂၀၃၀ ပြည့်နှစ်တွင် မှတ်ပုံတင် အစီးရေ၏ ၃၂ %၊ ၂၀၄၀ ပြည့်နှစ်တွင် မှတ်ပုံတင်အစီးရေ၏ ၆၇ % နှင့် ၂၀၅၀ ပြည့်နှစ်တွင် EV လျှပ်စစ်သုံးမော်တော်ယာဉ်များကို ရာနှုန်းပြည့်တိုးမြှင့် ဆောင်ရွက်သွားရန် နိုင်ငံတော်မှ မျှော်မှန်းချက်ချမှတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းမျှော်မှန်းချက်များ ပြည့်မီစေရေးအတွက် မိမိတို့ ဝန်ကြီးဌာနသည် မြန်မာနိုင်ငံတွင် EV လျှပ်စစ်သုံး မော်တော်ယာဉ်များ တင်သွင်းအသုံးပြုနိုင်ရေးနှင့်ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးအတွက် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်မည့် အစီအမံများချမှတ်သည့်လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ EV လျှပ်စစ်သုံး မော်တော်ယာဉ်များကို အသုံးပြုခြင်းဖြင့် လေထုညစ်ညမ်းမှုနှင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓါတ်ငွေ့ထွက်သော မော်တော်ယာဉ်သုံးစွဲမှု လျှော့နည်းလာမည်ဖြစ်ပါကြောင်း၊ လက်ရှိတွင် EV လျှပ်စစ်သုံး မော်တော်ယာဉ်အသုံးပြုရာတွင် လျှပ်စစ်အားသွင်းမှုနှင့် ဘက်ထရီဈေးနှုန်းကြီးမြင့်မှု အခက်အခဲများရှိသော်လည်း နိုင်ငံတော်မှကာလတို၊ ကာလလတ်နှင့် ကာလရှည်မူဝါဒများချမှတ်၍ အချိန်ကာလတစ်ခု၌ အများပြည်သူများပိုမိုအသုံးပြုလာစေရေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့တင်ပြဆွေးနွေးမည့်သင်ခန်းစာမှ EV လျှပ်စစ်သုံးမော်တော်ယာဉ်၏အားသာချက်/အားနည်းချက်များကို လေ့လာသိရှိနိုင်မည်ဖြစ်သဖြင့် တက်ရောက်လာကြသော အရာထမ်း/အမှုထမ်းများအနေဖြင့် စိတ်ပါဝင်စားစွာဖြင့် ဆွေးနွေးမေးမြန်းသွားစေလိုပါကြောင်း တိုက်တွန်းပြောကြားခဲ့ပါသည်။





ဆွေးနွေးပွဲတွင် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်စမ်းစမ်းထွေးက **"လျှပ်စစ်သုံးမော်တော်ယာဉ် (Electric Vehicle-EV) အကြောင်း လေ့လာခြင်း"** ခေါင်းစဉ်ဖြင့် အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်း ဆွေးနွေးခြင်း၊ ဖြည့်စွက်

ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြပါသည်။

ဆွေးနွေးပွဲသို့ ညွှန်ကြားရေးမှူးချုပ်များနှင့်အရာထမ်း/ အမှုထမ်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန၊ ရုံးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူး ရုံးများမှ Online ဖြင့် တက်ရောက်သူများအပါအဝင် စုစုပေါင်းဝန်ထမ်းအင်အား ၁၀၀ ကျော် တက်ရောက်ကြပါ

## **ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၏ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆွေးနွေးပွဲ အခမ်းအနားကျင်းပခြင်း**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၏ ကုန်ထုတ်လုပ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်လာစေရန်နှင့် နိုင်ငံစီးပွားဖွံ့ဖြိုး တိုးတက်မှုကို အထောက်အကူ ပြုစေရန်အတွက် နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီနှင့် ရင်းနှီး မြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်း၍ "ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၏ ရင်းနှီးမြှုပ်နှံမှုမြှင့် တင်ရေးဆွေးနွေးပွဲ"အခမ်းအနားကို၂၀၂၃ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် နေပြည်တော်ကောင်စီရုံးဝင်းရှိ ဇမ္ဗူသီရိ ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

ဆွေးနွေးပွဲသို့ နေပြည်တော် ကောင်စီအဖွဲ့ဝင်၊ နေပြည်တော်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင်ဦးဖေယျာလင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီ များညွှန်ကြားမှုဦးစီးဌာန၊ညွှန်ကြားရေးမှူးချုပ်ဦးသန့်စင်လွင် ၊နေပြည်တော်အဆင့်ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊မြန်မာ နိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း (UMFCCI) ၊ နေပြည်တော် ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း (NCCI) ၊ နေပြည်တော် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအသင်း (MSME)တို့မှကိုယ်စားလှယ်များ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင် များ၊ ကုမ္ပဏီများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ အပါအဝင် ကိုယ်စားလှယ်စုစုပေါင်း၁၂၀ ဦးခန့်တက်ရောက်ခဲ့ကြပါသည်။

အဆိုပါဆွေးနွေးပွဲတွင်ပြည်ထောင်စုနယ်မြေ၊နေပြည်တော် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်ဆွေဦးက မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှု ဥပဒေအရ ပေးအပ်ထားသည့် ရင်းနှီးမြှုပ်နှံသူ၏ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများ ကိုလည်းကောင်း၊ နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေး မှူး၊ ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်နွယ်က ပြည်ထောင်စု နယ်မြေ၊ နေပြည်တော်၏ ရင်းနှီးမြှုပ်နှံမှု အလားအလာ များကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က Investment & Trade Opportunities in Nay Pyi Taw တို့နှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်း ဆွေးနွေးခဲ့ကြပါသည်။



## (၂၃) ကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီဝန်ကြီးများ အစည်းအဝေး ကြိုတင်ပြင်ဆင်သည့် အဆင့်မြင့်အရာရှိများအစည်းအဝေး ၊ အာဆီယံရင်းနှီးမြှုပ်နှံမှုဖိုရမ် ၊ ၂၀၂၃ ခုနှစ် အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခြင်း

အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့၌ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့မှ ၅ ရက်နေ့အထိ ကျင်းပပြုလုပ်သည့် (၂၃) ကြိမ်မြောက် အာဆီယံစီးပွားရေး အသိုက်အဝန်း ကောင်စီဝန်ကြီးများ အစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်သည့် အဆင့်မြင့်အရာရှိများ အစည်းအဝေး၊ အာဆီယံ ရင်းနှီးမြှုပ်နှံမှု ဖိုရမ်နှင့် ၂၀၂၃ ခုနှစ် အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးတို့သို့ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင် တက်ရောက်လျက်ရှိပါသည်။

အဆိုပါ အစည်းအဝေးများအနက် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့၌ ကျင်းပသည့် (၂၃) ကြိမ်မြောက်အာဆီယံစီးပွားရေး အသိုက်အဝန်းကောင်စီဝန်ကြီးများအစည်းအဝေးအတွက်ကြိုတင်ပြင်ဆင်သည့်အဆင့်မြင့်အရာရှိများအစည်းအဝေးတွင် ဒေသတွင်းစီးပွားရေးဆောင်ရွက်မှုများနှင့်အာဆီယံ၏အနာဂတ်အကျိုးဖြစ်ထွန်းစေမည့် ဆောင်ရွက်ချက်များကိုလည်းကောင်း၊ အာဆီယံ ရင်းနှီးမြှုပ်နှံမှုဖိုရမ်တွင် အာဆီယံ အဖွဲ့ဝင်နိုင်ငံများ အကြား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အပါအဝင် ရေရှည်အကျိုးဖြစ်ထွန်းစေမည့် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ချက်များနှင့် အနာဂတ် ကျန်းမာရေးဆိုင်ရာ အကျပ်အတည်းများတွင် ကြိုတင်ပြင်ဆင်မှုထားရှိမှုများနှင့် စပ်လျဉ်းသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများကိုလည်းကောင်း အသီးသီး ဆွေးနွေးခဲ့ပါသည်။

အဆိုပါ အစည်းအဝေးများသို့ အာဆီယံ စီးပွားရေး အသိုက်အဝန်းအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အာဆီယံ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြပါသည်။ ညွှန်ကြားရေးမှူးချုပ်ဦးသန့်စင်လွင်သည် ကျန်ရှိသည့် အစည်းအဝေးများကို တက်ရောက်လျက်ရှိပါသည်။



# ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်၊ ကော့သောင်းနှင့် မြိတ်ခရိုင်တို့ရှိ လုပ်ငန်းရှင်များအားတွေ့ဆုံ၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီရေးရာကိစ္စရပ်များကို အားပေးခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၇ရက်၊ ၁၉ရက်နေ့နှင့် ၂၁ရက်နေ့များတွင် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်၊ ကော့သောင်းနှင့် မြိတ်ခရိုင်တို့သို့ သွားရောက်၍ ဒေသခံလုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းကာ ထိတွေ့ဝန်ဆောင်မှုများ ပေးအပ်ခဲ့ပါသည်။

ထိုသို့တွေ့ဆုံရာ၌ ညွှန်ကြားရေးမှူးချုပ်က ယခုခရီးစဉ်၏ ရည်ရွယ်ချက်မှာ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မိရိုးဖလာ စီးပွားရေးစနစ်ဖြင့် ဆောင်ရွက်နေကြသည့် အသေးစား၊ အလတ်စားနှင့် အငယ်စား စီးပွားရေးလုပ်ငန်းများအနေဖြင့် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေတို့နှင့်အညီ ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများကို အဆင့်မြှင့်တင်၍ လုပ်ကိုင်ဆောင်ရွက်ခြင်းအားဖြင့် ဥပဒေပါ အကျိုးခံစားခွင့်များကို ရရှိခံစားပြီး လုပ်ငန်းများ ကြီးထွားလာရန် ရည်ရွယ်ပါကြောင်း၊ထိုမှတစ်ဆင့် နိုင်ငံတော်အစိုးရ၏ဦးတည်ချက်နှင့်အညီ ရင်းနှီးမြှုပ်နှံမှုမှတစ်ဆင့် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်ဆောင်ရွက်နိုင်ရန်မျှော်မှန်းပါကြောင်းထည့်သွင်း ပြောကြားခဲ့ပါသည်။

ဆွေးနွေးပွဲများအပြီးတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ တာဝန်ရှိသူများက ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ၊ကုမ္ပဏီရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍လက်တွေ့ဝန်ဆောင်မှုများပေးအပ်ခဲ့ပြီး စီးပွားရေးလုပ်ငန်းများကို အားပေးကူညီကာ လက်ရှိလုပ်ငန်း အခြေအနေများနှင့် ပေါင်းစပ်ညှိနှိုင်းခဲ့ပါသည်။



## (၂၀) ကြိမ်မြောက် တရုတ် - အာဆီယံကုန်စည်ပြပွဲ၊ ယင်း၏ ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာစကားဝိုင်းဆွေးနွေးပွဲနှင့် အခြားဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခြင်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်နင်းမြို့ရှိ နန်နင်း အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းနှင့်ပြပွဲဗဟိုဌာနတွင်၂၀၂၃ခုနှစ်၊ စက်တင်ဘာလ ၁၆ရက်နေ့မှ၁၉ရက်နေ့အထိ ကျင်းပသည့်(၂၀)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့်ဆက်စပ် အစည်းအဝေး များသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနမှညွှန်ကြားရေးမှူးချုပ်ဦးသန့်စင်လွင် တက်ရောက်




ခဲ့ပါသည်။

ညွှန်ကြားရေးမှူးချုပ်သည် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့၊ နံနက်ပိုင်းတွင် (၂၀) ကြိမ်မြောက် တရုတ် - အာဆီယံ ကုန်စည်ပြပွဲ၏ ဆက်စပ်အခမ်းအနားတစ်ခုအဖြစ် ကျင်းပသည့် မန္တလေးတိုင်းဒေသကြီး ကုန်သွယ်မှု၊ ရင်းနှီး မြှုပ်နှံမှုနှင့်ခရီးသွားလာမှုမြှင့်တင်ရေးဖိုရမ်သို့ တက်ရောက် ခဲ့ပါသည်။အဆိုပါဖိုရမ်တွင်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန်ဦးကျော်ဆန်းနှင့်မန္တလေးတိုင်းဒေသကြီး အစိုးရ အဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေးတို့က အဖွင့်အမှာ စကား အသီးသီး ပြောကြားခဲ့ကြပါသည်။ အဆိုပါဖိုရမ်သို့ မြန်မာနိုင်ငံဘက်မှ ဌာနဆိုင်ရာ ကိုယ်စားလှယ်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊တရုတ်ပြည်သူ့ သမ္မတနိုင်ငံဘက် မှ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နိုင်ငံရေးဆိုင်ရာ အတိုင်ပင်ခံညီလာခံ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ စီးပွားရေး လုပ်ငန်းရှင်များ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

အဆိုပါနေ့ညပိုင်း ညွှန်ကြားရေးမှူးချုပ်သည် (၂၀) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ၏ ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စကားဝိုင်း ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပါသည်။ အဆိုပါဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ အစိမ်းရောင် ကာဗွန်လျှော့ချရေးနှင့် ဒီဂျစ်တယ် စီးပွားရေးနှင့်စပ်လျဉ်း၍ တရုတ်ပြည်သူ့သမ္မတ နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု ကို မြှင့်တင်ရန်ဖြစ်ပါသည်။ ယင်းရည်ရွယ်ချက်နှင့် စပ်လျဉ်း ၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုဌာနများမှ အကြီးအကဲများက နိုင်ငံအလိုက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒများ၊ အလားအလာရှိသည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများနှင့် စီးပွားရေးအခွင့်အလမ်းများကို မျှဝေသည့်အစီအစဉ်တွင် ညွှန်ကြားရေးမှူးချုပ်က အစိမ်းရောင် ကာဗွန်လျှော့ချရေး နှင့် ဒီဂျစ်တယ်စီးပွားရေးနှင့်သက်ဆိုင်သည့် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဝါဒများ၊ အလားအလာရှိသည့် ရင်းနှီး မြှုပ်နှံမှုကဏ္ဍများနှင့် စီးပွားရေး အခွင့်အလမ်းများနှင့် စပ်လျဉ်း၍ မိန့်ခွန်းပြောကြားခဲ့ပါသည်။ ထို့နောက် တရုတ် - အာဆီယံလွတ်လပ်သောကုန်သွယ်မှုသဘောတူစာချုပ် ၃.၀ အဆင့်မြှင့်တင်ရာတွင် ရရှိနိုင်မည့် စီးပွားရေး အခွင့်အလမ်း များနှင့် နိုင်ငံခြားတွင် ရင်းနှီးမြှုပ်နှံလျက်ရှိသည့် တရုတ် ပြည်သူ့သမ္မတနိုင်ငံမှ စီးပွားရေး လုပ်ငန်းများ၏ အတွေ့ အကြုံများကိုမျှဝေဆွေးနွေးခဲ့ကြပါသည်။အဆိုပါဆွေးနွေးပွဲ သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အာဆီယံရေးရာဌာနနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှကိုယ်စား လှယ်များနှင့် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံရှိ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဌာနများမှအဆင့်မြင့်အရာရှိကြီးများ၊ တရုတ် နိုင်ငံအခြေစိုက် အာဆီယံနိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အရာထမ်းများနှင့် တရုတ်စီးပွားရေးလုပ်ငန်းရှင်များ စုစု ပေါင်း ၁၀၀ ဦးခန့် တက်ရောက်ခဲ့ကြပါသည်။ ညွှန်ကြား ရေးမှူးချုပ်သည် ညနေပိုင်းတွင် တရုတ် - အာဆီယံ ကုန်စည်ပြပွဲအကြို ဂုဏ်ပြုညစာစားပွဲသို့ အခြားအာဆီယံ နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ တက်ရောက်ခဲ့ပါသည်။

ညွှန်ကြားရေးမှူးချုပ်သည် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့၊ နံနက်ပိုင်းတွင် (၂၀) ကြိမ်မြောက် တရုတ် - အာဆီယံ ကုန်စည်ပြပွဲနှင့် (၂၀) ကြိမ်မြောက် တရုတ် - အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုညီလာခံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး နေ့လယ်ပိုင်းတွင် တရုတ် - အာဆီယံ ကုန်စည်ပြပွဲ၏ ဆက်စပ်အခမ်းအနား ဖြစ်သည့် ဒေသတွင်းစီးပွားရေးတိုးတက်မှုအသစ်အတွက်အဖွဲ့အစည်းဆိုင်ရာလမ်းကြောင်းဖွင့်ဆွေးနွေးပွဲသို့တက်ရောက်ခဲ့ပါသည်။



ညွှန်ကြားရေးမှူးချုပ်သည် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် (၂၀) ကြိမ်မြောက် တရုတ် - အာဆီယံ ကုန်စည်ပြပွဲ၌ မြန်မာနိုင်ငံ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံတို့မှ ခင်းကျင်းပြသထားသည့် ပြခန်းများသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ပါသည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် နေ့လယ်ပိုင်းတွင် Senior Officials' Meeting of the 20th CAEXPO အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး တရုတ်နိုင်ငံဘက်မှ တာဝန်ရှိသူများ၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှကိုယ်စားလှယ်များနှင့်အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပါသည်။

ညွှန်ကြားရေးမှူးချုပ်သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် Guangxi Aige Gongfang Home Furnishing Co., Ltd၊ China-ASEAN Information Harbor Co., Ltd. (CAIH) နှင့် "Night of Nanning" Commercial District တို့သို့ သွားရောက်လေ့လာခဲ့ပါသည်။

**နေပြည်တော်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့၏ ဆန်စပါးကြိတ်ခွဲ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းသို့ ကွင်းဆင်းဝန်ဆောင်မှုပေးခြင်း**

နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦး ဦးဆောင်သော နေပြည်တော်ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကြီးကြပ်ရေးအဖွဲ့သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ နေပြည်တော် ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အတည်ပြုမိန့်ဖြင့် ဆောင်ရွက်နေသည့် ဆန်စပါးကြိတ်ခွဲ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းသို့ ၂၀၂၃ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့တွင် သွားရောက်ကြည့်ရှုကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။



## နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ပေးခြင်း

နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်နှင့် နေပြည်တော် ကောင်စီအဖွဲ့ဝင် နေပြည်တော် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးဇေယျာလင်းတို့သည် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့်အတူ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့တွင် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်၊ နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အတည်ပြုမိန့်တို့ဖြင့် ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီ (၃) ခု၏ ရင်းနှီး မြှုပ်နှံမှုလုပ်ငန်းများသို့ သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။



## နေပြည်တော်ကောင်စီရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၃/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၃/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၃ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့တွင် နေပြည်တော်ကောင်စီရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အစည်းအဝေးသို့ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ ဦးသန်းထွန်းဦး၊ ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသည့် နေပြည်တော် စည်ပင်သာယာရေးကော်မတီနှင့် နေပြည်တော် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် မော်တော်ဆိုင်ကယ် (၃ ဘီး) တပ်ဆင်ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းဆောင်ရွက်ခွင့်ပြုပါရန် အတည်ပြု လျှောက်ထားလွှာ တင်ပြလာခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် လုပ်ငန်းများ အဆင်ပြေ ချောမွေ့စေရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။



## နေပြည်တော်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က တွေ့ဆုံဝန်ဆောင်မှုပေးခြင်း

နေပြည်တော် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် နေပြည်တော် သစ်တောဦးစီးဌာန၊ တာဝန်ရှိသူတို့သည် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့်လုပ်ငန်းဆောင်ရွက်နေသောဘိလပ်မြေထုတ်လုပ် ခြင်းလုပ်ငန်းမှ တာဝန်ရှိသူများနှင့် Video Conferencing စနစ်ဖြင့် တွေ့ဆုံကြသည်။ အဆိုပါ တွေ့ဆုံမှုတွင် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေနှင့် ကုန်ထုတ်လုပ်နိုင်မှုအခြေအနေများကို ဆွေးနွေးမေးမြန်းပြီးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာလည်ပတ်နိုင်ရေး လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးပါသည်။



## ကချင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၃/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

ကချင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၃/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ ကချင်ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ်၊ သီရိပျံချီ ဦးခက်ထိန်နန် ဦးဆောင်၍ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့တွင် ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။ အဆိုပါအစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ ဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီသည် ဖက်စပ်နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုဖြင့် ဆောင်ရွက်မည့် မက္ကဒေးမီးယားနှင့် ပင်မှည့်သီး စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် ရော်ဘာစိုက်ပျိုးထုတ်လုပ် ရောင်းချခြင်း လုပ်ငန်း (၂)ခု တို့ကိုအတည်ပြုသည်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်း ၁၀၆၇ ခု ဖန်တီးပေးနိုင်မည် ဖြစ်သည်။



## ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၃/၂၀၂၃) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း

ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၃/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့တွင် လွိုင်ကော်မြို့၊ ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ ဦးဇော်မျိုးတင်၊ ကော်မတီအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသည့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံသူများက တင်ပြလာသော လုပ်ငန်း(၂)ခု၏ တည်ဆောက်မှုကာလ တိုးမြှင့်ရေးကိစ္စနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းဝန်ဆောင်မှုပေးခဲ့သည့် လုပ်ငန်းများအပေါ် ဆွေးနွေးခဲ့ကြပါသည်။



## ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေး အဖွဲ့က တွေ့ဆုံဝန်ဆောင်မှုပေးခြင်း

ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသော ခဲမဖြူ၊ အဖြိုက်နက်၊ ရှီးလိုက်ရောရာ သတ္တုများ ခွဲခြားသန့်စင်ခြင်း လုပ်ငန်းမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၂၀၂၃ခုနှစ်၊ အောက်တိုဘာ ၆ ရက်နေ့တွင် ကယားပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။



## ကရင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၃/၂၀၂၃) ကြိမ်မြောက်အစည်းအဝေးကျင်းပခြင်း

ကရင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၃/၂၀၂၃) ကြိမ်မြောက်အစည်းအဝေးကို၂၀၂၃ခုနှစ်ဩဂုတ်လ၁၇ရက် နေ့မွန်းလွဲပိုင်းတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီဥက္ကဋ္ဌ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦး၊ ကော်မတီအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ပါသည်။

အဆိုပါ အစည်းအဝေးတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များ၊ တင်ပြဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ အခြေအနေနှင့် Covid-19 Fund မှ ချေးငွေများ ပြန်လည်ပေးဆပ်မှု အခြေအနေစသည်တို့ကို ဆွေးနွေးဆောင်ရွက်ခဲ့ပါသည်။



## ကရင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၃) ကြိမ်မြောက်အစည်းအဝေး

ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၃) ကြိမ်မြောက်အစည်းအဝေးကို ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၂၀ရက်နေ့တွင်ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အစည်းအဝေးသို့ ကရင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ကော်မတီအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပါသည်။




အဆိုပါအစည်းအဝေးတွင် အဆင့်မြင့်ဈေးဝယ်စင်တာ တည်ဆောက်ခြင်း လုပ်ငန်းအတွက် အဆိုပြု တင်ပြလာခြင်းကိစ္စနှင့် အခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးဆောင်ရွက်ခဲ့ပါသည်။

## တနင်္သာရီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၅/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၅/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးအား ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၅ရက်နေ့တွင်တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့တနင်္သာရီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှု ကော်မတီဥက္ကဋ္ဌ၊ တနင်္သာရီတိုင်း ဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးမြတ်ကိုနှင့် ကော်မတီအဖွဲ့ဝင်များ အထူးဖိတ်ကြားထားသော ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးတွင် ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဟိုတယ်နှင့် အပန်းဖြေစခန်း ဝန်ဆောင်မှုလုပ်ငန်းကိုမြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အတည်ပြုမိန့်ထုတ်ပေးနိုင်ရေး သဘောတူ ဆုံးဖြတ်ကြသည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ အတည်ပြုမိန့်ဖြင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်တွင် ရာဘာမှိုင်းခံစက်ရုံနှင့် ထုတ်လုပ်ဖြန့်ဖြူးခြင်း ဆောင်ရွက်နေသည့် လုပ်ငန်းက မူလအတည်ပြုမိန့်ပါ တည်ဆောက်ရေးကာလ တိုးမြှင့်ခွင့်ပြုပါရန်တင်ပြလာခြင်းနှင့်ဟိုတယ်နှင့်ဆက်စပ်သည့်ဝန်ဆောင်မှုလုပ်ငန်းက မူလအတည်ပြုမိန့်ပါ တည်ဆောက်ရေးကာလ ဒုတိယအကြိမ် ထပ်မံတိုးမြှင့်ခွင့်ပြုပါရန် တင်ပြလာခြင်းတို့အပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပြီး ခွင့်ပြုပေးနိုင်ရေး သဘောတူဆုံးဖြတ်ကြသည်။



## မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့၏ ကွန်ကရစ်ကျောက်တိုင် ထုတ်လုပ်ခြင်း လုပ်ငန်းသို့ ကွင်းဆင်းစစ်ဆေးခြင်း

မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က တာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်သည့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် မင်းဘူး (စကု) မြို့နယ်ရှိ ကွန်ကရစ် ကျောက်တိုင် ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းသို့ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့တွင် သွားရောက်စစ်ဆေးပြီး ကုမ္ပဏီမှတာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။



## မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ (၈/၂၀၂၃) ကြိမ်မြောက်အစည်းအဝေးကျင်းပခြင်း

မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ (၈/၂၀၂၃)ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီဥက္ကဋ္ဌ၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းဝန်ဆောင်မှု ပေးခဲ့သည့်လုပ်ငန်းအပေါ် ဆွေးနွေးခြင်းကို ဆောင်ရွက်ခဲ့ကြပါသည်။



## မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့၏ ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်းသို့ ကွင်းဆင်းစစ်ဆေးခြင်း

မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က တာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်သည့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည်မကွေးမြို့ရှိ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းသို့ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့တွင် သွားရောက်စစ်ဆေးပြီးကုမ္ပဏီမှတာဝန်ရှိသူများနှင့်တွေ့ဆုံကာလိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။



## မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၉/၂၀၂၃) ကြိမ်မြောက်အစည်းအဝေး ကျင်းပခြင်း

မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၉/၂၀၂၃) ကြိမ်မြောက်အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် ကော်မတီက စက်မှုကဏ္ဍ၌ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁ ခု ကို အတည်ပြုမိန့်ထုတ်ပေးရန် ဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၏ မတည်ငွေရင်း ပမာဏမှာ မြန်မာကျပ်ငွေ ၅,၉၁၄.၇၈၀ သန်း (အမေရိကန်ဒေါ်လာ ၁.၃၇၉ သန်း အပါအဝင်)ဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်း ပေါင်း ၇၄ နေရာ ဖန်တီးပေးနိုင်မည် ဖြစ်ပါသည်။ ဆက်လက်၍ အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်း ဝန်ဆောင်မှုပေးခဲ့သည့်လုပ်ငန်းအပေါ် ဆွေးနွေးခြင်းကို ဆောင်ရွက်ခဲ့ကြပါသည်။



**မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့၏ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းသို့ ကွင်းဆင်း စစ်ဆေးခြင်း**

မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က တာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်သည့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် မကွေးမြို့ရှိ ဟိုတယ် ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းသို့ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် သွားရောက်စစ်ဆေးပြီး ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။



**မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁၀/၂၀၂၃) ကြိမ်မြောက်အစည်းအဝေးကျင်းပခြင်း**

မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ (၁၀/၂၀၂၃) ကြိမ်မြောက်အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါ သည်။ အစည်းအဝေးသို့ မကွေးတိုင်းဒေသကြီး ရင်းနှီး မြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့်ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါ သည်။ အစည်းအဝေးတွင် စက်မှုကဏ္ဍ၌ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁ ခုက ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက် လိုခြင်းအပေါ် ဆွေးနွေးခြင်းနှင့် မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်း ဝန်ဆောင်မှုပေးခဲ့သည့် လုပ်ငန်းများအပေါ် ဆွေးနွေးခြင်း တို့ကို ဆောင်ရွက်ခဲ့ကြပါသည်။



**မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်မှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းစစ်ဆေးခြင်း**


မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ တာဝန်ရှိသူများပါဝင်သော ကွင်းဆင်း စစ်ဆေးရေးအဖွဲ့သည် မန္တလေးတိုင်းဒေသကြီးအတွင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်း ၁ ခုအား ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့တွင် သွားရောက်ကွင်းဆင်းစစ်ဆေး ခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး ခဲ့ပါသည်။



**မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်မှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့မှ ကွင်းဆင်းစစ်ဆေးခြင်း**

မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ တာဝန်ရှိသူများပါဝင်သော ကွင်းဆင်း စစ်ဆေးရေးအဖွဲ့သည် မန္တလေးတိုင်းဒေသကြီးအတွင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်း ၃ ခုအား ၂၀၂၃ ခုနှစ်၊

အောက်တိုဘာလ ၁၉ ရက်နေ့တွင် သွားရောက်ကွင်းဆင်း စစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။



**ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေး အဖွဲ့၏ ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်းသို့ ကွင်းဆင်းစစ်ဆေးခြင်း**

ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေးအဖွဲ့သည် ရခိုင်ပြည်နယ်၊မြောက်ဦးမြို့နယ်တွင် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းတစ်ခုကို ၂၀၂၃ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့တွင် သွားရောက် ကွင်းဆင်းစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။



**ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏(၂/၂၀၂၃) ကြိမ်မြောက်အစည်းအဝေးကျင်းပခြင်း**

ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၂/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြပါသည်။



ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက အဖွင့်အမှာစကား ပြောကြားရာတွင် ယခုအစည်းအဝေး၌ ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီကို အတည်ပြုမိန့် လျှောက်ထား တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ်များနှင့် တည်ရှိပြီးဖြစ်သော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၏ တင်ပြချက်များကို စိစစ်ခွင့်ပြုပေးသွားဖို့ ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအသစ်များကို ဖိတ်ခေါ်ရန်လိုအပ်သကဲ့သို့ တည်ရှိပြီးဖြစ်တဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အဆင်ပြေ ချောမွေ့စွာ ဆောင်ရွက်နိုင်စေဖို့အတွက်လည်း အားပေးကူညီကြရမှာ ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံပြီးဆောင်ရွက်သော ကုန်ထုတ်လုပ်မှု လုပ်ငန်းများကို ယခုထက်မက တိုးတက်အောင်မြင်စေရန် ဆောင်ရွက်ပေးကြဖို့ကိုလည်း နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှာကြားထားပါကြောင်း၊ ရခိုင်ပြည်နယ်မှ ထွက်ရှိသောရာသီကုန်ကြမ်းများ၊ တိရစ္ဆာန်သားရေများကို အသုံးပြုပြီး သွင်းကုန်အစားထိုးလုပ်ငန်းများဖြစ်သည့် ရော်ဘာဆိုးများ၊ လက်အိတ်များ၊ တာယာများအစရှိသောထုတ်ကုန်များအထိ ထုတ်လုပ်နိုင်စေရန် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို ဖိတ်ခေါ်ဆောင်ရွက်ရန်လည်း နိုင်ငံတော်အကြီးအကဲရဲ့ ခရီးစဉ်များတွင် လမ်းညွှန်မှာကြားထားပါကြောင်း၊ ရခိုင်ပြည်နယ် အပေါ်တွင် စိတ်ပါဝင်စားကြသော ပြည်တွင်း၊ ပြည်ပရင်းနှီး မြှုပ်နှံမှုလုပ်ငန်း များလည်းရှိနေပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ ဆိပ်ကမ်းစီမံကိန်းများမှာလည်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအတွက် အရေးကြီးပါကြောင်း၊ စစ်တွေ ဘက်စုံဖွံ့ဖြိုးရေးဆိပ်ကမ်းကိုလည်း ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်လို့ ပြည်တွင်းပြည်ပသင်္ဘောများ အလွယ်တကူ ဆိုက်ကပ်နိုင်မှာဖြစ်ပါကြောင်း၊ ယခင်က နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းကိုသာ ဆောင်ရွက်နိုင်ခဲ့ရာက အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ အပါအဝင် အခြားသော နိုင်ငံများနှင့်လည်း ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းများ ဆောင်ရွက်နိုင်တော့မည်ဖြစ်ပါကြောင်း၊ ကုန်စည် ကူးသန်းရောင်းဝယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှာ အပြန်အလှန် မှီခိုနေကြပါကြောင်း၊ အဓိကအားဖြင့် ရခိုင်ပြည်နယ်ကို ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကောင်းအဖြစ် လက်ခံလာစေရန် ဆွဲ

ဆောင်စည်းရုံးရမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဌာနများကလည်း ဒေသဖွံ့ဖြိုးရေးကို အမြင်ကျယ်ကျယ်နှင့် ဝိုင်းဝန်း ဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားခဲ့ပါသည်။



အစည်းအဝေးတွင် ဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၁ ခု၏ တည်ဆောက်ရေးကာလ သက်တမ်းတိုးမြှင့်ခြင်း အပါအဝင် စက်မှုကဏ္ဍမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသစ် ၁ ခု၊ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသစ် ၁ ခု တို့ကို ခွင့်ပြုပေးခဲ့ပါသည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၀.၅၀ သန်းနှင့် ကျပ်သန်း ၁၀၀၀.၀၀ ဖြစ်ပြီး ပြည်တွင်း အလုပ်အကိုင်အခွင့်အလမ်း ပေါင်း ၂၄၀ ကျော်ကို ဖန်တီးပေးနိုင်မည် ဖြစ်ပါသည်။

**ရခိုင်ပြည်နယ်စီးပွားရေးဖိုရမ် ၂၀၂၃ ကျင်းပခြင်း**

ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏စီစဉ်မှုဖြင့် ပြည်နယ်အတွင်း ဒေသခံ စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်များ ပေါ်ထွက်လာစေရေးနှင့် ရခိုင်ပြည်နယ်၏ အနာဂတ် စီးပွားရေးဖွံ့ဖြိုးတိုးတက် စေရေးတို့အတွက် ရည်ရွယ်၍ ရခိုင်ပြည်နယ်စီးပွားရေးဖိုရမ် (Rakhine Economic Forum 2023 ) ကို ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၂ ရက်နေ့တွင် စစ်တွေမြို့၊ ခိုင်သဇင်ခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အခမ်းအနားကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်ဝန်ကြီးများနှင့် စီးပွားရေး လုပ်ငန်းရှင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပါသည်။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ကအဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အခမ်းအနားသည် ရခိုင်ပြည်နယ်အတွင်းမှာရှိသည့် လူငယ်၊ လူရွယ်များ စီးပွားရေး ကဏ္ဍတွင် အောင်မြင်စေရေး၊ ရခိုင်ပြည်နယ်မှ နိုင်ငံကိုယ်စားပြု စီးပွားရေးလုပ်ငန်းရှင်များ ပေါ်ထွန်းလာစေရေး၊ စွန့်ဦးတီထွင်သူများ ပေါ်ထွန်းလာစေရေး ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ လူငယ်များသည် အနာဂတ်စီးပွားရေးကို မည်ကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်မည်၊ မိမိပတ်ဝန်းကျင်နှင့် မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးကို မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်မည် စသည်တို့ကို ရည်မှန်းချက် ထားရှိရမည်ဖြစ်ကြောင်း၊ ကုန်သွယ်ကူးသန်းရောင်းဝယ်သည့်အခါ ကုန်ကြမ်းအတိုင်း ရောင်းချခြင်းထက် ကုန်ချောအဖြစ်ပြုလုပ်ပြီး Value Added အဖြစ်ကုန်ထုတ်လုပ်တင်ပို့ရောင်းချခြင်းသည် မိမိဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေပြီး တန်ဖိုးမြင့်ထုတ်ကုန်ဖြစ်၍ ဈေးပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်း ဆောင်ရွက်မည့် လူငယ်များအနေဖြင့် ထိုကိစ္စများကို သိရှိနားလည်ပြီး တီထွင်ဖန်တီးထုတ်လုပ်နိုင်ရေး MSME လုပ်ငန်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်၏ အနာဂတ်စီးပွားရေးကို လေ့လာပါက စိုက်ပျိုးထုတ်လုပ်နိုင်သည့် လယ်ယာမြေကေများရှိခြင်း၊ ငါးပုစွန်မွေးမြူနိုင်သည့် ရေသယံဇာတများရှိခြင်း၊ ပင်လယ်ငါးဖမ်း လုပ်ငန်းများဆောင်ရွက်နိုင်ခြင်းစသည့် အခွင့်အလမ်းများရှိပြီး လူငယ်တို့၏ ကြိုးစားဆောင်ရွက်လို စိတ်ဖြင့် ယခုထက်သာ လွန်ကောင်းမွန်သော စီးပွားရေးလုပ်ငန်းများ တိုးတက်လာစေရန် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။



ဆက်လက်၍ လူငယ်စီးပွားရေး လုပ်ငန်းရှင် ဦးထွန်းထွန်းနိုင် (President, We Love Rakhine, Chairman & Group of CEO Blue Ocean Investment Co., Ltd)၊ စီးပွားရေးပညာရှင် ဦးတင်ဇံကျော် (Chairman,

Device Business University-DBU) နှင့် အိုင်တီပညာရှင် ဒေါ်ပန်းအိဖြူ (Chief Operating Officer, Myanmar Payment Solutions Services Co., Ltd) တို့က



ဆွေးနွေးဟောပြောခဲ့ကြပါသည်။

ဆက်လက်၍ စကားဝိုင်းဆွေးနွေးပွဲများကိုကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန၊ ရခိုင်ပြည်နယ်ဦးစီးမှူးရုံးမှ ဦးထင်လင်းအောင် (ဒုဦးစီးမှူး) က "စွန့်ဦးတီထွင်လုပ်ငန်းရှင်"ခေါင်းစဉ်တွင်ပါဝင်ဆွေးနွေးသူ(Panelist)အဖြစ်လည်းကောင်း၊ဒေါ်ခိုင်ခိုင်ဝင်းသန်း (ဒုဦးစီးမှူး)က "လူငယ်နှင့် အနာဂတ် စီးပွားရေးလမ်းကြောင်း" ခေါင်းစဉ်တွင် ပါဝင်ဆွေးနွေးသူ (Panelist) အဖြစ်လည်းကောင်း၊ ဒေါက်တာထူးမင်းသိမ်း (ညွှန်ကြားရေးမှူး)က "ရခိုင်ပြည်နယ်၏ စီးပွားရေး အနာဂတ်" ခေါင်းစဉ်တွင် ဦးဆောင်ဆွေးနွေးသူ (Moderator) အဖြစ်လည်းကောင်း အသီးသီး ပါဝင်ဆောင်ရွက်ခဲ့ကြပါသည်။

### ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့၏ ငါး၊ ပုစွန် ပြုပြင်ထုတ်လုပ်ခြင်း လုပ်ငန်းသို့ ကွင်းဆင်းဝန်ဆောင်မှုပေးခြင်း

ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များပါဝင်သော ကွင်းဆင်းစစ်ဆေးရေး အဖွဲ့သည် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ပေလီမြို့၊ လင်းသာရပ်ကွက်၊ ကွင်းအမှတ် (၂၀၅-က)၊ ငှက်ပျောချောင်းမြေလွတ်ကွင်း၊ ဦးပိုင်အမှတ် (၂၅/ဃ)၊ ၂၆/ခ) တွင် ရခိုင်နှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် ၂၅ တန်ကျ ရေခဲစက်နှင့် တန် ၁၀၀ ဆန့် အအေးခန်းတည်ဆောက်၍ ငါး၊ ပုစွန်ပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်

သော Lin Aung Industrial & Production Co., Ltd သို့ ကွင်းဆင်း သွားရောက်ခဲ့ကြပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။



### ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်း လုပ်ငန်းသို့ ကွင်းဆင်းကြည့်ရှုအားပေးခြင်း

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် သန်လျင်-ကျောက်တန်းမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့ရှိCMPစနစ်ဖြင့် အိတ်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း၊ CMPစနစ်ဖြင့် အဝတ်အထည် အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသော စက်ရုံများသို့ ၂၀၂၃ ခုနှစ် ဩဂုတ်လ ၂၂ ရက်နေ့တွင် သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ မီးဘေး အန္တရာယ်ကာကွယ်ရေးနှင့် မီးအာမခံထားရှိမှု အခြေအနေများ၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် စပ်လျဉ်း၍လိုအပ်သည်များကိုပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။



### ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ စက်ရုံများသို့ ကွင်းဆင်းကြည့်ရှုအားပေးခြင်း

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေး အဖွဲ့သည် လှိုင်သာယာမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့ရှိ UPVC တံခါးကျည်းဘောင် ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ CMPစနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်းတို့ ဆောင်ရွက်

လျက်ရှိသော စက်ရုံများသို့ ၂၀၂၃ ခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့တွင် သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ မီးဘေးအန္တရာယ် ကာကွယ်ရေးနှင့် မီးအာမခံထားရှိမှုအခြေအနေများ၊ တွေ့ကြုံရသည့် အခက် အခဲများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။



**ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၈/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း**

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၈/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၃ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင် ရန်ကုန်မြို့၊ ရန်ကုန်တိုင်း ဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဝန်ကြီးချုပ်ဦးစိုးသိန်းနှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင်ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှု ကော်မတီသည်စက်မှုကဏ္ဍတွင်ရာခိုင်နှုန်းပြည့်မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း(၁)ခုနှင့် ရာခိုင်နှုန်းပြည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၁၁)ခုကို အတည်ပြုပေးခဲ့ပါသည်။ အတည်ပြုပေးခဲ့သည့် လုပ်ငန်းများမှာ CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်း လုပ်ငန်း၊ CMP စနစ်ဖြင့် wearing apparel အမျိုးမျိုး ချုပ်လုပ်ခြင်း လုပ်ငန်း၊ CMP စနစ်ဖြင့် down and feather အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် ဖိနပ်အမျိုးမျိုး ချုပ်လုပ်ခြင်း လုပ်ငန်းတို့ ဖြစ်ပါသည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်း ပမာဏမှာကျပ် ၂,၀၅၄.၃၂၅ သန်းနှင့် အမေရိကန်ဒေါ်လာ ၁၄.၇၇၅သန်းဖြစ်ပြီးပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ၉,၂၁၆ ဦးအတွက် ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။

ထို့အပြင် အစည်းအဝေးတွင် မတည်ငွေရင်း ပမာဏတိုးမြှင့် မည့်လုပ်ငန်း ၁ ခုအပါအဝင် အထွေထွေကိစ္စရပ်များ တင်ပြလာသည့်ကုမ္ပဏီ ၁၅ ခု၏ တင်ပြချက်များကိုလည်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်။



**ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ် ရေးအဖွဲ့၏ အိတ်အမျိုးမျိုးချုပ်လုပ်ခြင်လုပ်ငန်း သို့ကွင်းဆင်းကြည့်ရှုအားပေးခြင်း**

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် လှည်းကူးမြို့နယ်ရှိ CMPစနစ်ဖြင့်အိတ်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသောစက်ရုံများသို့ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင်သွားရောက်၍လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ မီးဘေးအန္တရာယ် ကာကွယ်ရေးနှင့် မီးအာမခံထားရှိမှုအခြေအနေများ၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။



### ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ စက်ရုံများသို့ ကွင်းဆင်းကြည့်ရှု အားပေးခြင်း

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် မင်္ဂလာဒုံမြို့နယ်ရှိ CMP စနစ် ဖြင့်ခြေအိတ်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း၊မှော်ဘီမြို့နယ် ရှိ သကြားအစားထိုးကုန်နှင့် ကပ်စေးနဲ ထုတ်လုပ်ခြင်း လုပ်ငန်းနှင့် CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသော စက်ရုံများ သို့ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် သွား ရောက်၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ မီး ဘေးအန္တရာယ် ကာကွယ်ရေးနှင့် မီးအာမခံထားရှိမှု အခြေ အနေများ၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါ သည်။



### ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ Virgin Remy Double Drawn Hair & Wigs ကွင်းဆင်းကြည့်ရှုအားပေးခြင်း

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်နှင့် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရှိ CMP စနစ်ဖြင့် Virgin Remy Double Drawn Hair & Wigs ထုတ်လုပ်ခြင်း လုပ်ငန်း၊ ငံပြာရည်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်း၊ အိမ်သုံးနှင့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းတို့ ဆောင်ရွက်လျက် ရှိသော စက်ရုံများသို့ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက် နေ့တွင် သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေ အနေများ၊ မီးဘေးအန္တရာယ် ကာကွယ်ရေးနှင့် မီးအာမခံ ထားရှိမှု အခြေအနေများ၊ တွေ့ကြုံရသည့် အခက်အခဲ များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။



### ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်းသို့ ကွင်းဆင်းကြည့်ရှုအားပေးခြင်း

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် ရွှေပြည်သာမြို့နယ်ရှိ CMP စနစ် ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသောစက်ရုံများနှင့် ထန်းတပင်မြို့နယ် ရှိ ဂျပ်ဖာထုတ်လုပ်၍ ၁၀၀% ပြည်တွင်း ရောင်းချခြင်း လုပ်ငန်းဆောင်ရွက်မည့် စက်ရုံသို့ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့တွင် သွားရောက်၍ လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများ၊ မီးဘေးအန္တရာယ် ကာကွယ်ရေးနှင့် မီးအာမခံထားရှိမှု အခြေအနေများ၊ တွေ့ကြုံရသည့်အခက်အခဲများနှင့်စပ်လျဉ်း၍လိုအပ်သည် များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။



### ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၉/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၉/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့တွင် ရန်ကုန်မြို့၊ ရန်ကုန်တိုင်း ဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ ကျင်းပပြုလုပ်ခဲ့ပါ သည်။

အဆိုပါအစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီး မြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရ

အဖွဲ့၊ ဝန်ကြီးချုပ်ဦးစိုးသိန်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထား သူများ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင်ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှု ကော်မတီသည် စက်မှုကဏ္ဍတွင် ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂ ခုကို အတည်ပြုပေးခဲ့ပါသည်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၏ မတည်ငွေရင်း ပမာဏမှာ အမေရိကန် ဒေါ်လာ ၀.၆၁၉ သန်းဖြစ်ပြီး ပြည်တွင်း အလုပ်အကိုင်အခွင့်အလမ်း ၄၆၁နေရာ ဖန်တီးပေးနိုင်မည် ဖြစ်ပါသည်။

ထို့အပြင် အစည်းအဝေးတွင် မတည်ငွေရင်းပမာဏ တိုးမြှင့်မည့် လုပ်ငန်း ၁ ခု အပါအဝင် အထွေထွေကိစ္စရပ်များ တင်ပြလာသည့် ကုမ္ပဏီ ၁၃ ခု၏ တင်ပြချက်များကိုလည်း ဆွေးနွေး ဆုံးဖြတ်ခဲ့ကြပါသည်။



**ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ လျှပ်စစ်ဝါယာကြိုး အမျိုးအမျိုး ထုတ်လုပ်ခြင်းလုပ်ငန်းသို့ ကွင်းဆင်းစစ်ဆေးခြင်း**

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်ရှိ CMP စနစ်ဖြင့် လျှပ်စစ်ဝါယာကြိုး အမျိုးမျိုးထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်လျက်ရှိသော စက်ရုံသို့ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့တွင် သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ မီးဘေးအန္တရာယ် ကာကွယ်ရေးနှင့် မီးအာမခံထားရှိ မှုအခြေအနေများ၊ တွေ့ကြုံရသည့် အခက်အခဲများနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။



**ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ အဝတ်အထည်အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်းသို့ ကွင်းဆင်းကြည့်ရှုအားပေးခြင်း**

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည်လှိုင်သာယာမြို့နယ်နှင့်ရွှေပြည်သာ မြို့နယ်တို့ရှိ CMP စနစ်ဖြင့် အဝတ်အထည် အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသော စက်ရုံများ သို့ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့တွင် သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ မီးဘေးအန္တရာယ် ကာကွယ်ရေးနှင့် မီးအာမခံထားရှိမှု အခြေအနေများ၊ တွေ့ကြုံရသည့် အခက်အခဲများနှင့်စပ်လျဉ်း၍လိုအပ်သည်များကိုပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးခဲ့ပါသည်။



**ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၁၀/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း**

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၁၀/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့၌ ကျင်းပပြုလုပ်သည်။ အဆိုပါ အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဝန်ကြီးချုပ်ဦးစိုးသိန်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်သည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသည် စက်မှုကဏ္ဍတွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂ ခုနှင့် ရာခိုင်နှုန်းပြည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၅ ခု ကိုအတည်ပြုပေး သည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းပမာဏမှာ ကျပ် ၄,၅၅၂.၃၂၅ သန်းနှင့် အမေရိကန် ဒေါ်လာ ၆.၂၃၆ သန်း ဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင်

အခွင့်အလမ်း (၅,၅၄၁) ဦးအတွက် ဖန်တီးပေးနိုင်မည် ဖြစ်သည်။

ထို့အပြင် အစည်းအဝေးတွင် ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်း ၄၀၀ ဦး တိုးမြှင့်ဖန်တီးပေးနိုင်မည့် လုပ်ငန်း ၁ ခု အပါအဝင် အထွေထွေ ကိစ္စရပ်များ တင်ပြလာသည့် ကုမ္ပဏီ ၆ ခု၏ တင်ပြချက် များကိုလည်း ဆွေးနွေး ဆုံးဖြတ်ကြသည်။



**ရောဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ဆန်ကြာဆံအမျိုးမျိုးနှင့် ဆန်မှုန့် ကဲ့သို့ ဆန်ထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းသို့ ကွင်းဆင်းစစ်ဆေးခြင်း**

ရောဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ရှိ ရောဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အတည်ပြုမိန့်ဖြင့် ဆန်ကြာဆံ အမျိုးမျိုးနှင့် ဆန်မှုန့်ကဲ့သို့ ဆန်ထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် ပြည်ပသို့ တင်ပို့ရောင်းချခြင်းလုပ်ငန်းသို့ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။ ကြီးကြပ်ရေးအဖွဲ့က စက်ရုံ၏ တည်ဆောက်ရေး ကာလအတွင်း လုပ်ငန်းလည်ပတ်နေမှု အခြေအနေများကို စစ်ဆေးပြီးလိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။



**ရောဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးပြုလုပ်ခြင်း**

ရောဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ ၄/၂၀၂၃ ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့တွင် ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပခဲ့ရာ ရောဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးတင်မောင်ဝင်းနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင်CMPစနစ်ဖြင့် အဝတ်အထည် အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း၊ ဟိုတယ်နှင့် ကလေး ကစားကွင်းလုပ်ငန်း၊ ဆန်စပါး အခြေခံတန်ဖိုးမြှင့်ဆန် ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းတို့၏ တည်ဆောက်ရေး ကာလတိုးမြှင့်ခြင်း၊ ရင်းနှီးမြှုပ်နှံသူအမည်ပြောင်းလဲခြင်း၊ ပင်မအဖွဲ့အစည်း အမည်နှင့် လိပ်စာပြောင်းလဲခြင်းနှင့် လုပ်ငန်းအမျိုးအစား ပြောင်းလဲခြင်းတို့အတွက် တင်ပြလာ မှုများကို အတည်ပြုပေးရန် ဆုံးဖြတ်ခဲ့ကြပါသည်။



**ရောဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ၏ ဆန်၊ ပြောင်း၊ ပဲအမျိုးမျိုး ကြိတ်ခွဲထုတ်လုပ်တင်ပို့ရောင်းချခြင်းလုပ်ငန်းသို့ ကွင်းဆင်းစစ်ဆေးခြင်း**

ရောဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် ရောဝတီတိုင်းဒေသကြီး ပုသိမ် စက်မှုဇုံမံကိန်းရှိ ရောဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ အတည်ပြုမိန့်ဖြင့် ဆန်၊ ပြောင်း၊ ပဲအမျိုးမျိုး ကြိတ်ခွဲထုတ်လုပ်တင်ပို့ ရောင်းချခြင်းလုပ်ငန်းနှင့် နေစွမ်း အင်ကို အသုံးပြု၍ လျှပ်စစ်ဓါတ်အား ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း လုပ်ငန်းတို့သို့ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့တွင် ကွင်းဆင်းစစ်ဆေးခဲ့ ပါသည်။ ကွင်းဆင်းစစ်ဆေးမှုများအတွင်း ကြီးကြပ်ရေး

အဖွဲ့က လုပ်ငန်းလည်ပတ်နေမှု အခြေအနေများကို စစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါ သည်။



**ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့၏ ခဲသတ္တုထုတ်လုပ်သန့်စင်ခြင်း လုပ်ငန်းသို့ ကွင်းဆင်း စစ်ဆေးခြင်း**

ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကြီးကြပ်ရေး အဖွဲ့၏ တာဝန်ရှိသူများ ပါဝင်သော ကွင်းဆင်းစစ်ဆေးရေး အဖွဲ့သည် ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ်၊ ဘော်ဆိုင်းဒေသအတွင်းရှိမြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေဖြင့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ခဲသတ္တု ထုတ်လုပ်သန့်စင်ခြင်း လုပ်ငန်းများကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့တွင် သွားရောက်ကွင်းဆင်း၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



**ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့၏ ပဲကြိတ်ခွဲခြင်းလုပ်ငန်းသို့ ကွင်းဆင်းစစ်ဆေးခြင်း**

ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကြီးကြပ်ရေး အဖွဲ့၏ တာဝန်ရှိသူများပါဝင်သော ကွင်းဆင်းစစ်ဆေးရေး အဖွဲ့သည် ရှမ်းပြည်နယ်တောင်ပိုင်း၊ ရပ်စောက်မြို့နယ် အတွင်းရှိ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေဖြင့် လုပ်ငန်း များ ဆောင်ရွက်လျက်ရှိသော ပဲကြိတ်ခွဲခြင်းလုပ်ငန်း၊ ဟင်းသီးဟင်းရွက်အခြောက်ခံ၊ ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်း၊ သရက်သီးသန့်စင် ထုတ်ပိုး ရောင်းချခြင်းလုပ်ငန်း၊ BOT စနစ်ဖြင့် လမ်းပြုပြင် ဖောက်လုပ်၍ လမ်းတံတား အသုံးပြုခ ကောက်ခံခြင်းလုပ်ငန်းများကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် သွားရောက် ကွင်းဆင်း၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးခဲ့ပါသည်။

လမ်းတံတား အသုံးပြုခ ကောက်ခံခြင်း လုပ်ငန်းများကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် သွားရောက် ကွင်း ဆင်း၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ ပါသည်။



**ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေး အဖွဲ့၏ စက်အုတ်ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းသို့ ကွင်းဆင်းစစ်ဆေးခြင်း**

ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေး အဖွဲ့၏ တာဝန်ရှိသူများပါဝင်သော ကွင်းဆင်းစစ်ဆေးရေး အဖွဲ့သည် ရှမ်းပြည်နယ်တောင်ပိုင်း၊ အေးသာယာမြို့နယ် နှင့် ဟဲဟိုးမြို့နယ် အတွင်းရှိ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ဟိုတယ် ဝန်ဆောင်မှုလုပ်ငန်း၊ စက်အုတ် ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းနှင့် အခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတို့ကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့တွင် သွားရောက် ကွင်း ဆင်း၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး ခဲ့ပါသည်။



**ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၇/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း**

ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏(၇/၂၀၂၃)ကြိမ် မြောက် အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့တွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံး၊ အစည်းအဝေး ခန်းမ၌ကျင်းပပြုလုပ်ခဲ့ပါသည်။အစည်းအဝေးသို့ရှမ်းပြည် နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် အစိုးရ

အဖွဲ့ ဝန်ကြီးချုပ် ဦးအောင်ဇော်အေးနှင့် ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏အတည်ပြုမိန့်ဖြင့်အာလူးမျိုးများသိုလှောင်ဝန်ဆောင်မှုပေးခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းက ဒုတိယအကြိမ် တည်ဆောက်ရေးကာလ တိုးမြှင့်ခွင့်ပြုပါရန် တင်ပြလာခြင်းကို ဆွေးနွေးခဲ့ကြပါသည်။

ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၇ ခု ရင်နှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ (၁၆.၁၆၃) သန်းနှင့် မြန်မာနိုင်ငံသား ရင်းနှီး မြှုပ်နှံမှုလုပ်ငန်း ၁၄ ခု ရင်နှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ ၆.၁၅၈သန်းအပါအဝင် ကျပ်သန်း (၃၂၂၂၀. ၇၄၄) ကို ခွင့်ပြုပေးထားခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများမှ ရှမ်းပြည်နယ်အတွင်း အလုပ်အကိုင်ခွင့်အလမ်း အနေဖြင့် ပြည်တွင်း ၁၃၆၂ ဦးနှင့် ပြည်ပ ၆၈ ဦး ကို ဖန်တီးပေးနိုင်ခဲ့ ပါသည်။



**ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့၏ ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်းများသို့ ကွင်းဆင်းစစ်ဆေးခြင်း**

ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေး အဖွဲ့၏ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ရှမ်းပြည်နယ်တောင်ပိုင်း၊ ညောင်ရွှေမြို့နယ်အတွင်း ရှိ ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်းများသို့ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့တွင် သွားရောက်ကွင်းဆင်း၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။



# FERD သတင်းကဏ္ဍ


## အမေက်အရှေ့အနောက်စီးပွားရေးစကြ်ၤန်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအဖွဲ့၏ ၂၀၂၃ ခုနှစ် အတွက် ပထမအကြိမ် အစည်းအဝေးနှင့် မဲခေါင်-ဂျပန် စီးပွားရေးဆွေးနွေးပွဲကျင်းပခြင်း

အမေက်အရှေ့အနောက်စီးပွားရေးစကြ်ၤန်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့၏ ၂၀၂၃ ခုနှစ်အတွက် ပထမအကြိမ် အစည်းအဝေးနှင့် မဲခေါင်-ဂျပန် စီးပွားရေးဆွေးနွေးပွဲတို့ကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့တွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၌ ကျင်းပပြုလုပ်ခဲ့ရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးဒေါ်နှင်းအေးနု ပါဝင်တက်ရောက်ခဲ့သည်။

ပထမအကြိမ် အစည်းဝေးတွင် မဲခေါင်စက်မှု ဖွံ့ဖြိုးတိုးတက်ရေးမျှော်မှန်းချက် (Mekong Industrial Development Vision-MIDV 2.0) လုပ်ငန်းအစီအစဉ်၏ လက်ရှိ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများ နှင့် ၂၀၂၄ ခုနှစ် လုပ်ငန်းစီမံချက်တွင် ပူးပေါင်းဆောင်ရွက်ရန် ထည့်သွင်းမည့် စီမံကိန်းများအပေါ် ဂျပန်နိုင်ငံဘက်မှ တင်ပြခဲ့ပြီးမဲခေါင်အဖွဲ့ဝင်နိုင်ငံများဖြစ်သည့်ကမ္ဘောဒီးယား ၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ် တို့အကြား အမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့ကြသည်။

မဲခေါင်-ဂျပန် စီးပွားရေးဆွေးနွေးပွဲတွင် မဲခေါင်အဖွဲ့ဝင် နိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ရှိ Speaker တစ်ဦးစီမှ နိုင်ငံအသီးသီး၏ စီးပွားရေးဝန်းကျင်နှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ အကြောင်းကို ၈ မိနစ်ခန့်စီ တင်ပြခဲ့ကြသည်။ မြန်မာ နိုင်ငံအနေဖြင့် ညွှန်ကြားရေးမှူး ဒေါ်နှင်းအေးနုက မြန်မာ နိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများခေါင်းစဉ်ဖြင့်တင်ပြ ခဲ့သည်။ အဆိုပါ ဆွေးနွေးမှုများတွင် မဲခေါင်နိုင်ငံများတွင် Startup လုပ်ငန်းရှင်များအနေဖြင့် ကြုံတွေ့ခဲ့ရသော အခက်အခဲများကိုဆွေးနွေးခဲ့ကြပြီးအစိုးရမှပံ့ပိုးကူညီမှုများ ပေးရန်လိုလားမှုများကိုဆွေးနွေးတင်ပြခဲ့ကြသည်။ မဲခေါင် နိုင်ငံအသီးသီးတွင် ခေတ်နှင့်အညီ ဖွံ့ဖြိုးရန် လိုအပ်နေ သည့် ဒီဂျစ်တယ်ငွေပေးချေမှုများ၊ ပုဂ္ဂလိက လုပ်ငန်းရှင် များက လုပ်ငန်းများ၏ ကနဦး အခြေအနေတွင် ရှန်းကန် ကျော်ဖြတ်ခဲ့ရသည့် အတွေ့အကြုံများကို ဆွေးနွေးဖလှယ် ခဲ့ကြသည်။

အမေက်အရှေ့အနောက်စီးပွားရေးစကြ်ၤန်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအဖွဲ့၏ ၂၀၂၃ ခုနှစ်အတွက် ပထမအကြိမ် အစည်းအဝေးနှင့် မဲခေါင်-ဂျပန် စီးပွားရေးဆွေးနွေးပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနနှင့်လမ်း ဦး စီးဌာနတို့မှ ကိုယ်စားလှယ် ၁ ဦးစီပါဝင် တက်ရောက် ခဲ့သည်။



## အာဆီယံကုန်စည်ကုန်သွယ်ရေးသဘောတူစာချုပ်အဆင့်မြှင့်တင်ခြင်းဆိုင်ရာညှိနှိုင်းအစည်းအဝေး ကျင်းပခြင်း

အာဆီယံ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် အဆင့်မြှင့်တင်ခြင်းနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်စောကလျာစု က ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးသို့ ဘာသာရပ်ဆိုင်ရာဌာန ၁၁ ခုမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့မှ ၆ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့၌ ကျင်းပခဲ့သည့် (၆) ကြိမ်မြောက် အာဆီယံကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် အဆင့်မြှင့်တင်ခြင်းဆိုင်ရာ ကုန်သွယ်မှုညှိနှိုင်းရေး ကော်မတီအစည်းအဝေး၏ ဆုံးဖြတ်ချက်အရ ဆက်လက် ဆောင်ရွက်ရန်များကို ဘာသာရပ်ဆိုင်ရာဌာနများကိုအသိပေးရန်အတွက် ကျင်းပခဲ့ခြင်းဖြစ်ပါသည်။

## အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ် (၃.၀) အဆင့်မြှင့်တင်ခြင်းဆိုင်ရာ အထူးပူးတွဲကော်မတီ၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း

အင်ဒိုနီးရှားနိုင်ငံ၊ ဘန်ဒေါင်းမြို့၌ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့မှ ၂၉ ရက်နေ့အထိ ကျင်းပသည့် အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ် (၃.၀)အဆင့်မြှင့်တင်ခြင်းဆိုင်ရာ အထူးပူးတွဲကော်မတီ၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (The Fourth Round of the ASEAN-China FTA 3.0 Upgrade Negotiations) သို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးဒေါ်အိအိခိုင် ပါဝင်တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးနှင့် အာဆီယံ-တရုတ် စီးပွားရေးဝန်ကြီးများ အစည်းအဝေးများမှ ထွက်ပေါ်လာသည့် လုပ်ငန်းစဉ်များ၊ အာဆီယံနိုင်ငံများနှင့် တရုတ်နိုင်ငံတို့အကြား ညှိနှိုင်းလျက်ရှိသည့် အာဆီယံ - တရုတ် လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ် ၃.၀ အဆင့်မြှင့်တင်ခြင်းဆိုင်ရာ ဘာသာရပ်အလိုက် ညှိနှိုင်းမှုများကို ဆောင်ရွက်ခဲ့ပါသည်။






## တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ယူစီမြို့၌ (၂၁) ကြိမ်မြောက် အရှေ့အာရှဖိုရမ်ကျင်းပခြင်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ယူစီမြို့တွင်၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့မှ ၃၀ ရက်နေ့အထိ ကျင်းပခဲ့သည့် (၂၁) ကြိမ်မြောက် အရှေ့အာရှဖိုရမ်သို့ နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးဒေါ်နှင်းအေးနုပါဝင်တက်ရောက်ခဲ့သည်။

အဆိုပါဖိုရမ်သည် အရှေ့အာရှ အဖွဲ့ဝင်နိုင်ငံများ အကြားတွင် ဖွံ့ဖြိုးမှုအတွက် အခွင့်အလမ်းအသစ်များ ဖန်တီးရန်နှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေး မြှင့်တင်ရန် ရည်ရွယ်၍ ကျင်းပခြင်း ဖြစ်ပါသည်။

ဖိုရမ်ကို အပိုင်း ၃ ခုဖြင့် ကျင်းပခဲ့ရာ အပိုင်း ၂ တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ University of International Business and Economics မှ Professor ဖြစ်သူ Ms. Wei Ling က Moderator အဖြစ် ဆောင်ရွက်၍ Promoting the Regional Economic Integration (RCEP) ခေါင်းစဉ်ဖြင့် ပြုလုပ်ခဲ့ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုနှင့်စီးပွားရေးရာဌာနမှ ဌာနအကြီးအကဲဖြစ်သူ Wang Chunyang၊ မြန်မာနိုင်ငံအနေဖြင့် ညွှန်ကြားရေးမှူးဒေါ်နှင်းအေးနု၊ စင်ကာပူနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Karen Ong နှင့် ဟောင်ကောင်(တရုတ်) ၏ City University မှ Professor ဖြစ်သူ Wang Jiangyu တို့က Keynote Speaker များ အဖြစ်ဆောင်ရွက်၍ ဆွေးနွေးပြောကြားခဲ့ကြသည်။

အဆိုပါ အပိုင်း ၂ တွင် ညွှန်ကြားရေးမှူးက မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်အား အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများနှင့် မြန်မာနိုင်ငံအနေဖြင့် အခြားအဖွဲ့ဝင် နိုင်ငံများနှင့်အတူ စာချုပ်ပါအခန်းများကို ကတိကဝတ်များအတိုင်း လိုက်ပါ အကောင် အထည်ဖော် ဆောင်ရွက်နေကြောင်း ပါဝင် ဆွေးနွေးခဲ့သည်။

ဖိုရမ်သို့ အာဆီယံအဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံနှင့် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှတာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့သည်။



## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် နှင့် ရန်ကုန်မြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးသံမှူး ဦးဆောင်သည့် ကိုယ်စားလှယ် အဖွဲ့တွေ့ဆုံဆွေးနွေးခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာလာမျိုးညွန့် နှင့် ရန်ကုန်မြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၊ စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေးသံမှူး Mr. Ouyang Daobing တို့အကြား မြန်မာ-တရုတ် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ Bilateral Consultation Meeting ကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့တွင် ဤဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ (၃) ၌ပြုလုပ်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် တရုတ်နိုင်ငံ၏ အကူအညီဖြင့် ဆောင်ရွက်ဆဲစီမံကိန်းများ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေ၊ တရုတ်နိုင်ငံမှ ပေးအပ်သည့် အတိုးနှုန်းသက်သာသည့် ချေးငွေနှင့်စပ်လျဉ်း၍ မိတ်ဆက်တင်ပြခြင်းနှင့် တရုတ်နိုင်ငံ၏ အကူအညီဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ဆဲစီမံကိန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပါသည်။



## ပဉ္စမအကြိမ်မြောက် အာဆီယံ-ကနေဒါ လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ် ကုန်သွယ်မှုညှိနှိုင်းရေး ကော်မတီအစည်းအဝေး ကျင်းပခြင်း

ပဉ္စမအကြိမ်မြောက် အာဆီယံ- ကနေဒါလွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ် ကုန်သွယ်မှုညှိနှိုင်းရေး ကော်မတီအစည်းအဝေးနှင့် အကြိုညှိနှိုင်း အစည်းအဝေးတို့ကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့မှ ၂၉ ရက်နေ့အထိ Hybrid စနစ်ဖြင့်ကျင်းပခဲ့ရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြား စီးပွားဆက်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဗီဒီယိုကွန်ဖရင့် စနစ်ဖြင့် တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံ၊ ကုန်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံတကာ ကုန်သွယ်မှုညှိနှိုင်းရေးဌာန၊ ညွှန်ကြားရေးမှူးချုပ် Mr. Djatmiko Bris Witjaksono နှင့် ကနေဒါနိုင်ငံ Global Affairs မှ ကုန်သွယ်မှုညှိနှိုင်းရေးဌာန၊ ညွှန်ကြားရေးမှူးချုပ် Mr. Jay Allen တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ကြပြီး ကနေဒါနိုင်ငံနှင့် အာဆီယံနိုင်ငံများမှ ကုန်သွယ်မှုညှိနှိုင်းရေး ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး မှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပါသည်။



အစည်းအဝေးတွင် (၁၂) ကြိမ်မြောက် အာဆီယံ - ကနေဒါစီးပွားရေးဝန်ကြီးများ အစည်းအဝေး၏ ရလဒ်များ၊ အာဆီယံ-ကနေဒါ လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ်တွင် ထည့်သွင်းရန်အဆိုပြုထားသော အလုပ်သမားရေးရာ၊ သဘာဝပတ်ဝန်းကျင်ရေးရာနှင့် အားလုံးပါဝင်သော ကုန်သွယ်မှုဆိုင်ရာ ကိစ္စရပ်များအတွက် ရှေ့လုပ်

## ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဗဟိုဌာနကွန်ရက် (Global Development Promotion Center Network) ၏ ဒုတိယအကြိမ် ညွှန်ကြားရေးမှူးချုပ်အဆင့် စကားဝိုင်းဆွေးနွေးပွဲ ကျင်းပခြင်း

Global Development Promotion Center Network ၏ ဒုတိယအကြိမ် ညွှန်ကြားရေးမှူးချုပ်အဆင့် စကားဝိုင်းဆွေးနွေးပွဲကို တရုတ်နိုင်ငံ၊ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (China International Development Cooperation Agency-CIDCA) ကဦးဆောင်၍ ၂၀၂၃ခုနှစ်၊စက်တင်ဘာလ၁၃ရက်နေ့တွင် Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲသို့ ကမ္ဘာ့နိုင်ငံပေါင်း၃၀ကျော်မှ ဌာနဆိုင်ရာညွှန်ကြားရေးမှူးချုပ်များ၊ကုလသမဂ္ဂအဖွဲ့အစည်းများမှကိုယ်စားလှယ်များ၊ လေ့လာသူများ အပါအဝင် စုစုပေါင်း ကိုယ်စားလှယ်ဦးရေ ၅၀ ကျော် တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံဘက်မှ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ဒေါက်တာမာလာမျိုးညွန့်နှင့်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်တို့ ပါဝင်တက်ရောက်ခဲ့ကြပါသည်။



ဆွေးနွေးပွဲတွင် Global Development Promotion Center ၏ တာဝန်ရှိသူတစ်ဦးက Global Development Project Pool အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် ရေးဆွဲသည့် Global Development Project Pool Guidelines (မူကြမ်း)နှင့် Global Development Project Pool Financing Guidelines (မူကြမ်း) တို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ GDPC Network အနေဖြင့် ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ ကိုလည်းကောင်း ဆွေးနွေးခဲ့ကြပါသည်။

## (၂၃) ကြိမ်မြောက် တရုတ်အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်စည်ပြပွဲသို့ တက်ရောက်ခြင်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရှမန်မြို့တွင် ၂၀၂၃ခုနှစ်၊ စက်တင်ဘာလ၈ရက်နေ့မှ၁၁ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သော (၂၃) ကြိမ်မြောက် တရုတ်အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်စည်ပြပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာလာမျိုးညွန့်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်ဦး နှင့် ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းတောက်အောင်၊ မြန်မာစီးပွားရေး ကော်ပိုရေးရှင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များ နှင့် စက်မှု ၊ လက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့မှ ကိုယ်စားလှယ်များအပါအဝင် စုစုပေါင်း ကိုယ်စားလှယ် ၇ ဦးပါဝင်တက်ရောက်ခဲ့ပါသည်။

အဆိုပါပြပွဲသို့ တက်ရောက်စဉ် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများကို မျှဝေနိုင်ခဲ့ပြီး ကုန်သွယ်မှုဆိုင်ရာချိတ်ဆက်မှုများ ဆောင်ရွက်နိုင်ခဲ့ပါသည်။



ငန်းစဉ်များ၊ ကနေဒါနိုင်ငံမှ အဆိုပြုလာသည့် ကောင်းမွန်သောစီမံမှု လုပ်ထုံးလုပ်နည်း ကျင့်သုံးရေးပြဋ္ဌာန်းချက်နှင့် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ ပြဋ္ဌာန်းချက်တို့နှင့် စပ်လျဉ်းသည့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအပေါ် အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ပါသည်။ ထို့အပြင် ကုန်သွယ်မှုညှိနှိုင်းရေး ကော်မတီအောက်ရှိ လုပ်ငန်းအဖွဲ့/အဖွဲ့ခွဲများ၏တင်ပြသည့်ကိစ္စရပ်များအပေါ် ဆွေးနွေးလမ်းညွှန်မှု ဆောင်ရွက်ခဲ့ကြပါသည်။

**အာဆီယံပေါင်းစပ်ဆက်သွယ်မှုမဟာစီမံကိန်း၂၀၂၅ ဒုတိယအကြိမ်အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း**

၂၀၂၃ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့တွင် ကျင်းပခဲ့သော အာဆီယံပေါင်းစပ် ဆက် သွယ်မှုမဟာစီမံကိန်း ၂၀၂၅ ဒုတိယအကြိမ်အလုပ်ရုံဆွေးနွေးပွဲ **(2nd Workshop on the Implementation of Master Plan on ASEAN Connectivity,MPAC,2025)** အစည်းအဝေးများသို့ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား) ညွှန်ကြားရေးမှူးဦးဆောင်၍ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ၏ **MPAC** အကောင်အထည် ဖော်မှုအခြေအနေများနှင့် စိန်ခေါ်မှုများကို ပါဝင်ဆွေးနွေးခဲ့ပါသည်။



**(၆) ကြိမ်မြောက် အာဆီယံ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် အဆင့်မြှင့်တင်ခြင်းဆိုင်ရာ ကုန်သွယ်မှု ညှိနှိုင်းရေးကော်မတီ အစည်းအဝေး ကျင်းပခြင်း**

(၆) ကြိမ်မြောက် အာဆီယံကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် အဆင့်မြှင့်တင်ခြင်းဆိုင်ရာ ကုန်သွယ်မှု ညှိနှိုင်းရေးကော်မတီ အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့မှ ၆ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့၌ ကျင်းပခဲ့ရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်စောကလျာစုနှင့် အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးရှိ တွဲဖက်အရာရှိဒေါ်ဟေမာန်ခိုင်ဝင်းတို့ပါဝင်တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် စင်ကာပူနိုင်ငံ၊ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၊ အာဆီယံဌာနခွဲမှ ညွှန်ကြားရေးမှူး၊ အာဆီယံအဆင့်မြင့်စီးပွားရေးအရာရှိဖြစ်သူ Ms. Alpana Roy က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကုန်သွယ်မှုညှိနှိုင်းရေး ကော်မတီခေါင်းဆောင်များ၊အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ ကြပါသည်။

အစည်းအဝေးတွင် အာဆီယံကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် အဆင့်မြှင့်တင်ရာ၌ အသစ်ထည့်သွင်းမည့် နယ်ပယ်များနှင့် ပြင်ဆင်ထည့်သွင်းမည့် နယ်ပယ်များအပေါ် ဆက်လက်ဆွေးနွေးခြင်း၊ ကုန်သွယ်မှုညှိနှိုင်းရေးကော်မတီအောက်ရှိ လုပ်ငန်းအဖွဲ့များမှ တင်ပြမည့်ကိစ္စရပ်များအပေါ် ဆွေးနွေးလမ်းညွှန်မှုများ ဆောင်ရွက်ခြင်းနှင့် အာဆီယံကုန်စည် ကုန်သွယ်ရေး သဘောတူစာချုပ်အဆင့် မြှင့်တင်ရေးဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများ ဆောင်ရွက်ရေး လုပ်ငန်းအစီအစဉ်အပေါ် ဆွေးနွေးညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။




## ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ကုန်စည်ကုန်သွယ်ရေးကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကျင်းပခြင်း

ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ကုန်စည်ကုန်သွယ်ရေးကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် ဗွီဒီယို ကွန်ဖရင့်စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံ၏ RCEPကုန်စည်ကုန်သွယ်ရေးကော်မတီခေါင်းဆောင်ဖြစ်သူ ဒေါ်နှင်းအေးနု ပါဝင်တက်ရောက်ခဲ့သည်။အစည်းအဝေး တွင် စင်ကာပူနိုင်ငံ၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ အာဆီယံဌာနခွဲ၊ ဒုတိယညွှန်ကြားရေးမှူးဖြစ်သူ Mr. Goh Keng Phang နှင့် ဂျပန်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးဖြစ်သူ Mr. Ueno Yudai တို့က ပူးတွဲ သဘာပတိအဖြစ်ဆောင်ရွက်ခဲ့ပြီးအစည်းအဝေးသို့ဘရူနိုင်း နိုင်ငံမှလွဲ၍ ကျန်အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံ လွတ်လပ်သော ကုန်သွယ်မှု မိတ်ဖက်နိုင်ငံများဖြစ်သည့် ဩစတြေးလျ၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ နယူးဇီလန် နိုင်ငံနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP) ကုန်စည်ကုန်သွယ်ရေး ကော်မတီ၏ လုပ်ထုံးလုပ်နည်းဆိုင်ရာ စည်းမျဉ်းများ၊ RCEP သဘောတူ စာချုပ်အောက်ရှိ အကောက်ခွန် လျှော့ချမှုဇယားများ ချိတ်ဆက်ကူးပြောင်းမှုနှင့် အကောင် အထည်ဖော်မှု၊ ကော်မတီ၏ လုပ်ငန်းအစီအစဉ် (၂၀၂၃-၂၀၂၄) စသည့် ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေး နွေးခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် အစည်းအဝေးတွင်RCEP သဘော တူစာချုပ်အောက်ရှိ အကောက်ခွန် လျှော့ချမှုဇယားများ ချိတ်ဆက်ကူးပြောင်းမှုနှင့် အကောင်အထည်ဖော်မှု အခြေ အနေကို ဆွေးနွေးခဲ့ပြီး အကောက်ခွန်လျှော့ချမှုဇယား (၂၀၁၇) အပေါ် အဖွဲ့ဝင်နိုင်ငံများက စိစစ်အတည်ပြုမှု ပြီးစီးပါက တရားဝင်အသိပေးအကြောင်းကြားစာ (Legal Enactment – LE) ကို ထုတ်ပြန် သွားမည်ဖြစ်ပြီး အကောက်ခွန် လျှော့ချမှုဇယားကို အကောက်ခွန်စည်းဝါး ညီစနစ် ၂၀၁၇ မှ ၂၀၂၂ သို့ ချိတ်ဆက်ကူးပြောင်းမှုကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အကောက် ခွန်လျှော့ချမှုဇယား (၂၀၂၂) အပေါ် စိစစ်အတည်ပြုမှု ပြီးစီးပါက ယင်းအတွက် တရားဝင်အသိပေး အကြောင်း ကြားစာ ထပ်မံထုတ်ပြန်မည်ဖြစ်ကြောင်းဆွေးနွေးခဲ့သည်။

အစည်းအဝေးသို့ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီး ဌာန၊ ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု ဌာနခွဲမှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့သည်။



# ပြည်တွင်း/ ပြည်ပ
# စီးပွားရေးသတင်းကဏ္ဍ

## ဒီဂျစ်တယ်နည်းပညာဖြင့် အသွင်ကူးပြောင်းဆောင်ရွက်နိုင်ရေး အာဆီယံနိုင်ငံများရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးပေးရန် အရေးပါမှု

အာဆီယံနိုင်ငံများသည် ၂၀၃၀ ပြည့်နှစ်တွင် စတုတ္ထမြောက် ကမ္ဘာ့အကြီးဆုံးစီးပွားရေးကို ဆောင်ရွက်နိုင်သည့် အဖွဲ့ဖြစ်လာစေရန် ကဏ္ဍစုံ၌ ဒီဂျစ်တယ်နည်းပညာကို အသွင်ကူးပြောင်း ဆောင်ရွက်လျက်ရှိပါသည်။ အာဆီယံအနေဖြင့် ဒီဂျစ်တယ်စီးပွားရေးတိုးတက်မှုကို ၂၀၁၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၁ ဘီလီယံမှ ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၉၇ ဘီလီယမ်အထိရရှိရေး မျှော်မှန်းထားပါသည်။

ဒီဂျစ်တယ်စနစ် အသွင်ကူးပြောင်း ဆောင်ရွက်ရာတွင် မိုဘိုင်းဖုန်းမှတဆင့် အင်တာနက်အလွယ်တကူ ချိတ်ဆက်ရယူနိုင်ပြီးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုအတွက် ဒီဂျစ်တယ်ဆိုင်ရာ အခြေခံအဆောက်အဦကို ဦးစွာတည်ဆောက်ရမည်ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းများကို မိုဘိုင်းဖုန်းမှတဆင့် ထိုးဖောက်ဝင်ရောက်ရာတွင် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တို့တွင် စင်ကာပူနှင့် ဘရူနိုင်း၌ လူဦးရေအယောက် ၁၀၀ လျှင် သုံးစွဲမှုရာခိုင်နှုန်း ၁၀၀ ကျော်အထိဖြစ်ခဲ့ပြီး၊ အလားတူ မလေးရှားနှင့် ထိုင်း၌ အဆိုပါ ပမာဏအတိုင်းဖြစ်ခဲ့ပါသည်။ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ မြန်မာနှင့် လာအိုတို့သည်လည်း သုံးစွဲမှုအားဖြင့် ၅၀% အထိ တိုးတက်လာခဲ့ပါသည်။

ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာရေး အရှိန်မြှင့်တင်ဆောင်ရွက်ရာတွင် အဓိကမဏ္ဍိုင်ဖြစ်သည့်အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အာဆီယံအနေဖြင့် အသေအချာဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအနေဖြင့် ဒီဂျစ်တယ် နည်းပညာ အသုံးပြုဆောင်ရွက်နိုင်ရန်မှာ သက်ဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများ၏ အထောက်အပံ့ရရှိမှုနှင့် အသုံးပြုမည့် နည်းလမ်းသတ်မှတ်ထားရန် လိုအပ်ပါသည်။

အာဆီယံနိုင်ငံများလိုက်ပါဆောင်ရွက်ရမည့် ဒီဂျစ်တယ် စီးပွားရေးဆိုင်ရာမူဘောင် သဘောတူညီချက်အရ အဖွဲ့ဝင်နိုင်ငံများသည် ပွင့်လင်းမြင်သာသော၊ လုံခြုံမှုရှိသော၊ အပြန်အလှန်ချိတ်ဆက် ဆောင်ရွက်နိုင်သော၊ ယှဉ်ပြိုင်နိုင်စွမ်းရှိသော ဒေသတွင်းအဆင့် ဒီဂျစ်တယ်စီးပွားရေး အဖြစ်ပေါ်ထွန်းလာစေရန်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ပထမအဆင့်အနေဖြင့် သက်ဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများသည်အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းရှင်များကို ဒီဂျစ်တယ်နည်းပညာနှင့်ရင်းနှီးမှုရရှိစေရန်ဆောင်ရွက်ခြင်း၊ ဒီဂျစ်တယ်ဆိုင်ရာ အသုံးပြုရမည့် နည်းလမ်းများကို အခြေခံလျက်မျှတသည့် ယှဉ်ပြိုင်မှုများ ပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ နောက်တစ်ဆင့်အနေဖြင့် သက်ဆိုင်ရာ ဒေသများတွင် ဒီဂျစ်တယ် နည်းလမ်းဖန်တီးသူများနှင့် ဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်း၊ ဒီဂျစ်တယ်ဆိုင်ရာ စည်းမျဉ်းမူဘောင် တစ်ခုချမှတ်ခြင်းတို့ကို ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ပြည်တွင်းထုတ်ကုန်ပစ္စည်းများကို အဆင့်အတန်းမြင့်မားစွာဖြင့် ပြည်ပသို့ ထုတ်လုပ်တင်ပို့နိုင်ရေးကို ဦးစွာအလေး ထားဆောင်ရွက်ရမည်ဖြစ်ပါသည်။ အဖွဲ့ဝင်နိုင်ငံများ၏ လုပ်ငန်းရှင်များအပေါ် ထိရောက်သော အကာအကွယ်ပေးမှုများ ပြုလုပ်နိုင်မည့် မူဝါဒများချမှတ်ခြင်းနှင့် ဒီဂျစ်တယ် ပလက်ဖောင်းများပေါ်မှတဆင့် နိုင်ငံတကာ ဈေးကွက်ရှာဖွေနိုင်ရေး စီစဉ်ပေးရမည်ဖြစ်ပါသည်။

ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများမှတဆင့် ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးတိုးတက် ရရှိလာသည်ကို တွေ့ရှိရပါသည်။ ကနဦးရင်းနှီးမြှုပ်နှံမှုအနေဖြင့် အသုံးပြုမည့် ဘတ်ဂျက်များလျာထားခြင်း၊ ဈေးကွက်ထိုးဖောက် ဝင်ရောက်နိုင်မည့် ဆိုရှယ်မီဒီယာများ ဖန်တီးခြင်း၊ ထုတ်ကုန်အမည်များကို လူသိများစေရန် ဆောင်ရွက်ပြီး တစ်ဖက်တွင်လည်း ဒီဂျစ်တယ်ဆိုင်ရာ အခြေခံအဆောက်အအုံနှင့် အီလက်ထရောနစ်စနစ်အသုံးပြု ကူးသန်းရောင်းဝယ်ခြင်းနည်းလမ်းနှင့်စည်းမျဉ်းစည်းကမ်းများ ချမှတ်ခြင်း၊ ဆိုက်ဘာလုံခြုံမှုဆိုင်ရာစီမံထားရှိခြင်း၊ ဒီဂျစ်တယ်နည်းပညာ အသုံးပြုစွမ်းရည်တိုးတက်ရေးဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ခြင်း၊ စွန့်ဦးတီထွင် လုပ်ငန်းရှင်များကို အားပေးထောက်ခံ ပံ့ပိုးကူညီပေးခြင်း ပြုလုပ်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ဒီဂျစ်တယ်နည်းပညာနှင့် အလှမ်းဝေးသည့်အဆင့်တွင်မရှိသဖြင့် အာဆီယံ မူဘောင်သဘောတူညီချက်နှင့်အညီ သက်ဆိုင်ရာနယ်ပယ်အသီးသီးက မိမိတို့

ကဏ္ဍာ အသီးသီး အလိုက်တစိုက်စိုက်မတ်မတ် လိုက်ပါ ဆောင်ရွက်နိုင်ပါက အောင်မြင်မှုရရှိလာမည်ဖြစ်ပါသည်။ လက်ရှိတွင် မြန်မာနိုင်ငံ၌ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ဒီဂျစ်တယ်နည်းပညာ ပိုမိုအသုံးပြု၍ အောင်မြင်မှု ရရှိနိုင်ရေး ပံ့ပိုးဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

Source: https://www.eria.org/uploads/media/Books/2019-October-ERIA-ASEAN-Study-On-MSMEs-Participation. pdf

## OUR WEBSITES:

https//mifer.gov.mm
https//www.dica.gov.mm
https//www.myco.dica.gov.mm
https//doso.dica.gov.mm
https//mohinga.info

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊
ပြည်ထောင်စုဝန်ကြီးရုံးမှ ၃ လ တစ်ကြိမ်ထုတ်ဝေသည်။